# ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ဇူလိုင်လ ၁၆ ရက်တွင် စတင်တည်ထောင်သည်။ Established in 1957


**ကြီးမားသောအကျိုးကိုရနိုင်**

**အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မင်္ဂလာအကျိုးကို ရနိုင်၏။ ထိုသို့ ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။**

လောကဝင်(မမ္မပဒ-၁၇၂)


၁၃၈၃ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၃ ရက်၊ ကြာသပတေးနေ့။ Thursday, 23 September 2021 ၁၀၅၀၅


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



ဘဏ္ဍာရေးဆိုင်ရာကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဘဏ္ဍာရေးဆိုင်ရာ ကော်မရှင်အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၁)တွင် အမှာစကားပြောကြားစဉ်။

# ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါကြောင့် နိုင်ငံတော်၏ စီးပွားရေးကို ထိခိုက်ခဲ့ရပြီး နိုင်ငံရေးအဖျက်အမှောင့်လုပ်ရပ်များကိုလည်း ရင်ဆိုင်ဖြေရှင်းနေရသည့်အတွက် နိုင်ငံတော်၏ ရငွေ၊ သုံးငွေများကို ကောင်းမွန်စွာ စီမံခန့်ခွဲနိုင်ရန် အလွန်အရေးကြီး

## အသုံးစရိတ်များကို ခြိုးခြံချွေတာ၍ စိစစ်သုံးစွဲကြရမည်ဖြစ်ပြီး သုံးသင့်သုံးထိုက်သည့် အသုံးစရိတ်များကိုမူ မဖြစ်မနေသုံးစွဲနိုင်အောင် ဆောင်ရွက်ပေးမည်

**နေပြည်တော် စက်တင်ဘာ ၂၂**

ဘဏ္ဍာရေးဆိုင်ရာ ကော်မရှင်အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၁)ကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ဘဏ္ဍာရေးဆိုင်ရာ ကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ ဘဏ္ဍာရေးဆိုင်ရာကော်မရှင် ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ဘဏ္ဍာရေးဆိုင်ရာကော်မရှင်အတွင်းရေးမှူး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်သီတာဦး၊ ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာကံဇော်နှင့် ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းတို့ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့


**စာမျက်နှာ ၃ ကော်လံ ၁ သို့** ❐





ကြေးမုံ

# ဘဝတိုးတက်ရေးမျှော်မှန်းသည့်အတိုင်းကြိုးပမ်း

မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုမှာ တတိယလှိုင်းဖြစ်ပွားစ အချိန်အခါက ဖြစ်ပွားနှုန်း ၄၀ ရာခိုင်နှုန်းခန့်အထိ ဖြစ်ခဲ့သော်လည်း အုပ်ချုပ်ရေးအဖွဲ့အစည်းများ၏ စီမံခန့်ခွဲဆောင်ရွက်မှု၊ ကျန်းမာရေးဝန်ထမ်းများ၏ ကြိုးစားအားထုတ်မှု၊ ပြည်သူတို့၏ ပူးပေါင်းဆောင်ရွက်မှုများကြောင့် ယခုအခါတွင် ဖြစ်ပွားနှုန်း ၁၀ ရာခိုင်နှုန်းအောက်သို့ တဖြည်းဖြည်း ကျဆင်းလာသည်ကို တွေ့ရသည်။ ရောဂါကူးစက်ဖြစ်ပွားနှုန်း မျှော်မှန်းထားသည့်အတိုင်း အတိုင်းအတာတစ်ခုအထိ လျော့ကျမှသာ ပြည်သူတို့၏လူမှုစီးပွားဘဝ ပုံမှန်အခြေအနေ ရောက်ရှိလာမည်ဖြစ်သည်။

လက်ရှိကာလတွင် ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ ပြည်သူတို့၏ ပူးပေါင်းဆောင်ရွက်မှုမှာ ယခင်နှင့်မတူ သိသိသာသာ လက်တွဲပူးပေါင်းဆောင်ရွက်လာကြသည်ကို တွေ့ရသည်။ အစောပိုင်းကာလများက ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ မမှန်မကန် သွေးထိုးလှုံ့ဆော်မှုများကြောင့် အထူးသဖြင့် ကာကွယ်ဆေးထိုးလုပ်ငန်းများတွင် ရှောင်ဖယ်ခဲ့ကြသည့်အပြင် မသမာသူများက ပြည်သူများကြောက်ရွံ့ထိတ်လန့်အောင် နှောင့်ယှက်ဖျက်ဆီးမှုများကြောင့် ရောဂါကာကွယ်ရေးလုပ်ငန်းဆောင်ရွက်ရေးတွင် အဟန့်အတားများ ဖြစ်ပေါ်ခဲ့သည်။ ယခုအခါတွင် ပြည်သူများမှာ အမှားအမှန်ကို ခွဲခြားသိမြင်လာကြပြီး နိုင်ငံတော်နှင့်အတူ လက်တွဲပူးပေါင်းဆောင်ရွက်လာကြပြီဖြစ်သည်။

ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှု ကျဆင်းလာခြင်းသည် ရောဂါကွင်းဆက်ကို ဖြတ်ချနိုင်သောကြောင့် ဖြစ်သည်။ လူအများထိတွေ့ဆက်ဆံမှုများကို လျှော့ချခြင်း၊ လူဝင်၊ လူထွက်များကို စနစ်တကျစစ်ဆေးခြင်း၊ ရောဂါရှာဖွေစစ်ဆေးမှုများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ခြင်း၊ အသိပညာပေးမှုများကို အလျဉ်မပြတ်ဆောင်ရွက်ပေးခြင်း၊ ပြည်သူများ ရောဂါကာကွယ်ရေးစည်းကမ်းများကို လိုက်နာခြင်းတို့ကြောင့်ဖြစ်သည်။ အထူးသဖြင့် ရုံးပိတ်ရက်ရှည်ကာလများကို တစ်ပတ်ပြီးတစ်ပတ် ခုနစ်ကြိမ်အထိ ပိတ်ပေးထားခြင်းတို့သည် ရောဂါကူးစက်ဖြစ်ပွားနှုန်း တဖြည်းဖြည်းကျဆင်းလာပြီး ထိန်းချုပ်နိုင်သည့်အဆင့်ရောက်ရှိလာခဲ့ပြီဖြစ်သည်။ ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားနှုန်းကို မျှော်မှန်းထားသည့် အတိုင်းအတာတစ်ခုအထိ လျှော့ချနိုင်မှသာလျှင် ပညာရေးအပါအဝင် အခြားဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်နိုင်မည် ဖြစ်သည်။

လက်ရှိအချိန်တွင် ကလေးငယ်များမှာ စာသင်ကျောင်းများနှင့် ဝေးကွာလျက်ရှိသည်။ ကလေးငယ်များမှာ ကျောင်းများပြန်လည်ဖွင့်လှစ်ရေးကို မျှော်လင့်နေကြသည်။ ကျောင်းများမဖွင့်လှစ်နိုင်ခြင်းသည် ကလေးငယ်များ၊ လူငယ်လူရွယ်များအတွက် ဘဝမျှော်လင့်ချက်ကင်းမဲ့လျက်ရှိပြီး လေလွင့်နေသော လူငယ်လူရွယ်များလည်း အမြောက်အမြားရှိသည်။ ကျောင်းမနေနိုင်သည့် ကလေးငယ်များလည်း ရာခိုင်နှုန်းများစွာ ရှိနေဆဲဖြစ်သည်။ ကျောင်းမတက်၊ ပညာမသင်ကြားရသဖြင့် ပြင်ပသို့ရောက်ရှိသွားသော ကလေးသူငယ်လူငယ်လူရွယ်များ၏ ဘဝရှေ့ရေးများစွာထိခိုက်နိုင်သည်။ ထို့ကြောင့် ကျောင်းများ မြန်မြန်ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ကိုဗစ်-၁၉ ရောဂါကို ကာကွယ်၊ ထိန်းချုပ်နိုင်ရေးအရေးကြီးသည်။ ပြည်သူအားလုံးက ကိုဗစ်-၁၉ စည်းကမ်းများကိုလိုက်နာပြီး ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများတွင် အားသွန်ခွန်စိုက် ပါဝင်ဆောင်ရွက်ကြရန် လိုအပ်သည်။ မကြာမီ ကိုဗစ် -၁၉ ရောဂါကို အတိုင်းအတာတစ်ခုအထိ ကာကွယ်၊ ထိန်းချုပ်နိုင်မည်ဖြစ်၍ ပညာရေးအပါအဝင် ကဏ္ဍအားလုံး ပုံမှန်လည်ပတ်နိုင်တော့မည်။

ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ အသက်အရွယ်ကြီးသူများ၊ ရောဂါအခံရှိသူများအနေဖြင့် ပိုမိုဂရုစိုက်ကြရမည်ဖြစ်သည်။ ကိုဗစ်ရောဂါသာမက ရေရှည်တွင် အခြားရောဂါများလည်း မဖြစ်ပွားအောင် ကျန်းမာရေးကို အထူးဂရုစိုက်ကြရမည်ဖြစ်သည်။ ကျန်းမာမှသာ မိမိတို့လုပ်ဆောင်စရာများကို အချိန်ရှိခိုက် လုပ်ဆောင်နိုင်မည်ဖြစ်သည်။ ရောဂါဖြစ်ပွားမှုတွင် တစ်ကမ္ဘာလုံးအတိုင်းအတာအရ လူကြီးများထက်စာလျှင် ကလေးသူငယ် လူငယ်များမှာ ရောဂါကိုခံနိုင်ရည်ရှိကြသည်။ သေဆုံးမှုနည်းပါးကြသည်။ ရောဂါဖြစ်လျှင်လည်း ဆိုးဆိုးရွားရွားမဖြစ်ဘဲ ပြန်လည်ကောင်းမွန်လာတတ်သည်။ ထို့အပြင် ကာကွယ်ဆေးထိုးထားလျှင်လည်း ရောဂါဖြစ်ပွားမှုဒဏ်ကို ငါးဆမျှ ခံနိုင်ရည်ရှိကြသည်။ ထို့ကြောင့် ရောဂါကာကွယ်ရေးနှင့် ကလေးသူငယ်လူငယ်လူရွယ်များ ပညာသင်ကြားရေးတို့ကို လျင်လျင်မြန်မြန် ဆောင်ရွက်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ လူမှုဘဝ မျှော်လင့်ချက်များ မဆုံးရှုံးစေရေးအတွက် ရောဂါကာကွယ်၊ ထိန်းချုပ်ရေးကို အလေးထားလုပ်ဆောင်၍ ကဏ္ဍအလိုက် ပုံမှန်ပြန်လည် လည်ပတ်အောင် ဝိုင်းဝန်းလက်တွဲ ဆောင်ရွက်ကြရမည်ဖြစ်သည်။ အထူးသဖြင့် နိုင်ငံအနာဂတ်၊ ပိုမိုကျယ်ပြန့်သော ပညာရေးကဏ္ဍ ပြန်လည်အသက်ဝင်လာအောင် ကျန်းမာရေးစည်းကမ်းများ၊ ရောဂါကာကွယ်ရေးနည်းလမ်းများကို အလေးထားလိုက်နာဆောင်ရွက်ပြီး ပြည်သူများ၏ ဘဝတိုးတက်ရေးကို မျှော်မှန်းထားသည့်အတိုင်း အကောင်အထည်ပေါ်ရေး ကြိုးပမ်းလုပ်ဆောင်ရမည်ဖြစ်ပါကြောင်း။ ။




## မအူပင်မြို့၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ်ရေး လှည့်လည်အသိပညာပေး

မအူပင် စက်တင်ဘာ ၂၂

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်တွင် ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသော ညွှန်ကြားချက်များအား ပြည်သူများ တိတိကျကျလိုက်နာဆောင်ရွက်ခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှု မဖြစ်ပေါ်စေရေးအတွက် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြရန် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးတိုးတိုးဝင်း ဦးဆောင်မှုဖြင့် မအူပင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ခရိုင်နှင့် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များပူးပေါင်းပြီး မအူပင်မြို့ပေါ်ရှိရပ်ကွက်များသို့ ယနေ့နံနက် ၁၀ နာရီမှစတင်၍ အသံချဲ့စက်ဖြင့် လှည့်လည်အသိပညာပေးနှိုးဆော်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ ဆက်)



## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၂၂ - ၉ -၂၀၂၁)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၉၀၀ | ၈,၉၀၀ | ၉၅ | ၈၄၅,၅၀၀ |
| MTSH | ၃,၁၀၀ | ၃,၁၀၀ | ၁၅,၅၆၉ | ၄၈,၂၆၃,၉၀၀ |
| MCB | ၇,၈၀၀ | ၇,၈၀၀ | ၀ | ၀ |
| FPB | ၂၀,၅၀၀ | ၂၀,၅၀၀ | ၁၀၉ | ၂,၂၃၄,၅၀၀ |
| TMH | ၂,၇၅၀ | ၂,၇၅၀ | ၉ | ၂၄,၇၅၀ |
| EFR | ၂,၉၀၀ | ၂,၉၀၀ | ၀ | ၀ |
| AMATA | ၄,၉၀၀ | ၅,၀၀၀ | ၇ | ၃၄,၅၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် စက်တင်ဘာ ၂၂

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က)အမေရိကန် | တစ်ဒေါ်လာ | = | ၁၇၅၅.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၂၀၅၈.၈ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၇၁.၃၁ |
| (ဃ)ထိုင်း | တစ်ဘတ် | = | ၅၂.၅၁၃ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၄၁၈.၈၅ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၃.၇၅၀ |
| (ဆ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၂၇၁.၉ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၂၉၈.၁ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၆၀၂.၆ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၄၈.၂၅ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန်စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်းသတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဦး၊ ဒေါ်နေဇာဇာထွန်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယု၊ ဒေါ်နှင်းယုလှိုင်နှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်း - ဦးခိုင်ဝင်း၊ ဦးကျော်သူရနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစည်သူလွင်

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

❒ ရှေ့ဖုံးမှ

ဝန်ကြီးချုပ်များက Video Conferencing စနစ်ဖြင့် ချိတ်ဆက်တက်ရောက်ကြသည်။

ဦးစွာ ဘဏ္ဍာရေးဆိုင်ရာကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အဖွင့်အမှာစကား ပြောကြားရာတွင် ဘဏ္ဍာရေးဆိုင်ရာကော်မရှင်အစည်းအဝေး အမှတ်စဉ် (၁/၂၀၂၁) တွင် ၂၀၂၁ ခုနှစ် အောက်တိုဘာလ ၁ ရက်မှ ၂၀၂၂ ခုနှစ် မတ်လ ၃၁ ရက်အထိ (၆) လအတွက် ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေ ငွေစာရင်းနှင့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းတို့ကို ဆွေးနွေးအတည်ပြုကြရန်ဖြစ်ကြောင်း။

### ဖွဲ့စည်းပေးခဲ့

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ဘဏ္ဍာရေးဆိုင်ရာကော်မရှင်ကို ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၂၆ ရက်နေ့တွင် ဖွဲ့စည်းပေးခဲ့ပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့ကို ၂၀၂၁ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့တွင် ဖွဲ့စည်းခဲ့ပြီးဖြစ်ကြောင်း။

မိမိတို့အနေဖြင့် နိုင်ငံတော်၏ တာဝန်များကို ခေတ္တတာဝန်ယူထိန်းသိမ်းခြင်းဖြစ်သော်လည်း နိုင်ငံတော်အစိုးရတစ်ရပ်အနေဖြင့် ပြည်သူတို့၏လူမှုစီးပွားဘဝများကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် နိုင်ငံတော်၏ မူဝါဒများအဖြစ် ရှေ့လုပ်ငန်းစဉ် (၅) ရပ်နှင့် ဦးတည်ချက် (၉) ရပ်တို့ကို ချမှတ်ထားပြီးဖြစ်ကြောင်း၊ အစိုးရတစ်ရပ်အနေဖြင့် မိမိတို့၏ မူဝါဒများကို အကောင်အထည်ဖော်နိုင်ရန် ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုကိုလည်း ကောင်းမွန်ထိရောက်အောင် ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု (Public Financial Management) စနစ်ဆိုသည်မှာ နိုင်ငံတော်၏ ရငွေများ၊ အခွန်အကောက်စနစ်များ၊ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာအသုံးစရိတ်နှင့် အုပ်ချုပ်ရေးဆိုင်ရာ အသုံးစရိတ်များ၊ ကြွေးမြီစီမံခန့်ခွဲမှုများ စသည်ဖြင့် စုပေါင်းပါဝင်သည့်စနစ်ပင် ဖြစ်ကြောင်း။

ထို့ကြောင့် မိမိတို့ချမှတ်ထားသည့် မူဝါဒများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ရငွေများတိုးတက်ရရှိရေးအတွက် ကြိုးပမ်းကြရမည်ဖြစ်ပြီး အသုံးစရိတ်များကိုလည်း ပြည်ထောင်စုနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များသို့ စနစ်တကျခွဲဝေသုံးစွဲသွားကြရန် လိုအပ်ကြောင်း၊ ထိုသို့ ဆောင်ရွက်နိုင်ရန် ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၀၀၊ ပုဒ်မခွဲ (ခ) ပါ နိုင်ငံတော်၏ အမျိုးသားစီမံကိန်း၊ နှစ်စဉ်အရအသုံး ခန့်မှန်းခြေငွေစာရင်းနှင့် အခွန်အကောက်ဆိုင်ရာဥပဒေကြမ်းများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြဋ္ဌာန်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

လယ်ယာစိုက်ပျိုးရေးကို အခြေခံသည့် မိမိတို့နိုင်ငံအနေဖြင့် ဘဏ္ဍာရေးနှစ်သည် ဧပြီလမှ မတ်လအထိ သတ်မှတ်ခြင်းသည် ပိုမိုသင့်လျော်မှုရှိခြင်းကြောင့် ဘဏ္ဍာရေးနှစ်ကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်ကစပြီး ဧပြီလ ၁ ရက်မှ မတ်လ ၃၁ ရက်အထိ ပြောင်းလဲပြင်ဆင်သတ်မှတ်သွားမည်ဖြစ်သည့်အတွက် ကူးပြောင်းချိန်အဖြစ် ၂၀၂၂ ခုနှစ် မတ်လ ၃၁ ရက်အထိ (၆) လတာကာလအတွက် ဌာန၊ အဖွဲ့အစည်းများ၏ အရအသုံးခန့်မှန်းခြေငွေစာရင်းကို ရေးဆွဲဆောင်ရွက်ရခြင်းဖြစ်ကြောင်း။

### အခွန်ဝင်ငွေများ ကျဆင်းခဲ့ရ

လက်ရှိကာလသည် ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါကြောင့် နိုင်ငံတော်၏ စီးပွားရေးကို ထိခိုက်ခဲ့ရပြီး နိုင်ငံရေးအဖျက်အမှောင့်လုပ်ရပ်များကိုလည်း ရင်ဆိုင်ဖြေရှင်းနေရသည့်အတွက် နိုင်ငံတော်၏ ရငွေ၊ သုံးငွေများကို ကောင်းမွန်စွာ စီမံခန့်ခွဲနိုင်ရန် အလွန်အရေးကြီးကြောင်း၊ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် အခွန်အကောက်ရငွေများ၊ အခြားရငွေများကို ကင်းလွတ်ခွင့်ပြုခြင်း၊ ရွှေ့ဆိုင်းပေးခြင်း အစရှိသည့် ဖြေလျှော့ပေးခဲ့ရမှုများကြောင့် အခွန်ဝင်ငွေများ ကျဆင်းခဲ့ရသကဲ့သို့ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ၏ ဝင်ငွေလည်း ကျဆင်းခဲ့ကြောင်း၊ မိမိတို့အနေဖြင့် အသုံးစရိတ်များကို ခြိုးခြံချွေတာ၍ စိစစ်သုံးစွဲကြရမည်ဖြစ်ပြီး သုံးသင့်သုံးထိုက်သည့် အသုံးစရိတ်များကိုမူ မဖြစ်မနေသုံးစွဲနိုင်အောင် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း။



ဘဏ္ဍာရေးဆိုင်ရာကော်မရှင် ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဆွေးနွေးပြောကြားစဉ်။

ငွေလုံးငွေရင်းအသုံးစရိတ်များ သုံးစွဲရာတွင် အမျိုးသားစီမံကိန်း ဥပဒေနှင့်အညီ (၆)လတာကာလအတွင်း ပြီးစီးနိုင်မည့် ဆောင်ရွက်ဆဲ တည်ဆောက်ရေးလုပ်ငန်းများ၊ လုပ်ငန်းသစ်များ၊ မဖြစ်မနေလိုအပ်သည့် ပစ္စည်းဝယ်ယူခြင်းများကို ထိထိရောက်ရောက်ဖြစ်အောင် သုံးစွဲကြရန်လိုကြောင်း၊ (၆) လတာကာလအတွက်သာဖြစ်သဖြင့် ရန်ပုံငွေသုံးစွဲနိုင်မည့်အချိန်ကိုလည်း သတိပြုကြရမည်ဖြစ်ကြောင်း၊ ထို့အပြင် ပြည်တွင်းကျပ်ငွေဖြင့် ဝယ်ယူနိုင်သည့် ပစ္စည်းများကို ပြည်တွင်းကျပ်ငွေဖြင့်သာ ဝယ်ယူပြီး နိုင်ငံခြားသုံးငွေသုံးစွဲမှုကို တတ်နိုင်သမျှ လျှော့ချရန်မှာကြားလိုကြောင်း။

### ဦးစားပေး ထိထိရောက်ရောက်သုံးစွဲ

တိုင်းဒေသကြီး၊ ပြည်နယ်များအနေဖြင့် အုပ်ချုပ်ရေးဆိုင်ရာ အသုံးစရိတ်များထက် ပြည်သူကို တိုက်ရိုက်အကျိုးပြုနိုင်မည့် လမ်း၊ ရေ၊ လျှပ်စစ်မီးအသုံးစရိတ်များ၊ ကုန်ထုတ်လုပ်မှုအသုံးစရိတ်များ၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာ အသုံးစရိတ်များ၊ လူမှုကာကွယ်စောင့်ရှောက်ရေး အသုံးစရိတ်များကို ဦးစားပေးပြီး ထိထိရောက်ရောက် သုံးစွဲကြစေလိုကြောင်း။

**မိမိတို့နိုင်ငံသည် ဒီမိုကရေစီနိုင်ငံဖြစ်သော်လည်း အစိုးရတာဝန်ယူရသည့်ကဏ္ဍများ များပြားကြောင်း၊ အခွန်ပေးဆောင်ရန်အတွက် ထုတ်လုပ်သူများအနေဖြင့် တာဝန်သိရန်လိုအပ်ကြောင်း၊ ကြွေးမြီသက်သာခွင့်နှင့်စပ်လျဉ်း၍ ကိုဗစ်-၁၉ ကပ်ရောဂါကို အကြောင်းပြု၍ ရှောင်ရှားနေသူများရှိကြောင်း၊ အခွန်ငွေရရှိမှု လျာထားရာတွင် အမှန်တကယ် ရရှိနိုင်မည့်လမ်းကြောင်းများကို သိရှိရန်လိုအပ်ကြောင်း၊ သက်ဆိုင်ရာဌာနများအနေဖြင့် အခွန်ရငွေနှင့် အခွန်နှုန်းများကို ခေတ်ကာလနှင့်လျော်ညီအောင် ပြန်လည်စိစစ်ရန် လိုအပ်ကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းသည် ပြည်သူလူထုကို ဝန်ထုပ်ဝန်ပိုးဖြစ်စေလို၍ မဟုတ်ဘဲ ပြည်သူအပေါ် ဝန်ဆောင်မှုဆောင်ရွက်နိုင်ရန်အတွက် ရသင့်ရထိုက်သည့် အခွန်ငွေများ ရရှိရန်သာဖြစ်**

ဌာန၊ အဖွဲ့အစည်းများအနေဖြင့် (၆)လတာ ကာလအတွင်း ထိထိရောက်ရောက် အကျိုးရှိရှိသုံးစွဲနိုင်မည့် အသုံးစရိတ်များကိုသာ ဘဏ္ဍာငွေ အလေအလွင့် မရှိစေဘဲ ကျစ်ကျစ်လျစ်လျစ် သုံးစွဲကြရန်မှာကြားလိုကြောင်း၊ ထိုသို့ဆောင်ရွက်သည့်အခါတွင် နိုင်ငံတော်၏ ဘဏ္ဍာရေးမူဝါဒ၊ စီမံကိန်းမူဝါဒ၊ ကုန်သွယ်ရေးမူဝါဒ၊ ရင်းနှီးမြှုပ်နှံမှု မူဝါဒအစရှိသည့် မူဝါဒများနှင့်အညီ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများက အကောင်အထည်ဖော်ဆောင်ရွက်ကြရန်နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များကလည်း ဒေသန္တရစီမံကိန်းများဖြင့် အထောက်အကူပြုဆောင်ရွက်ပေးကြရန် လိုအပ်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဘဏ္ဍာရေးဆိုင်ရာကော်မရှင် ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ်က ပြည်ထောင်စုအဆင့်ဝန်ကြီးဌာန၊ အဖွဲ့အစည်းများမှ တင်ပြလာသော အရအသုံးခန့်မှန်းခြေငွေစာရင်းများနှင့် ဆောက်လုပ်ရေးလုပ်ငန်း စိစစ်ညှိနှိုင်းရေးအဖွဲ့၊ စက်ပစ္စည်းကြီးကြပ်မှုကော်မတီ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာနတို့မှ ငွေလုံးငွေရင်းအသုံးစရိတ်များကို အသေးစိတ်စိစစ်ခဲ့မှုအခြေအနေများ၊ ပြည်ထောင်စုအဆင့် ဌာန၊ အဖွဲ့အစည်းများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့တို့မှ တာဝန်ရှိသူများနှင့် ချိတ်ဆက်တွေ့ဆုံပြီး ဘဏ္ဍာငွေအရအသုံး လျာထားချက်များ စိစစ်ခဲ့မှု၊ ယခင် ခန့်မှန်းခြေစာရင်းများအပေါ် အခြေခံ၍ ယခု (၆)လအတွက် လျာထားသည့် ရငွေ၊ သုံးငွေများကို စိစစ်ခဲ့မှုအခြေအနေများ၊ ယာယီရပ်ဆိုင်းထားသော နိုင်ငံပိုင်စက်ရုံများကို မူဝါဒနှင့်အညီ ပြန်လည်

**ငွေလုံးငွေရင်းအသုံးစရိတ်များ သုံးစွဲရာတွင် အမျိုးသားစီမံကိန်း ဥပဒေနှင့်အညီ (၆)လတာကာလအတွင်း ပြီးစီးနိုင်မည့် ဆောင်ရွက်ဆဲ တည်ဆောက်ရေးလုပ်ငန်းများ၊ လုပ်ငန်းသစ်များ၊ မဖြစ်မနေလိုအပ်သည့် ပစ္စည်းဝယ်ယူခြင်းများကို ထိထိရောက်ရောက်ဖြစ်အောင် သုံးစွဲကြရန်လိုကြောင်း၊ (၆)လတာကာလအတွက်သာဖြစ်သဖြင့် ရန်ပုံငွေသုံးစွဲနိုင်မည့်အချိန်ကိုလည်း သတိပြုကြရမည်ဖြစ်ကြောင်း၊ ထို့အပြင် ပြည်တွင်းကျပ်ငွေဖြင့် ဝယ်ယူနိုင်သည့် ပစ္စည်းများကို ပြည်တွင်းကျပ်ငွေဖြင့်သာ ဝယ်ယူပြီး နိုင်ငံခြားသုံးငွေ သုံးစွဲမှုကို တတ်နိုင်သမျှ လျှော့ချ**

လည်ပတ်နိုင်ရေးအတွက် အသုံးစရိတ်များ လျာထားပေးခဲ့မှုအခြေအနေများ၊ သဘာဝ ဘေးအန္တရာယ်ကာကွယ်ရေး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် အရေးပေါ်ရန်ပုံငွေ လျာထားပေးခဲ့မှုအခြေအနေများ၊ ပြည်သူများ၏ လိုအပ်ချက်များကို ပိုမိုဖြည့်ဆည်းပေးနိုင်ရန် တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ထောက်ပံ့ငွေများ တစ်နှစ်ထက်တစ်နှစ် ပိုမိုထောက်ပံ့ပေးနိုင်ခဲ့မှုနှင့် ယခု (၆) လအတွက် ဘဏ္ဍာငွေ အရအသုံးခန့်မှန်းခြေ ငွေစာရင်းအချုပ် အခြေအနေများကို ဆွေးနွေးပြောကြားသည်။

ယင်းနောက် ဘဏ္ဍာရေးဆိုင်ရာကော်မရှင် အတွင်းရေးမှူး၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ၂၀၂၁ ခုနှစ် အောက်တိုဘာလမှ ၂၀၂၂ ခုနှစ် မတ်လအထိ (၆)လအတွက် ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်းနှင့် ၂၀၂၁ ခုနှစ် အောက်တိုဘာလမှ ၂၀၂၂ ခုနှစ် မတ်လအထိ (၆)လအတွက် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာကံဇော်က ပြည်ထောင်စုအဆင့်ဌာန၊ အဖွဲ့အစည်းများ၏ ဘဏ္ဍာငွေအရအသုံး ခန့်မှန်းခြေငွေစာရင်းများနှင့် စပ်လျဉ်း၍ စစ်ဆေးတွေ့ရှိချက်များအရ အနာဂတ်ကာလတွင် ဆောင်ရွက်သင့်သည့်အချက်များကို အကြံပြုဆွေးနွေးတင်ပြသည်။

### အဓိကဆောင်ရွက်ရ

ယင်းနောက် ဘဏ္ဍာရေးဆိုင်ရာကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ အစိုးရတစ်ရပ်အနေဖြင့် တိုင်းပြည်သာယာဝပြောရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို အဓိကဆောင်ရွက်ရကြောင်း၊ တစ်ဖက်ကလည်း ကုန်ထုတ်လုပ်မှုတိုးတက်ရေးနှင့် ဖွံ့ဖြိုးရေးအပိုင်းကို ဆောင်ရွက်ရကြောင်း၊ ငွေကြေးကိစ္စနှင့်စပ်လျဉ်း၍ ဝင်ငွေရှာဖွေရာတွင် ပြည်ထောင်စု၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် ထုတ်ကုန်တိုးတက်မြင့်မားရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ ကုန်ထုတ်လုပ်မှု တိုးတက်ပြီး ပြည်သူများဝင်ငွေရရှိမှသာ အခွန်ငွေပြည့်ပြည့်ဝဝ ရရှိမည်ဖြစ်ကြောင်း။

စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ငွေကြေးလည်ပတ်မှုရှိရန် လိုအပ်ကြောင်း၊ ရငွေသုံးစွဲမှုအပိုင်းတွင် စီးပွားရေးတိုးတက်မှုနှင့် လူမှုရေးတိုးတက်မှုလုပ်ငန်းများအတွက် အဓိကသုံးစွဲရကြောင်း၊ မိမိတို့နိုင်ငံသည် ဒီမိုကရေစီနိုင်ငံဖြစ်သော်လည်း အစိုးရတာဝန်ယူရသည့် ကဏ္ဍများ များပြားကြောင်း၊ အခွန်ပေးဆောင်ရန်အတွက် ထုတ်လုပ်သူများအနေဖြင့် တာဝန်သိရန်လိုအပ်ကြောင်း၊ ကြွေးမြီသက်သာခွင့်နှင့် စပ်လျဉ်း၍ ကိုဗစ်-၁၉ ကပ်ရောဂါကို အကြောင်းပြု၍ ရှောင်ရှားနေသူများရှိကြောင်း၊ အခွန်ငွေရရှိမှု လျာထားရာတွင် အမှန်တကယ် ရရှိနိုင်မည့်လမ်းကြောင်းများကို သိရှိရန်လိုအပ်ကြောင်း၊ သက်ဆိုင်ရာဌာနများအနေဖြင့် အခွန်ရငွေနှင့် အခွန်နှုန်းများကို ခေတ်ကာလနှင့်လျော်ညီအောင် ပြန်လည်စိစစ်ရန် လိုအပ်ကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းသည် ပြည်သူလူထုကို ဝန်ထုပ်ဝန်ပိုးဖြစ်စေလို၍ မဟုတ်ဘဲ ပြည်သူအပေါ် ဝန်ဆောင်မှုဆောင်ရွက်နိုင်ရန်အတွက် ရသင့်ရထိုက်သည့် အခွန်ငွေများ ရရှိရန်သာဖြစ်ကြောင်း။

တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် ခွင့်ပြုရန်ပုံငွေများကို ပြည်သူလူထုအတွက် အသုံးပြုရန်လိုအပ်ကြောင်း၊ မိမိတို့သည် နိုင်ငံရေးအစိုးရမဟုတ်သော်လည်း ပကာသနကိုလျှော့ချကာ တိုင်းပြည်အတွက် လက်တွေ့အကျိုးရှိပြီး ပြည်သူလူထုကို တိုက်ရိုက်အကျိုးပြုမည့်လုပ်ငန်းများကို ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ မိမိတို့ဆောင်ရွက်မှုများသည် အစိုးရချမ်းသာရန်မဟုတ်ဘဲ တိုင်းပြည်ချမ်းသာရန်အတွက် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း။ စာမျက်နှာ ၅ သို့ ❒

# ယခု (၆) လ အမျိုးသားစီမံကိန်းသည် နိုင်ငံ၏စီးပွားရေးနှင့် လူမှုရေးလုပ်ငန်းများ ပြန်လည်ရှင်သန်ပြီး ပြည်သူတို့၏ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုရန် ရည်ရွယ်

## ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်၊ အောက်တိုဘာလမှ မတ်လထိ (၆)လအတွင်း စီမံကိန်းပါ ရည်မှန်းချက်များ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်



အမျိုးသားစီမံကိန်းကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အမျိုးသားစီမံကိန်းကော်မရှင် အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၁)တွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် စက်တင်ဘာ ၂၂**

အမျိုးသားစီမံကိန်းကော်မရှင် အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၁)ကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ အမျိုးသားစီမံကိန်းကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

### တက်ရောက်

အစည်းအဝေးသို့ အမျိုးသားစီမံကိန်းကော်မရှင် ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်၊ ဦးဝဏ္ဏမောင်လွင်၊ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ဦးချစ်နိုင်၊ ဦးဝင်းရှိန်၊ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးအောင်နိုင်ဦး၊ ဦးကိုကိုလှိုင်၊ ဒေါက်တာဒေါ်သီတာဦး၊ ဦးမောင်မောင်အုန်း၊ ဦးကိုကို၊ ဦးလှမိုး၊ ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဦးခင်မောင်ရီ၊ ဦးအောင်သန်းဦး၊ ဒေါက်တာချာလီသန်း၊ ဦးခင်ရီ၊ ဒေါက်တာပွင့်ဆန်း၊ ဒေါက်တာမျိုးသိန်းကျော်၊ ဒေါက်တာသက်ခိုင်ဝင်း၊ ဦးမင်းသိန်း၊ ဦးရွှေလေး၊ ဒေါက်တာသက်သက်ခိုင်၊ ဒေါက်တာ ငွေးအောင်၊ ဦးစောထွန်းအောင်မြင့်နှင့် ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာ ကံဇော်တို့ တက်ရောက်ကြပြီး ပြည်ထောင်စု ရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌများက Video Conferencing စနစ်ဖြင့် ချိတ်ဆက် တက်ရောက်ကြသည်။

ဦးစွာ အမျိုးသားစီမံကိန်းကော်မရှင် ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အဖွင့်အမှာစကား ပြောကြားရာတွင် အမျိုးသားစီမံကိန်းကော်မရှင် အစည်းအဝေး အမှတ်စဉ် (၁/၂၀၂၁)တွင် ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်၊ (၆) လ အမျိုးသားစီမံကိန်းဥပဒေကို ပြဋ္ဌာန်းနိုင်ရေးအတွက် ဝန်ကြီးဌာနများမှ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီး၊ ပြည်နယ်များမှ ဝန်ကြီးချုပ်များနှင့် ဆွေးနွေးညှိနှိုင်း အတည်ပြုကြရမည်ဖြစ်ကြောင်း။

ယခင်က ဘဏ္ဍာရေးနှစ်ကိုအောက်တိုဘာလမှ စက်တင်ဘာလထိ သတ်မှတ်ဆောင်ရွက်ခဲ့သော်လည်း ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်ကို ဧပြီလမှ မတ်လအထိ ပြောင်းလဲသတ်မှတ် ဆောင်ရွက်မည်ဖြစ်သည့်အတွက် ၂၀၂၁ ခုနှစ် အောက်တိုဘာလမှ ၂၀၂၂ ခုနှစ် မတ်လအထိ ကြားကာလ (၆) လ အမျိုးသားစီမံကိန်းဥပဒေကိုပြဋ္ဌာန်းနိုင်ရန် ရေးဆွဲဆောင်ရွက်ရခြင်းဖြစ်ပါကြောင်း။

### ကြိုးပမ်းဆောင်ရွက်လျက်ရှိ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် နိုင်ငံတော်၏ တာဝန်အရပ်ရပ်ကို စတင်တာဝန်ယူခဲ့ရခြင်းဖြစ်ပြီး ရှေ့လုပ်ငန်းစဉ် (၅) ရပ်၊ ဦးတည်ချက် (၉)ရပ်တို့ကို မူဝါဒအဖြစ်ချမှတ်၍ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ တစ်ဖက်တွင်လည်း ကိုဗစ်-၁၉ ရောဂါကြောင့် ကျဆင်းနေသည့် နိုင်ငံတော်၏ စီးပွားရေးအခြေအနေကို ပြန်လည်ဦးမော့ပြီး သွက်လက်မြန်ဆန်လာစေရေးအတွက် အတတ်နိုင်ဆုံး အထူးအလေးထား ဆောင်ရွက်ပေးလျက် ရှိပါကြောင်းနှင့် ဆက်လက်ဆောင်ရွက်ရန် လုပ်ငန်းများစွာ ကျန်ရှိသေးသည်ကို ပြောကြားလိုကြောင်း။

မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံများသည် ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုးမှုပန်းတိုင်များ (Sustainable Development Goals–SDGs) 2015–2030 ကို အကောင်အထည်ဖော်ဆောင်ရွက်ရန် အတည်ပြုခဲ့ကြကြောင်း၊ SDGs ရည်မှန်းချက်များ ပြည့်မီရေးအတွက် ဆောင်ရွက်ရမည့်ကိစ္စရပ်များကိုလည်း ကဏ္ဍအလိုက်နှင့် ဒေသအလိုက် စီမံကိန်းများတွင် ချိတ်ဆက်၍ အကောင်အထည်ဖော်နိုင်ရေးကို ဆောင်ရွက်သွားကြရန်လိုကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် SDGs အကောင်အထည်ဖော် ဆောင်ရွက်မှုနှင့်ပတ်သက်သည့် အစီရင်ခံစာကို ကုလသမဂ္ဂ စီးပွားရေးနှင့် လူမှုရေးဌာနသို့ အချိန်မီပေးပို့ခဲ့သည်ကို သိရကြောင်း၊ ထို့အပြင် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံ (LDC) အဖြစ်မှ လွတ်မြောက်ရေးအတွက် နိုင်ငံတော်က ဆောင်ရွက်ရမယ့် ကိစ္စရပ်များကိုလည်း ဆောင်ရွက်ခဲ့သကဲ့သို့ LDC နိုင်ငံအဖြစ်မှ လွတ်မြောက်ရေးအတွက် သတ်မှတ်ထားသည့် စံနှုန်းများ ဆက်လက်ပြည့်မီရေးကိုလည်း စီမံကိန်းများ၊ လုပ်ငန်းစဉ်များနှင့် ချိတ်ဆက်အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် လိုအပ်သည်ဟု မှာကြားလိုကြောင်း။

မိမိတို့ အစိုးရအဖွဲ့အနေဖြင့်လည်း ပြည်သူအားလုံး၏ စားဝတ်နေမှုဖူလုံရေး၊ ကျေးလက်ဒေသနှင့် မြို့ပြဖွံ့ဖြိုးမှု ကွာဟချက်ကျဉ်းမြောင်းရေးနှင့် ဆင်းရဲမှု လျှော့ချနိုင်ရေးတို့ကို ဦးစားပေးဆောင်ရွက်လျက်ရှိရာ သက်ဆိုင်ရာကဏ္ဍအလိုက်၊ ဒေသအလိုက် တာဝန်ယူဆောင်ရွက်နေကြသည့် ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် အချိတ်အဆက်မိမိ ပူးပေါင်းဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ မိမိတို့ချမှတ်ထားသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်များကို ကြည့်မည်ဆိုပါက တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံပေါများရေးကို ရှေးရှုဆောင်ရွက်ထားသည်ကိုလည်း တွေ့ရှိနိုင်မည်ဖြစ်ကြောင်း။

### ဖြစ်ပေါ်ခဲ့

မိမိတို့နိုင်ငံ၏ စီးပွားရေးအခြေအနေကို ပြန်လည်သုံးသပ်ရမည်ဆိုပါက ၂၀၂၀ ပြည့်နှစ် မတ်လတွင် စတင်ဖြစ်ပွားခဲ့သည့် ကိုဗစ်-၁၉ ကူးစက်ရောဂါကြောင့် ခရီးသွားလုပ်ငန်း အပါအဝင် ဝန်ဆောင်မှုလုပ်ငန်းများ၊ အသေးစား၊ အလတ်စားလုပ်ငန်းများနှင့် အချို့သော ကုန်ထုတ်လုပ်မှုလုပ်ငန်းများရပ်ဆိုင်းခြင်း၊ လုပ်ငန်းစွမ်းဆောင်ရည် ကျဆင်းခြင်း ဖြစ်ပေါ်ခဲ့သည့်အတွက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် တတိယ (၃) လပတ်မှစတင်ကာ နိုင်ငံ၏စီးပွားရေး ကျဆင်းမှု ဖြစ်ပေါ်လာခဲ့ပြီး ယခု ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ပထမ (၆) လပတ် အထိ စီးပွားရေးအခြေအနေ ဆက်လက်ကျဆင်းလျက်ရှိသည်ကို သုံးသပ်ပြောကြားလိုကြောင်း၊ ယခု (၆) လ အမျိုးသားစီမံကိန်းသည် နိုင်ငံ၏ စီးပွားရေးနှင့် လူမှုရေးလုပ်ငန်းများ ပြန်လည်ရှင်သန်ပြီး ပြည်သူတို့၏ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုရန် ရည်ရွယ်ပါကြောင်း၊ ထို့ကြောင့် ယခု (၆)လ စီမံကိန်းကာလတွင် ကဏ္ဍအလိုက်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် လျာထားခဲ့သည့် ရည်မှန်းချက်များ ပြည့်မီရေးကို အထူးကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းလိုပြီး ထိုသို့ဆောင်ရွက်မှသာလျှင် ကာလတိုအတွင်း လျင်မြန်ထိရောက်သည့်ရလဒ် (Quick Win)ကို ရရှိမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံသည် လယ်ယာစိုက်ပျိုးရေးကို အခြေခံသည့်နိုင်ငံဖြစ်ပြီး ကျေးလက်နေ ပြည်သူများသည် စိုက်ပျိုးမွေးမြူရေးကို အသက်မွေးဝမ်းကျောင်းလုပ်ငန်းအဖြစ် လုပ်ကိုင်ကြသူများ ဖြစ်ကြကြောင်း၊ ၎င်းတို့ ဝင်ငွေရရှိရေးအတွက် အထောက်အကူဖြစ်စေရန် လိုအပ်သည့် သွင်းအားစုများ လုံလောက်စွာရရှိရေးနှင့် စိုက်ပျိုးစရိတ်ချေးငွေများရရှိရေးတို့ကို အလေးထား ဆောင်ရွက်ပေးကြရန် မှာကြားလိုပါကြောင်း၊ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် နိုင်ငံတစ်ခုသည် စိုက်ပျိုးရေ လုံလောက်မှု၊ ဓာတ်မြေဩဇာနှင့် အထွက်ကောင်းသည့် မျိုးများရရှိနိုင်မှု၊ တိရစ္ဆာန်အစားအစာရရှိမှု၊ပိုးသတ်ဆေးများ၊ ကာကွယ်ကုသဆေးများ မဖြစ်မနေလိုအပ်ချက်ရှိသည်ကို နားလည်ပြီး လိုအပ်ချက်များ ပြည့်စုံစေရေးအတွက် စီမံချက်ချ ဆောင်ရွက်ပေးရမည် ဖြစ်ကြောင်း၊ ထို့အပြင် ရာသီဥတုနှင့် လိုက်လျောညီထွေမှုရှိသည့် ဈေးကွက်ဝင် သီးနှံများ

စာမျက်နှာ ၅ သို့

❖ **ကိုဗစ်-၁၉ ရောဂါကြောင့် ကျဆင်းနေသည့် နိုင်ငံတော်၏ စီးပွားရေးအခြေအနေကို ပြန်လည်ဦးမော့ပြီး သွက်လက်မြန်ဆန်လာစေရေးအတွက် အတတ်နိုင်ဆုံး အထူးအလေးထားဆောင်ရွက်ပေးလျက်ရှိ**

❖ **မိမိတို့ချမှတ်ထားသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်များကို ကြည့်မည်ဆိုပါက တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံပေါများရေးကို ရှေးရှုဆောင်ရွက်ထားသည်ကိုလည်း တွေ့ရှိနိုင်မည်**

● စာမျက်နှာ ၄ မှ
စိုက်ပျိုးထုတ်လုပ်နိုင်ရေး၊ ခေတ်မီကောင်းမွန်သည့် စိုက်ပျိုးရေး နည်းစနစ်များနှင့် နည်းပညာများ၊ စက်ယန္တရားများ၊ သီးနှံပိုးမွှားအန္တရာယ် ကာကွယ်ရေး အစီအစဉ်များ၊ အဆင့်မြင့်လယ်ယာ အကောင်အထည်ဖော် နိုင်ရန်အတွက် ကြိုးပမ်းကြရမည်ဖြစ်ပါကြောင်း၊ ထိုသို့ လုပ်ဆောင်နိုင်ရေးအတွက်လည်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အင်ဂျင်နီယာပညာရှင်များ၊ ကျွမ်းကျင်သူများကိုလည်း အဆက်မပြတ် မွေးထုတ်ပေးနိုင်ရမည်ဖြစ်ကြောင်း၊ တစ်ဖက်တွင်လည်း စားနပ်ရိက္ခာ ဘေးကင်းမှုအတွက် ပိုးသတ်ဆေး အလွန်အကျွံသုံးစွဲမှုမရှိစေရေးနှင့် အော်ဂဲနစ် စိုက်ပျိုးမွေးမြူရေး ဖြစ်ထွန်းစေရေးကို နိုင်ငံတကာ စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ရန် လိုပါကြောင်း။

**ဝင်ငွေတိုးတက်ရရှိနိုင်မည်**

မွေးမြူရေးကဏ္ဍတွင်လည်း မွေးမြူရေးဇုန်များ ဖော်ထုတ်ပေးခြင်း၊ မြစ်၊ ချောင်း၊ အင်း၊ အိုင်၊ ဆည်များအတွင်း ငါးသားပေါက်များ စိုက်ထည့်ခြင်း၊ တစ်နိုင်တစ်ပိုင် မွေးမြူရေးလုပ်ငန်းများအတွက် မျိုးကောင်းမျိုးသန့်များ ဖြန့်ဖြူးပေးခြင်း၊ ခေတ်နှင့်လျော်ညီသည့် မွေးမြူရေးစနစ်များဖြစ်စေရေး ကူညီပေးခြင်းနှင့် တိရစ္ဆာန်ရောဂါ ကာကွယ်ကုသရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းစသည်ဖြင့် မွေးမြူရေးထုတ်ကုန်များ တိုးတက်ထုတ်လုပ်နိုင်ပြီး ပြည်ပကို ပိုမိုတင်ပို့ရောင်းချခြင်းဖြင့် နိုင်ငံတော်ဝင်ငွေ တိုးတက်ရရှိနိုင်မည်ဖြစ်ပါကြောင်း။

စီးပွားရေးတိုးတက်အောင်ဆောင်ရွက်ရာတွင် ဆောင်ရွက်နိုင်သည့်အခြေအနေတူညီနိုင်မည်မဟုတ်ကြောင်း၊ အချို့တိုင်းဒေသကြီးနှင့် ပြည်နယ်များအနေဖြင့် စိုက်ပျိုးမွေးမြူရေးကဏ္ဍ အားသာချက်များရှိနိုင်ပြီး အချို့သည် စက်မှုကဏ္ဍနှင့် ဝန်ဆောင်မှုကဏ္ဍတို့တွင် အားသာချက်ရှိနိုင်ပါကြောင်း၊ မိမိတို့ရရှိဆောင်ရွက်နိုင်သည့် အားသာချက် အခြေအနေများအပေါ် အခွင့်အလမ်းအဖြစ် အသုံးချပြီး မိမိတို့ဒေသ၏ စီးပွားရေးကို တိုးတက်လာအောင် ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း။

**ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုး**

ကျေးလက်နေ ပြည်သူများ၏ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များအနေဖြင့် မိမိတို့ဒေသအလိုက် အားသာချက်ရှိသည့် ထုတ်ကုန်များကို ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုး (One Village One Product–OVOP) ထုတ်လုပ်နိုင်ရန် ကြိုးစားကြရန်လိုအပ်ပြီး မိမိတို့ဒေသရှိ အသေးစား၊ အလတ်စားလုပ်ငန်းများနှင့် တစ်နိုင်တစ်ပိုင် မိသားစုလုပ်ငန်းများ ရှင်သန်ဖွံ့ဖြိုးအောင် အားပေးမြှင့်တင်ခြင်းဖြင့် ဝင်ငွေများ တိုးတက်ရရှိစေမည် ဖြစ်ပါကြောင်း။

ပြည်ပတွင် သွားရောက်လုပ်ကိုင်ရာမှ ကိုဗစ်-၁၉ ရောဂါကြောင့် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာသည့် မိမိတို့ ပြည်သူများအတွက် အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးဖော်ဆောင်ပေးပြီး ဝင်ငွေရရှိရေး ဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း၊ ထိုသို့ ဆောင်ရွက်ပေးခြင်းကြောင့် တိုင်းပြည်၏ လုပ်သားအရင်းအမြစ်များ ပြည်ပသို့ရောက်ရှိခြင်း လျော့နည်းသွားမည် ဖြစ်သကဲ့သို့ ပြည်တွင်းရှိ လုပ်ငန်းများကိုလည်း အထောက်အကူ ရရှိစေမည်ဖြစ်ပါကြောင်း၊ ထို့အပြင် ကိုဗစ်-၁၉ ရောဂါကြောင့် ပိတ်ထားရသည့် စက်ရုံ၊ အလုပ်ရုံများ ပြန်လည်ဖွင့်လှစ်နိုင်ရေးနှင့် စက်ရုံများ စွမ်းအားပြည့် လည်ပတ်နိုင်ရေးတို့ကို ကြိုးပမ်းဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း။

ပြည်ပမှ သွင်းကုန်များ တင်သွင်းရခြင်းကြောင့် နိုင်ငံခြားငွေများကို အမြောက်အမြား သုံးစွဲနေရသဖြင့် ပြည်ပသွင်းကုန် အစားထိုးနိုင်ရေးအတွက် ပြည်တွင်းထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်ရေး အားပေးဆောင်ရွက်ကြရန်လိုအပ်ပါကြောင်း၊ မိမိတို့နိုင်ငံသည် ၂၀၁၀ -၂၀၁၁ ခုနှစ်တွင် ဝါစိုက်ပျိုးမှု ဧကရှစ်သိန်းကျော်အထိရှိခဲ့ကြောင်း၊ ဝါအထွက်နှုန်းမကောင်းခြင်းသည် စီးပွားရေးအရတွက်ခြေမကိုက်မှုကို ဖြစ်ပေါ်စေပြီး ဝါစိုက်ပျိုးမှုမှတစ်ဆင့် ပြည်တွင်းချည်ထည်ထုတ်လုပ်မှု supply chain ကို လျော့သွားကြောင်း၊ မြေယာမူဝါဒနှင့်အညီ ဝါစိုက်ဧက ရှစ်သိန်းပြည့်မီအောင် စိုက်ပျိုးပြီး ဝါအထွက်နှုန်း တစ်ဧကလျှင် ပိဿာ ၈၀၀ မှ ပိဿာ ၁၀၀၀ အထိရရှိအောင် ကြိုးစားဆောင်ရွက်နိုင်မည်ဆိုပါက ဝါကိုအခြေခံသည့် ပြည်တွင်းချည်ထည်စက်မှုလုပ်ငန်းများစွာကို ဖွံ့ဖြိုးစေမည်ဖြစ်ပြီး ဝါနှင့် ဝါထွက်ပို့ကုန်များကလည်း ဝင်ငွေများစွာရရှိစေမည်ဖြစ်ကြောင်း၊ အလားတူ စားသုံးဆီနှင့် လောင်စာဆီ မလုံလောက်မှုများကြောင့် တန်ချိန်များစွာကို ဒေါ်လာသန်းပေါင်းများစွာ သုံးစွဲတင်သွင်းနေရသကဲ့သို့ စိုက်ပျိုးရေးအတွက် လိုအပ်သည့် ဓာတ်မြေဩဇာ လိုအပ်ချက်များကိုလည်း ပြည်ပမှ တင်သွင်းနေရပါကြောင်း၊ မိမိတို့တွင် ရေ၊ မြေသဘာဝ အရင်းအမြစ်ကောင်း များစွာရှိပြီး သဘာဝဓာတ်ငွေ့

> ❖ **ကိုဗစ်-၁၉ ရောဂါကြောင့် ပိတ်ထားရသည့် စက်ရုံ၊ အလုပ်ရုံများ ပြန်လည်ဖွင့်လှစ်နိုင်ရေးနှင့် စက်ရုံများ စွမ်းအားပြည့် လည်ပတ်နိုင်ရေးတို့ကို ကြိုးပမ်းဆောင်ရွက်သွားရမည်**
>
> ❖ **ပြည်ပမှ သွင်းကုန်များ တင်သွင်းရခြင်းကြောင့် နိုင်ငံခြားငွေများကို အမြောက်အမြားသုံးစွဲနေရသဖြင့် ပြည်ပသွင်းကုန် အစားထိုးနိုင်ရေးအတွက် ပြည်တွင်းထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်ရေး အားပေးဆောင်ရွက်ကြရန်လို**

ထိုက်သင့်သလောက် ထွက်ရှိကြောင်း၊ ထို့ကြောင့် ဆီအုန်း၊ ပန်းနှမ်း၊ နေကြာ၊ ပဲပုပ်၊ ပြောင်း၊ မြေပဲ၊ နှမ်း စသည့် ထုတ်ကုန်များမှ ပြည်တွင်းဆီဖူလုံရေး အပြည့်အဝ ဆောင်ရွက်နိုင်ပါကြောင်း၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးအတွက် သဘာဝဓာတ်ငွေ့ကို များစွာကျခံသုံးစွဲနေရပြီး ဒီဇယ်ဆီများကို ပို့ဆောင်ရေးနှင့် စက်မှုလုပ်ငန်းများတွင် များစွာသုံးစွဲနေရပါကြောင်း၊ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ဖြစ်သည့် ရေအားနှင့် ဆိုလာလျှပ်စစ်မီး လုပ်ငန်းများမှ အဓိကထား ဆောင်ရွက်ခြင်းဖြင့် သဘာဝဓာတ်ငွေ့ကို ဓာတ်မြေဩဇာထုတ်လုပ်ရေးနှင့် စက်မှုလုပ်ငန်းများတွင် ပိုမိုအသုံးချနိုင်ပါကြောင်း၊ စိုက်ပျိုးရေးထုတ်ကုန်များမှ တိရစ္ဆာန်အစာများ ပြည်တွင်းတွင် အဆင့်မြှင့်တင်ထုတ်လုပ်ခြင်းဖြင့် ပြည်ပမှ သွင်းကုန်များကို လျှော့ချနိုင်ရန် ကြိုးစားရမည်ဖြစ်ကြောင်း၊ ချက်ပြုတ်ရေးတွင် သုံးစွဲနေသည့် ထင်း၊ မီးသွေး သုံးစွဲမှုကို လျှော့ချရမည်ဖြစ်ပြီး လျှပ်စစ်မော်တော်ကား ထုတ်လုပ်သုံးစွဲခြင်း၊ လျှပ်စစ်ရထားလမ်းများ တိုးချဲ့ခြင်းများဖြင့် လောင်စာကုန်ကျမှုကို လျှော့ချရမည်ဖြစ်ကြောင်း၊ သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှုကို လျှော့ကျစေပြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုကို အထောက်အကူပြုရမည်ဖြစ်ပြီး ထိုသို့လုပ်ငန်းများလုပ်ဆောင်ရေးအတွက် ပြည်တွင်း ပြည်ပရင်းနှီးမြှုပ်နှံသူများကိုလည်း ဖိတ်ခေါ်ပါကြောင်း၊ တစ်ဖက်တွင်လည်း ပြည်ပပို့ကုန်များ တိုးတက်တင်ပို့နိုင်ရေးအတွက် တန်ဖိုးမြှင့်ထုတ်ကုန်များ (Value Added Products) ထုတ်လုပ်နိုင်ရန် ကြိုးပမ်းဆောင်ရွက်သွားခြင်းဖြင့် ကုန်သွယ်မှုလိုငွေ (Trade Deficit) ကို လျှော့ချနိုင်မည်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံသည် စိုက်ပျိုးမွေးမြူရေးကို အဓိကလုပ်ဆောင်ခြင်းဖြစ်သည့်အတွက် ၎င်းအရင်းအမြစ်များအပေါ်တွင် အခြေခံသည့် စက်မှုလုပ်ငန်းများ မလွဲမသွေလုပ်ဆောင်ရန် လိုအပ်မည်ဖြစ်ပြီး အထက်ပါလုပ်ငန်းနှစ်ခုကို အဓိကမြှင့်တင်ပေးမည်ဆိုပါက တိုင်းပြည်၏ စီးပွားရေး မလွဲမသွေ ဦးမော့လာမည်ဖြစ်ကြောင်း။ စာမျက်နှာ ၆ သို့ ✪

❒ စာမျက်နှာ ၃ မှ
တင်ဒါလုပ်ငန်းများနှင့်စပ်လျဉ်း၍ လက်သင့်ရာ မလုပ်ဆောင်ကြရန်နှင့် သတ်မှတ်စည်းမျဉ်းများအတိုင်းသာ ဆောင်ရွက်ကြရန် လိုကြောင်း၊ ယင်းသို့ မသမာမှုများသည် တိုင်းပြည်အတွက် များစွာနစ်နာကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ခေတ်နှင့်လျော်ညီပြီး ကောင်းမွန်ရန်လိုအပ်ကြောင်း၊ ရရှိသည့်ဘဏ္ဍာငွေကို အကျိုးရှိရှိ အသုံးချရန်နှင့် မလိုအပ်သည့်ပစ္စည်းများ ဝယ်ယူခြင်းများ မပြုလုပ်ကြရန် လိုအပ်ကြောင်း၊ သို့မှသာ မိမိတို့တာဝန်ယူရသည့် ကာလအတွင်း တိုင်းပြည်အတွက် အကျိုးရှိရှိ ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း ပြန်လည်ဆွေးနွေးပြောကြားသည်။

**ဥပဒေပြဋ္ဌာန်းပေးနိုင်ရန် ဆောင်ရွက်ရမည်**

ထို့နောက် ဘဏ္ဍာရေးဆိုင်ရာကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ယနေ့အစည်းအဝေးတွင် အတည်ပြုနိုင်ခဲ့သည့် ၂၀၂၁ ခုနှစ် အောက်တိုဘာလ ၁ ရက်မှ ၂၀၂၂ ခုနှစ် မတ်လ ၃၁ ရက်အထိ (၆) လအတွက် ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေ ငွေစာရင်း အပါအဝင်ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းတို့ကို ဘဏ္ဍာရေးဆိုင်ရာကော်မရှင်၏ ထောက်ခံချက်နှင့်အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့မှတစ်ဆင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ ဆက်လက်ပေးပို့တင်ပြပြီး ဥပဒေပြဋ္ဌာန်းပေးနိုင်ရန် ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေး၊ စက်ရုံ၊ အလုပ်ရုံများ၊ ကုန်ထုတ်လုပ်ငန်းများ ပုံမှန်လည်ပတ်ဆောင်ရွက်နိုင်ရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများကို ဖန်တီးပေးနိုင်ရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်ပေးကြရန် လိုအပ်ပါကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့်ထုတ်ကုန်များ အရည်အသွေးပြည့်မီရေးနှင့် ဈေးကွက်ရရှိရေးအတွက် သုတေသနလုပ်ငန်းများကိုလည်း စဉ်ဆက်မပြတ် ဆောင်ရွက်သွားရန် မှာကြားလိုကြောင်း၊ ပညာရေး၊ ကျန်းမာရေးတို့နှင့်ပတ်သက်၍ နိုင်ငံသားတိုင်း အသိပညာ၊ အတတ်ပညာ မြင့်မားလာစေရန် ပြည်သူများ၏ ပညာရည်မြှင့်တင်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ တိုးတက်ကောင်းမွန်လာရေးတို့အတွက်လည်း ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း။

ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် ဌာနအတွက် အသုံးစရိတ်များထက် ပြည်သူလူထုကို တိုက်ရိုက်အကျိုးပြုနိုင်သည့် ပညာရေး၊ ကျန်းမာရေး၊ လူမှုကာကွယ်စောင့်ရှောက်ရေး၊ လျှပ်စစ်မီး၊ လမ်းတံတား၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ သောက်သုံးရေနှင့် စိုက်ပျိုးရေ လုံလောက်စွာရရှိရေးစသည့် လုပ်ငန်းများကို ဦးစားပေး၍ ထိထိရောက်ရောက် သုံးစွဲကြစေလိုကြောင်း။

**သုံးစွဲရန် ခွင့်ပြုထား**

ကိုဗစ်-၁၉ ကပ်ရောဂါဆိုင်ရာအသုံးစရိတ်များကို ယခင်ဘဏ္ဍာရေးနှစ် ၂၀၂၀-၂၀၂၁ တွင်လည်း သုံးစွဲခဲ့သကဲ့သို့ ယခု (၆) လ ဘဏ္ဍာရေးနှစ်တွင်လည်း ဆက်လက်လျာထားသုံးစွဲရန် ခွင့်ပြုထားပါကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ရန်ပုံငွေကိုလည်း လိုအပ်သလို ထပ်မံဖြည့်တင်းပေးနိုင်စေရန် စီစဉ်ဆောင်ရွက်ပေးရန်လိုအပ်ပြီး ရောဂါကာကွယ်ထိန်းချုပ်ကုသရေးဆိုင်ရာ အသုံးစရိတ်လိုအပ်ချက်များအတွက် ယခု (၆) လ ဘဏ္ဍာရေးနှစ်တွင် အရေးပေါ်ရန်ပုံငွေကျပ် ၅၆ ဘီလီယံအပြင် ကိုဗစ်-၁၉ ကပ်ရောဂါဆိုင်ရာ အထူးရန်ပုံငွေတစ်ရပ်ကိုလည်း ကျပ် ဘီလီယံ ၁၀၀ လျာထား၍ သုံးစွဲသွားနိုင်ရန် စီစဉ်ထားကြောင်း။

> **ကိုဗစ်-၁၉ ကပ်ရောဂါဆိုင်ရာ အသုံးစရိတ်များကို ယခင် ဘဏ္ဍာရေးနှစ် ၂၀၂၀-၂၀၂၁ တွင်လည်း သုံးစွဲခဲ့သကဲ့သို့ ယခု (၆) လ ဘဏ္ဍာရေးနှစ်တွင်လည်း ဆက်လက်လျာထား သုံးစွဲရန် ခွင့်ပြုထားပါကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ရန်ပုံငွေကိုလည်း လိုအပ်သလို ထပ်မံဖြည့်တင်းပေးနိုင်စေရန် စီစဉ်ဆောင်ရွက်ပေးရန် လိုအပ်ပြီး ရောဂါကာကွယ်ထိန်းချုပ်ကုသရေးဆိုင်ရာ အသုံးစရိတ်လိုအပ်ချက်များအတွက် ယခု (၆) လ ဘဏ္ဍာရေးနှစ်တွင် အရေးပေါ်ရန်ပုံငွေကျပ် ၅၆ ဘီလီယံအပြင် ကိုဗစ်-၁၉ ကပ်ရောဂါဆိုင်ရာ အထူးရန်ပုံငွေတစ်ရပ်ကိုလည်း ကျပ် ဘီလီယံ ၁၀၀ လျာထား၍ သုံးစွဲသွားနိုင်ရန် စီစဉ်ထား**

ပြည်ပချေးငွေ၊ ပြည်ပအကူအညီရငွေများနှင့်ပတ်သက်ပြီး သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများအနေဖြင့် ဆောင်ရွက်ဆဲ ချေးငွေစီမံကိန်းများ၊ ပြည်ပအကူအညီရငွေဖြင့် ဆောင်ရွက်သည့် စီမံကိန်းများကို ဆက်လက်ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာ နိုင်ငံ၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းခြင်း၊ ဘတ်ဂျက်တွင် ထည့်သွင်းလျာထားခြင်း၊ ချေးငွေ၊ ထောက်ပံ့ငွေသစ်များရရှိက နိုင်ငံတော်နှင့် ပြည်သူအတွက် အကျိုးပြု-မပြု၊ သက်သာမှု ရှိ-မရှိ၊ နှောင်ကြိုး ရှိ-မရှိတို့ကို စိစစ်ရယူခြင်း၊ ချေးငွေရယူထားမှုများအတွက် အရင်း၊ အတိုး ပြန်လည်ပေးဆပ်မှုများကို တာဝန်သိနိုင်ငံတစ်ခုအဖြစ် မပျက်မကွက် ပြန်လည်ပေးဆပ်ခြင်းတို့ကို ဂရုပြုဆောင်ရွက်ကြစေလိုကြောင်း။

နိုင်ငံတော်တွင် ကိုယ်ပိုင်ဘဏ္ဍာငွေ တောင့်တင်းခိုင်မာလာပါက ပြည်ပချေးငွေ ရယူရမှုလည်း နည်းပါးလာမည်ဖြစ်ကြောင်း၊ ဘဏ္ဍာငွေ တောင့်တင်းခိုင်မာရေးအတွက် အခွန်အကောက်ရငွေများ ပြည့်ပြည့်ဝဝ ရရှိရေးနှင့် သဘာဝသယံဇာတကဏ္ဍမှ ရရှိငွေများ၊ နိုင်ငံပိုင် ရင်းနှီးမြှုပ်နှံမှုများမှ ရရှိငွေများ၊ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ၏ နိုင်ငံတော်သို့ ထည့်ဝင်ငွေများကို စနစ်တကျစီမံခန့်ခွဲနိုင်ရမည်ဖြစ်ကြောင်း၊ တစ်ဖက်ကလည်း ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ပြီး အစိုးရကဏ္ဍ၊ ပုဂ္ဂလိကကဏ္ဍ၊ သမဝါယမကဏ္ဍတို့ကို ဘက်စုံဖွံ့ဖြိုးတိုးတက်လာစေရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မိမိတို့အတွက် အသုံးစရိတ်ကို အတတ်နိုင်ဆုံး ချွေတာခြင်း၊ ပကာသနများ မပြုလုပ်ခြင်းနှင့် ရသင့်ရထိုက်သည့် အခွန်များရရှိအောင် ဆောင်ရွက်ခြင်းသည် တိုင်းပြည်ဘဏ္ဍာရေးအားကောင်းမှုကို များစွာအထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် ယခုခွဲဝေပေးထားသော အသုံးစရိတ်ရန်ပုံငွေများဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ချမှတ်ထားသော ရှေ့လုပ်ငန်းစဉ် (၅) ရပ်၊ ဦးတည်ချက် (၉) ရပ်တို့ကို ဖော်ဆောင်နိုင်ရန် မိမိတို့ကျရာကဏ္ဍမှ အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်ပေးကြရန် တိုက်တွန်းကြောင်း ပြောကြားသည်။ **သတင်းစဉ်**

❂ စာမျက်နှာ ၅ မှ

လာမည့်(၆)လတာ စီမံကိန်းကာလသည် ပွင့်လင်းရာသီဖြစ်သည့်အတွက် စက်မှုကဏ္ဍ၊ ဆောက်လုပ်မှုကဏ္ဍ၊ လျှပ်စစ်ဓာတ်အားကဏ္ဍများအနေဖြင့် စီမံကိန်းရည်မှန်းချက်ပါ တည်ဆောက်ဆဲလုပ်ငန်းများ ပြီးပြတ်စေရေးနှင့် လုပ်ငန်းစီမံကိန်းသစ်များကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရန် လိုအပ်ပါကြောင်း၊ အဆိုပါလုပ်ငန်းများကို နိုင်ငံတော်ဘဏ္ဍာငွေဖြင့်သာမက ချေးငွေများဖြင့်ပါ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်သောကြောင့် အလေအလွင့်မရှိဘဲ ထိရောက်စွာဖြင့် သတ်မှတ်ချိန်အတွင်း ပြီးစီးအောင်ဆောင်ရွက်ကြရန် ပြောကြားလိုပါကြောင်း၊ ယခု (၆)လ စီမံကိန်းကာလတွင် တည်ဆောက်ရေးနှင့် ပစ္စည်းဝယ်ယူရေးလုပ်ငန်းများကို မဖြစ်မနေ လိုအပ်မှသာလျှင် ဆောင်ရွက်ကြပြီး ဘဏ္ဍာငွေ ခြိုးခြံချွေတာရေးကို အလေးထား ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း၊ ထို့ပြင် အစိုးရနှင့် ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု (Public–Private–Partnership) လုပ်ငန်းအစီအစဉ်များကို ထုတ်ပြန်ထားသော စည်းမျဉ်းစည်းကမ်း၊ ဥပဒေ၊ နည်းဥပဒေနှင့်အညီ ဆောင်ရွက်မည်ဆိုပါက နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုမည်ဖြစ်ပါကြောင်း။

**စွမ်းအင်ဆိုလာ သုံးစွဲနိုင်ရေး**

ကျေးလက်နှင့် မြို့ပြကွာခြားမှု လျှော့ချရေးအတွက် ကျေးလက်စီးပွားရေး မြှင့်တင်ရမည်ဖြစ်ကြောင်း၊ ကျေးလက်နေပြည်သူများ၏ လူနေမှုဘဝ မြင့်မားတိုးတက်ရေးအတွက် ကျေးရွာများ မီးရရှိရေး၊ သောက်သုံးရေရရှိရေး၊ ကျေးရွာကုန်ထုတ်လမ်းများ ဖောက်လုပ်ရေးတို့သည် အရေးကြီးပြီး မီးရရှိရေးအတွက် နေရောင်ခြည်သုံးစွမ်းအင် ဆိုလာသုံးစွဲနိုင်ရေး တိုးမြှင့်ဆောင်ရွက်သွားစေလိုကြောင်း၊ ကျေးလက်စီးပွားရေးနှင့် ကုန်ထုတ်လုပ်မှု တိုးတက်ရေးအတွက် ပြည်သူများ တိုက်ရိုက်ပါဝင်သည့် သမဝါယမစနစ်နှင့် ထိရောက်စွာ လုပ်ဆောင်ရမည်ဖြစ်ကြောင်း။

လူမှုရေးကဏ္ဍများဖြစ်သည့် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းများတွင်လည်း အရည်အသွေးပြည့်ဝသည့် ဝန်ဆောင်မှုများ ပေးနိုင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းရမည် ဖြစ်ပါကြောင်း၊ ပညာရေးကဏ္ဍမှာ ဘာသာရပ်ဆိုင်ရာ အသိပညာရှင်များ၊ အတတ်ပညာရှင်များ မွေးထုတ်နိုင်ရေးအတွက် ဆရာ ဆရာမများ အရည်အသွေးပြည့်ဝစေရေးနှင့် အရည်အသွေးပြည့်ဝသည့် ပညာရေးစနစ်တိုးတက်ဖြစ်ပေါ်ရေးကိုလည်း ကြိုးပမ်းရမည်ဖြစ်ပါကြောင်း၊ ကိုဗစ်-၁၉ ရောဂါအတွက် ကာကွယ်ကုသရေးနှင့် ဆေးဝါးထုတ်လုပ်နိုင်ရေးအတွက် သုတေသနလုပ်ငန်းများကို ကျန်းမာရေးဝန်ကြီးဌာနနှင့် ဆက်စပ်နှီးနွှယ်ရာဌာနများ ပူးပေါင်းကြိုးပမ်းဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ ကျန်းမာသန်စွမ်းမှ အလုပ်လုပ်နိုင်မည်ဖြစ်သည့်အတွက် ကိုယ်ခန္ဓာကျန်းမာကြံ့ခိုင်ရေးအတွက် မြန်မာ့အားကစားအပါအဝင် အားကစားကို စိတ်ဝင်စားသည့် အလေ့အကျင့်ကောင်းများ ဖြစ်ပေါ်ရေးကို အားပေးမြှင့်တင်ပေးကြရန် မှာကြားလိုပါကြောင်း။

မြန်မာနိုင်ငံသည် အခြားနိုင်ငံများနည်းတူ ရာသီဥတုပြောင်းလဲမှုကြောင့် သဘာဝဘေးအန္တရာယ် ကျရောက်မှုများဖြစ်သည့် ရေကြီးရေလျှံမှု၊ မိုးခေါင်မှုဒဏ်ကို ခံစားရသောကြောင့် ကြိုတင်ကာကွယ်ပြင်ဆင်ရေးလုပ်ငန်း၊ အချိန်နှင့်တစ်ပြေးညီ ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို အစီအမံချမှတ်ဆောင်ရွက်ရန် လိုပါကြောင်း၊ ရာသီဥတုပြောင်းလဲမှုကို ကာကွယ်ရန်အတွက် ပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများ ဥပမာအားဖြင့်- ကြိုးဝိုင်းသစ်တောများ၊သဘာဝသစ်တောများ ထိန်းသိမ်းခြင်းကို အလေးပေး ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ မိမိတို့ တက်ညီလက်ညီနှင့် ကြိုးစားအားထုတ်လုပ်ဆောင်မည်ဆိုပါက အာဆီယံတွင် အလယ်အလတ်အဆင့်ရှိနိုင်ငံအဖြစ် ငါးနှစ်အတွင်း ရောက်နိုင်မည်ဖြစ်ပြီး ၁၀ နှစ်အတွင်းတွင် အာဆီယံထိပ်တန်းနိုင်ငံအဖြစ် ရောက်နိုင်မည်ဟု အပြည့်အဝယုံကြည်ပါကြောင်း၊ တိုင်းပြည်၏အားသည် ပြည်တွင်းမှာသာရှိပြီး လူသားအရင်းအမြစ်များ၊ စုစည်းညီညွတ်သည့် စိတ်ဓာတ်များ၊ မြေပေါ်၊ မြေအောက် သယံဇာတများကို ပေါင်းစည်းအသုံးပြုနိုင်မည်ဆိုပါက မဖြစ်နိုင်စရာအကြောင်းမရှိကြောင်း။

**မိမိတို့ တက်ညီလက်ညီနှင့် ကြိုးစားအားထုတ်လုပ်ဆောင်မည်ဆိုပါက အာဆီယံတွင် အလယ်အလတ်အဆင့်ရှိနိုင်ငံအဖြစ် ငါးနှစ်အတွင်း ရောက်နိုင်မည်ဖြစ်ပြီး ၁၀ နှစ်အတွင်းတွင် အာဆီယံထိပ်တန်းနိုင်ငံအဖြစ် ရောက်နိုင်မည်ဟု အပြည့်အဝယုံကြည်ပါကြောင်း၊ တိုင်းပြည်၏အားသည် ပြည်တွင်းမှာသာရှိပြီး လူသားအရင်းအမြစ်များ၊ စုစည်းညီညွတ်သည့် စိတ်ဓာတ်များ၊ မြေပေါ်၊ မြေအောက် သယံဇာတများကို ပေါင်းစည်းအသုံးပြုနိုင်မည်ဆိုပါက မဖြစ်နိုင်စရာအကြောင်းမရှိ**

**အထူးဂရုပြုဆောင်ရွက်**

ယခု (၆) လ စီမံကိန်းကာလတွင် ကဏ္ဍအလိုက်နှင့် ဒေသအလိုက် ချမှတ်ထားသည့် စီမံကိန်း၏ မူလရည်မှန်းချက်များကို အနီးစပ်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် အားလုံးက ဝိုင်းဝန်းကြိုးပမ်းရမည်ဖြစ်ပါကြောင်း၊ အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍ ပူးပေါင်းဆောင်ရွက်နေသည့် လုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ရေး၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ တိုးတက်စီးဝင်စေရေး၊ ပြည်တွင်းကုန်ထုတ်လုပ်မှုများ တိုးမြှင့်ထုတ်လုပ်နိုင်ရေး၊ ပို့ကုန်တိုးတက်တင်ပို့နိုင်ရေးနှင့် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ ပြန်လည်ဖွံ့ဖြိုးတိုးတက်လာစေရေးတို့ကိုလည်း အထူးဂရုပြု၍ ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ရည်မှန်းချက်နှင့် အကောင်အထည်ဖော်ဆောင်ရွက်မှုများ ကွာဟချက်ကြီးမားမှု မရှိစေရေးအတွက် အားလုံးက အလေးထား ဆောင်ရွက်ကြရန်လိုပါကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်(၅)ရပ်၊ ဦးတည်ချက် (၉) ရပ်တို့နှင့်အညီ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်၊ အောက်တိုဘာလမှ မတ်လထိ (၆) လအတွင်း စီမံကိန်းပါ ရည်မှန်းချက်များ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် တက်ညီလက်ညီ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားရန် တိုက်တွန်းပြောကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားစီမံကိန်းကော်မရှင် ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက စီမံကိန်းကာလသည် ကိုဗစ်-၁၉ ရောဂါကြောင့် ထိခိုက်မှုများရှိခဲ့သည့်ကာလဖြစ်သည့်အတွက် ဝန်ကြီးဌာနအလိုက်၊ ဒေသအလိုက် အကောင်အထည်ဖော်ရန် ရေးဆွဲထားသည့် စီမံကိန်းလုပ်ငန်းများ အောင်မြင်မှုရရှိရန် ဆောင်ရွက်မည့် အခြေအနေများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်(၅)ရပ်၊ ဦးတည်ချက် (၉) ချက်တို့နှင့်အညီ စီမံကိန်းလုပ်ငန်းများနှင့် ရည်မှန်းချက်များ ရေးဆွဲဆောင်ရွက်ခဲ့မှု အခြေအနေများ၊ စီမံကိန်းကာလ (၆)လအတွင်း နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး တည်ငြိမ်မှုရရှိရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် မျှော်မှန်းရေးဆွဲထားရှိမှုအခြေအနေများ၊ ကိုဗစ်-၁၉ ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများ ပြန်လည်ဦးမော့လာစေရန် အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ရမည့် အခြေအနေများ၊ နိုင်ငံတော်ဘဏ္ဍာငွေ၊ ချေးငွေ၊ ထောက်ပံ့ငွေဖြင့် ဆောင်ရွက်ရသည့်အတွက် အလေအလွင့်မရှိစေရေး ဆောင်ရွက်ရမည့် အခြေအနေများ၊ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်မှုကို မှတ်တမ်းထားရှိရေးနှင့် လုပ်ငန်းပြီးစီးပါက အကျိုးပြုမှု လေ့လာမှတ်တမ်းထားရှိရေး၊ လုပ်ငန်းဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ တွေ့ကြုံရသည့် အခက်အခဲများကို ဖော်ထုတ်သင်ခန်းစာရယူရေး၊ စီမံကိန်းများ၊ ရည်မှန်းချက်များ အောင်မြင်ရေးအတွက် ပူးပေါင်းညှိနှိုင်းဆောင်ရွက်သွားမည့် အခြေအနေများနှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် အမျိုးသားစီမံကိန်းကော်မရှင် အတွင်းရေးမှူး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် (၆) လ အမျိုးသားစီမံကိန်း (အဆိုပြုမူကြမ်း) ရေးဆွဲဆောင်ရွက်ထားရှိမှုနှင့် နိုင်ငံတော်၏ ပြည်ပချေးငွေဆိုင်ရာသုံးသပ်ချက်နှင့် အခွန်ကောက်မှုဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်တို့က သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများအနေဖြင့် ကဏ္ဍအလိုက် စီမံကိန်းများ ရေးဆွဲဆောင်ရွက်ထားရှိမှုနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှု လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အမျိုးသားစီမံကိန်းကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ဆွေးနွေးတင်ပြချက်များနှင့်စပ်လျဉ်း၍ သဘာပတ်ဝန်းကျင်၊ သယံဇာတများ သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ မဖြစ်ပေါ်စေရေး၊ မသမာမှုများကြောင့် ပျက်စီးဆုံးရှုံးမှုမဖြစ်စေရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသည့် အဖွဲ့အစည်းများအနေဖြင့် ပူးပေါင်းဆောင်ရွက်ရန်လိုကြောင်း၊ ပြည်တွင်းသုံးသစ်ထုတ်လုပ်မှုအတွက် သတ်မှတ်ချက်နှင့် ကိုက်ညီသည့် သက်တမ်းရှိသစ်များကို စည်းမျဉ်းစည်းကမ်းများနှင့် ထုတ်လုပ်ရန်လိုကြောင်း၊ သစ်ခိုးမှုနှင့် တရားမဝင်သစ်စက်များ ပပျောက်စေရေးကိုသက်ဆိုင်ရာ ဝန်ကြီးဌာနများက အလေးထားကြပ်မတ်ဆောင်ရွက်သွားရန်လိုကြောင်း။

အခွန်ကိစ္စနှင့်စပ်လျဉ်း၍ အစိုးရတစ်ရပ်သည် အခွန်ပေါ်တွင် ရပ်တည်ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်သည့်အတွက် အခွန်တိုးမြှင့် ကောက်ခံခြင်းထက် အခွန်ထမ်းပြည်သူများ တိုးတက်လာရေးအတွက် ကြိုးစားဆောင်ရွက်သွားရန်လိုကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ကာလဖြစ်သည့်အတွက် အခွန်ငွေရရှိမှု လျော့နည်းပြီး အခွန်လျှော့ချပေးရမှုများလည်းရှိကြောင်း၊ အခွန်ကောက်ခံမှု မရရှိစေရန်နှင့် အခွန်ပေးဆောင်မှု မပြုလုပ်စေရန် CDM ပြုလုပ်သည့် ဝန်ထမ်းများက နိုင်ငံရေးအရ ဆောင်ရွက်လျက်ရှိကြောင်း၊ သို့ဖြစ်၍ ယင်းကို ဖော်ထုတ်သွားရမည်ဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းသည် ပါတီနိုင်ငံရေးကင်းရှင်းရန်လိုပြီး အစိုးရ၏ လုပ်ငန်းများ အောင်မြင်အောင် ထမ်းဆောင်ရန်လိုကြောင်း၊ ထို့ပြင် စာရင်းဇယားများ လိမ်လည်ပြီး အခွန်ပေးဆောင်ရန် ရှောင်ရှားမှုများ ပြုလုပ်သည်ကိုလည်း တွေ့ရကြောင်း၊ မိမိတို့နိုင်ငံတွင် အခွန်ပေးဆောင်မှုမရှိသူများ များပြားလျက်ရှိကြောင်း၊ အခွန်ကောက်ခံမှုနှင့်စပ်လျဉ်း၍ နည်းပညာတိုးတက်အောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ အခွန်အပြည့်အဝရရှိရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့် ဟန်ချက်ညီညီ ဆောင်ရွက်သွားရန်လိုကြောင်း။

**အစိုးရတစ်ရပ်သည် အခွန်ပေါ်တွင် ရပ်တည်ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်သည့်အတွက် အခွန်တိုးမြှင့်ကောက်ခံခြင်းထက် အခွန်ထမ်းပြည်သူများ တိုးတက်လာရေးအတွက် ကြိုးစားဆောင်ရွက်သွားရန်လိုကြောင်း၊ ကိုဗစ်-၁၉ ရောဂါကာလဖြစ်သည့်အတွက် အခွန်ငွေရရှိမှု လျော့နည်းပြီး အခွန်လျှော့ချပေးရမှုများလည်းရှိကြောင်း၊ အခွန်ကောက်ခံမှု မရရှိစေရန်နှင့် အခွန်ပေးဆောင်မှု မပြုလုပ်စေရန် CDM ပြုလုပ်သည့် ဝန်ထမ်းများက နိုင်ငံရေးအရ ဆောင်ရွက်လျက်ရှိ**

ဈေးငွေနှင့်စပ်လျဉ်း၍ နိုင်ငံတော်တွင် ဝင်ငွေမရရှိဘဲ ဆောင်ရွက်ရသည့် လုပ်ငန်းများကြောင့် ချေးငွေများပြားလာကြောင်း၊ စီးပွားရေးလုပ်ငန်းများ မအောင်မြင်ရခြင်း၏ နောက်ဆက်တွဲသည် ကြွေးမြီများပြားလာခြင်းဖြစ်ကြောင်း၊ အချို့နိုင်ငံများတွင်လည်း ကြွေးမြီများရှိကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် ပြည်ပကြွေးမြီရယူမှုကို လျှော့ချ နိုင်စေရန် ပြည်တွင်းထုတ်ကုန်တိုးတက်အောင်ဆောင်ရွက်ပြီး တိုင်းပြည်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ဈေးငွေဖြင့် ဆောင်ရွက်ရသည့် လုပ်ငန်းများကို စီးပွားရေးအရ တွက်ခြေကိုက်စေရန်၊ အကျိုးရှိရှိ အသုံးချသွားရန်လိုကြောင်း။

ပြည်ပချေးငွေဖြင့် ဆောင်ရွက်သည့် လုပ်ငန်းများ ရပ်ဆိုင်းထားသည့်အတွက် တိုင်းပြည်အတွက် များစွာနစ်နာမှုများ ရှိကြောင်း၊ သို့ဖြစ်၍ မိမိတို့အနေဖြင့် ဆောင်ရွက်သင့်သည့် လုပ်ငန်းများကို ဆက်လက်လည်ပတ်နိုင်စေရန် ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင် ဝန်ကြီးဌာနများအနေဖြင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အစိုးရနှင့် ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း၊ စက်ရုံ၊ အလုပ်ရုံများကို ကုန်ထုတ်စွမ်းအား မြင့်မားလာစေရန်အတွက် နည်းပညာမြှင့်တင်ပေးသွားရမည်ဖြစ်ကြောင်း၊ ချေးငွေဖြင့် ဆောင်ရွက်ရသည့် တိုင်းပြည်၏ အခြေခံကုန်ထုတ်လုပ်မှု မြှင့်တင်သည့်လုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်သွားရန်လိုကြောင်း၊ သို့ဖြစ်၍ သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် လုပ်ငန်းကဏ္ဍအလိုက် စနစ်တကျ စိစစ်ဆောင်ရွက်သွားရန်လိုကြောင်း။

**လျှော့ချသွားရမည်**

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် မြေပေါ်မြေအောက်သယံဇာတထုတ်ကုန်အပေါ် မှီခိုသည့် စီးပွားရေးလုပ်ငန်းများကို လျှော့ချသွားရမည်ဖြစ်ကြောင်း၊ အဓိကအနေဖြင့် သစ်ထုတ်လုပ်မှုနှင့် ကျောက်မျက်ရတနာ ထုတ်လုပ်မှုကို ရှောင်ရှားရမည်ဖြစ်ကြောင်း၊ စက်ရုံ၊ အလုပ်ရုံများအတွက် ရေနံနှင့် သဘာဝဓာတ်ငွေ့ကို ထုတ်လုပ်သင့်သည့် ပမာဏကိုသာ ထုတ်လုပ်သွားရန်လိုကြောင်း၊ စွမ်းအင်ရရှိရေးအတွက် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကိုသာ အဓိကထား ထုတ်လုပ်သွားရမည် ဖြစ်ကြောင်း၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် သာယာဝပြောရေးအတွက် ဆောင်ရွက်ရာတွင် ရှိရင်းစွဲ အခြေခံများကို အသုံးချဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ စီမံကိန်းများ ရေးဆွဲရာတွင် ဖြစ်နိုင်သည့် အခြေအနေများ အပေါ်မူတည်၍ မျှော်မှန်းချက်များကို ရည်ရွယ်ရေးဆွဲခြင်းဖြစ်ကြောင်း၊ ထိုသို့ ရေးဆွဲရာတွင် နိုင်ငံနှင့်လူမျိုးတို့၏ National Characterisitcs နှင့် ပကတိအခြေအနေများ ကိုက်ညီရန် လိုအပ်ကြောင်း၊ အကောင်အထည်ဖော်ရာတွင်လည်း သတ်မှတ်သည့် ပန်းတိုင်ရောက်ရှိအောင် ရှိရင်းစွဲအရင်းအမြစ်များကို အပြည့်အဝ အသုံးချ၍ ပြည်သူကိုနေရာပေးကာ ကြိုးပမ်းဆောင်ရွက်သွားရန် လိုကြောင်း ပြန်လည်ဆွေးနွေး ပြောကြားသည်။

**စာမျက်နှာ ၇ သို့** ❍

## ကိုဗစ်-၁၉ ကာကွယ်ဆေး

**ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုနှင့်ပတ်သက်၍ ပထမအကြိမ်တွင် ၂ ဒသမ ၁ သန်း၊ ဒုတိယအကြိမ်တွင် ၂ ဒသမ ၆ သန်းကျော် ထိုးနှံနိုင်ခဲ့ပြီဖြစ်ကြောင်း၊ ယခုလအတွင်း ကိုဗစ်-၁၉ ကာကွယ်ဆေး ၁၀ သန်းရောက်ရှိမည်ဖြစ်ပြီး လာမည့်အောက်တိုဘာတွင် ကာကွယ်ဆေး ၁၀ သန်းနှင့် နိုဝင်ဘာလတွင် ကာကွယ်ဆေး ၄ သန်း ထပ်မံရောက်ရှိမည်ဖြစ်ကြောင်း၊ ထို့ပြင်လိုအပ်သည့် ကိုဗစ်-၁၉ ကာကွယ်ဆေးများ ထပ်မံဝယ်ယူနိုင်ရေးကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း။**

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၇-၉-၂၀၂၂ ရက်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂/၂၀၂၂) ၌ ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)**

❍ စာမျက်နှာ ၆ မှ

အမျိုးသားစီမံကိန်းကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် ယခုရေးဆွဲထားသည့် (၆)လ အမျိုးသားစီမံကိန်းသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် ဦးတည်ချက် (၉) ရပ်တို့ကို အခြေခံပြီး ချိတ်ဆက်ရေးဆွဲထားသည်ကို တွေ့ရကြောင်း၊ နောင်လာမည့် ဘဏ္ဍာနှစ်သစ်ကာလ မတိုင်မီ ပေါင်းကူးသဖွယ် ဆောင်ရွက်သင့် ဆောင်ရွက်ထိုက်သည့် လုပ်ငန်းစီမံကိန်းများ လျာထားကြောင်းကိုလည်း တွေ့ရကြောင်း၊ ကိုဗစ်-၁၉ ကြောင့် ယိုင်နဲ့နေသည့် စီးပွားရေးကို လက်တွေ့ကျကျ ပြန်လည်ဦးမော့လာစေရန် လမ်းကြောင်းမှန်ပေါ်တင်ပေးသည့် စီမံကိန်းများဖြစ်ကြောင်း၊ ရေးဆွဲပြီးဖြစ်သည့် စီမံကိန်းများကိုလည်း အတည်ပြုပြဋ္ဌာန်းပြီးသည်နှင့် ပြည့်မီအောင် အကောင်အထည်ဖော်ဆောင်ရွက်ရန်နှင့် အမျိုးသားစီမံကိန်းနှင့် ဒေသန္တရစီမံကိန်းများ အကောင်အထည်ဖော်စဉ် ဝန်ကြီးဌာနများနှင့် ဒေသန္တရအစိုးရအဖွဲ့များက အချိတ်အဆက်မိမိ ဟန်ချက်ညီညီ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ထိုသို့အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စီမံကိန်းဆောင်ရွက်နိုင်မှုကို ထိခိုက်ပြီး အချိန်ကြန့်ကြာစေနိုင်သည့် မြေပြင်အခြေအနေနှင့်အကြောင်းရင်းများ တွေ့ကြုံလာပါကလည်း အချိန်မီ ပြင်ဆင်ဆောင်ရွက်ရေး ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားလိုကြောင်း။

### ထိရောက်အကျိုးရှိစွာသုံးစွဲ

စီမံကိန်း အကောင်အထည်ဖော်ရာတွင် ငွေကြေးသုံးစွဲမှုများကို နိုင်ငံတော်၏ ဘဏ္ဍာရေးစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ စနစ်တကျသုံးစွဲရန်၊ လုပ်ဆောင်မှုတိုင်းကို စနစ်တကျမှတ်တမ်းထားရှိရန် လိုအပ်သကဲ့သို့ စာရင်းစစ်ဆေးခံနိုင်ရေးအတွက်လည်း ပြင်ဆင်ဆောင်ရွက်ထားရမည်ဖြစ်ကြောင်း၊ ထို့ပြင် သွင်းအားစုများကိုလည်း အလေအလွင့် နည်းပါးစွာဖြင့် ထိရောက်အကျိုးရှိစွာ သုံးစွဲသွားရမည်ဖြစ်ကြောင်း၊ စီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်မှုအခြေအနေကိုလည်း မျက်ခြည်မပြတ်စောင့်ကြည့် သုံးသပ်ဆောင်ရွက်ကြရန်လိုအပ်ကြောင်း။

### တက်ညီလက်ညီ ဆောင်ရွက်

စီမံကိန်းတွင် လျာထားသည့်အတိုင်း ကဏ္ဍနှင့်ဒေသအလိုက် လျာထားချက်များနှင့် ပို့ကုန်လျာထားချက်ပြည့်မီရေး၊ ရင်းနှီးမြှုပ်နှံမှုများ စီးဝင်စေရေးအတွက် အစွမ်းကုန် တက်ညီလက်ညီ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အလုပ်အကိုင် အခွင့်အလမ်းသစ်များ ဖန်တီးနိုင်မည့် လုပ်ငန်းများကိုလည်း အားပေးမြှင့်တင်သွားရန်လိုကြောင်း၊ အဓိကအနေဖြင့် စိစိစစ်စစ် ခြိုးခြံချွေတာသုံးစွဲသွားရန် လိုအပ်မည်ဖြစ်ပြီး ရငွေနှင့် အသုံးစရိတ်ကို စိစိစစ်စစ်သုံးစွဲပါက စီမံကိန်းလုပ်ငန်းများ အောင်မြင်ရန် အခွင့်အလမ်းရရှိမည်ဖြစ်ကြောင်း။

ပြည်သူများ၏ အခြေခံလိုအပ်ချက်များကို ဖြည့်တင်းပေးနိုင်ရေးအတွက် ဆောင်ရွက်ရာတွင် နိုင်ငံတော်နှင့် ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုကို အားပေးမြှင့်တင်သွားရမည်ဖြစ်ကြောင်း၊ ကိုဗစ်-၁၉ နှင့် အကြောင်းအမျိုးမျိုးကြောင့် ကျဆင်းနေသည့် စီးပွားရေး၊ လူမှုရေး အခြေအနေများ ပြန်လည် နာလန်ထူနိုင်ရေးအတွက် ဝိုင်းဝန်းသုံးသပ်ပြီး အားသွန်ကြိုးပမ်းဆောင်ရွက်သွားရန်နှင့် လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်နေစဉ်တွင် နိုင်ငံတော်က ပံ့ပိုးရမည့်ကိစ္စရပ်များ လိုအပ်ချက်များရှိပါက အချိန်နှင့်တစ်ပြေးညီတင်ပြကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

**သတင်းစဉ်**

## ရန်ကုန်မြို့အတွင်း ရွေ့လျားဈေးကားရောင်းချမှုနှင့် သန့်ရှင်းသာယာသပ်ရပ်ရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**ရန်ကုန် စက်တင်ဘာ ၂၂**

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ (မြို့တော်ဝန်) ဦးဗိုလ်ဌေးသည် ယနေ့နံနက်ပိုင်းတွင် အင်းစိန်မြို့နယ် ဖန်ချက်စက်လမ်းရှိ စံပြချမ်းမြေ့ စည်ပင်အိမ်ရာဝင်းသို့ရောက်ရှိပြီး ရွေ့လျားဈေးကား (Mobile Market)စနစ်ဖြင့် မြို့ပြပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ ကုန်စိမ်းများ၊ မီးဖိုချောင်သုံး ကုန်ခြောက်မျိုးစုံ၊ တိရစ္ဆာန် ဆေးကုနှင့် ထုတ်လုပ်ရေးဌာန လိုင်စင်စီများမှ အသားမျိုးစုံနှင့် ဈေးများနှင့် ကုန်စည်ပွဲရုံများဌာနမှ ငါး/ပုစွန် အမျိုးမျိုးတို့ ရောင်းချပေးနေမှုများကို ကြည့်ရှုစစ်ဆေးသည်။



ထိုမှတစ်ဆင့် မြို့တော်ဝန်နှင့်အဖွဲ့သည် အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား)မှ တာဝန်ယူဆောင်ရွက်နေသော လှိုင်သာယာ(အနောက်ပိုင်း) မြို့နယ် ထိန်ပင်နောက်ဆုံး စွန့်ပစ်အမှိုက်ပုံအဝင်လမ်းတိုးချဲ့ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းများကိုလည်းကောင်း၊ ရန်ကုန်-ပုသိမ် လမ်းမကြီးဘေး၊ ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ်နှင့် အနော်ရထာစက်မှုဇုန်ရှေ့ မြေဧရိယာ ၁၂ ဒသမ ၂၅၈ ဧကေတွင် အကောင်အထည်ဖော် ဆောင်ရွက်နေသည့် လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ် စုပေါင်းရုံးနှင့် ဝန်ထမ်းအိမ်ရာ စီမံကိန်းလုပ်ငန်းခွင်၌ မြေပြင်ခြင်းနှင့် သဲဖို့ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု၊ ရန်ကုန်-ပုသိမ်လမ်း ရေစုကန်ရေမြောင်း ပြုပြင်တူးဖော်ရန်ဆောင်ရွက်နေမှု လုပ်ငန်းများကိုလည်းကောင်း၊ ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာနမှ ဆောင်ရွက်နေသော လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ် ရန်ကုန်-ပုသိမ်လမ်းမကြီးပေါ်ရှိ ဘုရင့်နောင်ပန်းခြံသို့ သွားရောက်၍ အရှည် ၁၃၄၆ ပေ၊ အကျယ် ရှစ်ပေရှိ ပန်းခြံပတ် Interlock လမ်းနှင့် အရှည်ပေ ၄၁ ၊ အကျယ် ၂၄ ပေရှိ ပန်းခြံအတွင်း ဗိုလ်ချုပ်အောင်ဆန်းရုပ်တုရှေ့ ကျောက်လမ်းကွန်ကရစ်ခင်းကျင်းနေမှု၊ မြက်စိုက်ပျိုး၍ မြေယာရှုခင်း ပြုပြင်ဆောင်ရွက်နေမှု၊ မီးတိုင်စင်နှင့် ရေငုတ်တိုင်များ ပြုလုပ်ဆောင်ရွက်နေမှုနှင့် ပန်းခြံထောင့် လမ်းဆုံနေရာ အများသုံးသန့်စင်ခန်း တည်ဆောက်ထားမှုတို့ကိုလည်းကောင်း၊ လှိုင်မြို့နယ် ဘုရင့်နောင်လမ်းမကြီးပေါ်ရှိ အုတ်ကျင်းဂုန်နီစက်ရုံမှ သီရိမင်္ဂလာပိတောက်ချောင်းအထိ အရှည် ၂၆၇၅ ပေ၊ အကျယ် ရှစ်ပေ၊ ထု ခြောက်လက်မရှိ ကွန်ကရစ် လူသွားစင်္ကြံ၊ စက်ဘီးလမ်း၊ ယာဉ်ရပ်နားရန်နေရာများ ပြုလုပ်နေမှုနှင့် စင်္ကြံနှင့် ဘုရင့်နောင်လမ်းမကြီးအကြား အကျယ် ၁၆ ပေရှိ မြေဧရိယာ၌ ပန်းပင်နှင့် မြက်ပင်များ စိုက်ပျိုး၍ မြေယာရှုခင်း ပြုပြင်နေမှုတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

**သတင်းစဉ်**

## ကမ္ဘာ့ပတ်ဝန်းကျင်ဆိုင်ရာရန်ပုံငွေအဖွဲ့၏ အာရှဒေသတွင်းနိုင်ငံများအတွက် အကြိုညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂၂**

ကမ္ဘာ့ပတ်ဝန်းကျင်ဆိုင်ရာ ရန်ပုံငွေအဖွဲ့ (Global Environment Facility–GEF) ၏ အဋ္ဌမမြောက် ရန်ပုံငွေထောက်ပံ့ရေးကာလ (GEF–8 Replenishment Cycle) ကို ၂၀၂၂ ခုနှစ်တွင် စတင်နိုင်ရေး ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေး အတွက် အာရှဒေသတွင်းနိုင်ငံများ အကြိုညှိနှိုင်းအစည်းအဝေး (GEF Asia Pre–Replenishment Preparation Meeting) ကို ယမန်နေ့ ညနေ ၅ နာရီခွဲတွင် ဗီဒီယိုကွန်ဖရင့် စနစ်ဖြင့် ကျင်းပရာ မြန်မာနိုင်ငံ၏ GEF Operational Focal Point ဖြစ်သည့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှမောင်သိန်းနှင့် အရာထမ်းကိုယ်စားလှယ်များ ပါဝင်တက်ရောက် ဆွေးနွေးကြသည်။

GEF သည် ကမ္ဘာလုံးဆိုင်ရာပတ်ဝန်းကျင်ပြဿနာများ ဖြေရှင်းရာတွင် ဖွံ့ဖြိုးဆဲနိုင်ငံများ ပိုမိုထိရောက်စွာပါဝင်နိုင်ရေးအတွက် လိုအပ်သည့်ရန်ပုံငွေများကို လေးနှစ်တစ်ကြိမ် လျာထားချက်များအတိုင်း စီမံကိန်းများ လျှောက်ထားခွင့်ပြုလျက်ရှိရာ GEF–8 Replenishment Cycle ရန်ပုံငွေထောက်ပံ့ရေးဆိုင်ရာ အစီအမံများအတွက် ရန်ပုံငွေလျှောက်ထားခြင်းဆိုင်ရာ မဟာဗျူဟာ၊ အစီအစဉ်များနှင့် လမ်းညွှန်ချက်များ ချမှတ်နိုင်ရန် ရေးဆွဲလျက်ရှိသဖြင့် ဦးတည်ချက်များ၊ ဦးစားပေးကဏ္ဍများ၊ စီမံချက်/စီမံကိန်းများနှင့် ရည်မှန်းချက်များ စသည်တို့နှင့်စပ်လျဉ်း၍ အာရှဒေသတွင်း နိုင်ငံများ၏ လိုအပ်ချက်များ၊ သဘောထားမှတ်ချက်များကို အာရှဒေသကိုယ်စား တင်ပြပေးနိုင်ရေး ဆွေးနွေးညှိနှိုင်းကြသည်။

### ဦးဆောင်ကျင်းပ

ယခုကျင်းပသည့် အစည်းအဝေးကို မြန်မာနိုင်ငံပါဝင်သည့် အာရှဒေသဆိုင်ရာကိုယ်စားလှယ်ဖြစ်သည့် ဖိလစ်ပိုင်နိုင်ငံ ပတ်ဝန်းကျင်ရေးရာဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး (GEF ၏ ဖိလစ်ပိုင်နိုင်ငံဆိုင်ရာ Operational Focal Point လည်းဖြစ်သည့်) Ms. Anna Teh က ဦးဆောင်ကျင်းပခြင်းဖြစ်ပြီး GEF အတွင်းရေးမှူးရုံးနှင့် အာရှဒေသအတွင်းရှိ GEF ရန်ပုံငွေလက်ခံရရှိသည့်နိုင်ငံများမှ Operational Focal Point များ ပါဝင်တက်ရောက်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# တစ်ဖက်သတ်အမြင်၊ တစ်ဖက်သတ်အတွေးဖြင့် အမှန်တရားနှင့်ဝေးသူတွေ

စာချစ်သူ

တစ်နေ့က အလုပ်ကိစ္စတစ်ခုဖြင့် မြို့ထဲသို့ တက္ကစီ(အငှားယာဉ်) ငှားစီးဖြစ်ခဲ့သည်။ ကားပေါ်ရောက်တော့တက္ကစီဆရာကြီးက ကားဆွဲမကောင်းကြောင်း ညည်းလေသည်။ ပြီးတော့ "မြန်မြန်နိုင်ချင်ပါပြီဗျာ"ဟုဆိုလေ၏။

"ဆရာကြီးက ဒီရပ်ကွက်ကပဲလား"

"ဟုတ်တယ်"

"ဟင်၊ ဒါဆို ဟိုတစ်နေ့က ဒီရပ်ကွက်ထဲမှာ လက်နက်တွေမိတယ်လို့ သတင်းစာမှာ ဖတ်လိုက်ရတယ်"

"ဒါကတော့ဗျာ၊ မဟုတ်လည်း ဟုတ်တယ်လို့ လုပ်မှာပဲ။ သူတို့လက်ထဲမှာပဲဟာ။ အပေါ်က ဖိအားပေးတော့ တွေ့ရာလူငယ်တွေဖမ်းပြီး လက်နက်တွေနဲ့အတူ ဓာတ်ပုံရိုက်ပြီး လုပ်ချင်လုပ်တာပဲ"

ထို့နောက်မှာတော့ သူကလည်း သူ့အတွေး၊ ကျွန်တော်ကလည်း ကျွန်တော့်အတွေးတို့ဖြင့် စကားသံများ ဆွံ့အတိတ်ဆိတ်သွားလေသည်။ မြန်မာပြည်တွင် ထိုသို့ တစ်ဖက်သတ်အမြင်၊ တစ်ဖက်သတ်အတွေးတို့ဖြင့် အမှန်တရားနှင့် ဝေးကွာသူများက အများသားလား။

**ပြည်ပအားကိုးပုဆိန်ရိုး သတင်းမီဒီယာများ**

လက်သည်တရားခံက ပြည်ပငွေကြေးအထောက်အပံ့များစွာကို လက်ခံရယူပြီး ချစ်သူကိုသာစေ၊ မုန်းသူကိုနာစေ တစ်ဖက်သတ်ရေးသားတင်ပြနေကြသော ပြည်ပအားကိုးပုဆိန်ရိုး သတင်းမီဒီယာများကြောင့်ဟု ဆိုရပါမည်။ ထိုသတင်းမီဒီယာအချို့၏ သတင်းတင်ဆက်ပုံများကို သုတေသနကျကျ လေ့လာကြည့်ပါလျှင် လုံခြုံရေးတပ်ဖွဲ့ဝင်များက အကြမ်းဖက်သမားများကို အရေးယူဆောင်ရွက်လျှင် ဒေသခံပြည်သူများဟု ရည်ညွှန်းလိုက်သည်။ အကြမ်းဖက်သမားများက အပြစ်မဲ့ပြည်သူများကို သူလျှိုဒလန်ဟု စွပ်စွဲ၍ လုပ်ကြံသတ်ဖြတ်ခဲ့လျှင် ထောက်ခံအားပေးသည့် သဘောအသွင်ဖြင့် သတင်းအပိတ်တွင် ထိုသူသည် ရပ်ကွက်ထဲတွင် သတင်းပေး သူလျှိုဒလန်ဟု ကျော်ကြားနေသူ ဖြစ်သည်ဟူသည့် ကောက်ချက်ကို မပျက်မကွက်ဖော်ပြလေ့ရှိသည်။

ထို့အပြင် **ထိုပြည်ပငွေကြေးအထောက်အပံ့များကို ရယူထားသော သတင်းမီဒီယာအချို့သည် အကြမ်းဖက်သမားများ၏ လမ်း၊ တံတား၊ ရထားလမ်းများကို မိုင်းထောင်ဖုံးခွဲသည့်ဖြစ်စဉ်များ၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးနေသည့် အဆောက်အအုံများ၊ ဆေးပေးခန်းများ၊ ဆေးရုံများကို အကြောင်းမဲ့ဝင်ရောက်ပစ်ခတ်၊ ဖုံးထောင်ဖုံးခွဲသည့် ဖြစ်စဉ်များ၊ နိုင်ငံရေးပါတီဝင်များနှင့် အပြစ်မဲ့ပြည်သူများကို လုပ်ကြံသတ်ဖြတ်သည့်ဖြစ်စဉ်များစသည့် အကြမ်းဖက်လုပ်ရပ်တို့ကို များသောအားဖြင့် မဖော်ပြ၊ ဖော်ပြပါလျှင် သတင်းထိမ်ချန်၍ လိုရာဆွဲယူကာ ဖော်ပြကြသည်။**

အကြမ်းဖက်သမားများကို သက်ဆိုင်ရာက **ပစ်ခတ်ဖမ်းဆီး အရေးယူခဲ့သည့်ဖြစ်စဉ်မျိုးဆိုပါမူ ဇာတ်နာအောင် သာသာထိုးထိုးဖော်ပြကြပြန်သည်။ လူငယ်အချို့၏ ဆန္ဒပြမှုဖြစ်စဉ်များဆိုပါမူလည်း အင်အား လေး၊ ငါး၊ ဆယ်ယောက်ခန့် ဆန္ဒပြနေသည့် မြေပြင်အနေအထားကို အင်အားများသယောင်ထင်မှတ်လာစေရန် ဓာတ်ပုံ၊ ဗီဒီယိုများကို ပုံအကျပ်များ ရိုက်ကူး၍ ရိုးသားသောပြည်သူများကို ထင်ယောင်ထင်မှားဖြစ်စေသည်။**

ထိုထိုသော ပြည်ပငွေကြေးအထောက်အပံ့ ရယူထားသော သတင်းမီဒီယာများ၏ ဝါဒဖြန့်ချိမှုများသည် တကယ်တော့ အဆန်းမဟုတ်ပါ။ ကိုလိုနီလက်ဟောင်းလက်သစ်များ ခေတ်အဆက်ဆက် လုပ်ဆောင်နေသော ဆင်သေကို ဆိတ်သားရေဖြင့် ဖုံးအုပ်သည့် လုပ်ကွက်များသာ ဖြစ်ပေသည်။

**မီဒီယာများကို အသုံးပြု၍ လှုပ်ရှား**

ဝန်ကြီးချုပ် နေရူးခေတ်တွင် အိန္ဒိယပြည်ကြီး၌ သတင်းမီဒီယာများ အတော်ခြေရှုပ်ခဲ့ကြသည်။ ဝန်ကြီးချုပ်နေရူးသည်ကြားနေရေးဝါဒကို ရှေ့ဆောင်ဟောပြောလှုံ့ဆော်ပြီး အကောင်အထည်ဖော်ခဲ့သူဖြစ်ရုံမက အမေရိကန်၏ ရုပ်သေးရုပ်များကို ရွံမုန်းသူဖြစ်၍ ဝန်ကြီးချုပ်နေရူး ရာထူးမှ ပြုတ်ကျရန် မီဒီယာများကို အသုံးပြု၍ လှုပ်ရှားခဲ့ကြသည်။

> **အကြမ်းဖက်သမားများကို သက်ဆိုင်ရာက ပစ်ခတ်ဖမ်းဆီးအရေးယူခဲ့သည့်ဖြစ်စဉ်မျိုးဆိုပါမူ ဇာတ်နာအောင် သာသာထိုးထိုးဖော်ပြကြပြန်သည်။ လူငယ်အချို့၏ ဆန္ဒပြမှုဖြစ်စဉ်များဆိုပါမူလည်း အင်အားလေး၊ ငါး၊ ဆယ်ယောက်ခန့် ဆန္ဒပြနေသည့် မြေပြင်အနေအထားကို အင်အားများသယောင် ထင်မှတ်လာစေရန် ဓာတ်ပုံ၊ ဗီဒီယိုများကို ပုံအကျပ်များရိုက်ကူး၍ ရိုးသားသောပြည်သူများကို ထင်ယောင်ထင်မှားဖြစ်စေ**

အိန္ဒိယပြည်ရှိ အမေရိကန်ပြန်ကြားရေးဌာန (ယူအက်စ်အိုင်အက်စ်)သည် အရပ်ရပ်မှ သတင်းများကို စုဆောင်းပေးရသောဌာနဖြစ်သည်။ အိန္ဒိယပြည်တွင် ထင်ရှားသော အစိုးရနှင့်နိုင်ငံရေးခေါင်းဆောင်များ၏ သတင်းများ၊ ခေါင်းဆောင်ချင်း သဘောကွဲလွဲနေသည့်သတင်းများ၊ နိုင်ငံခြားရေးရာနှင့် ပြည်တွင်းရေးရာကိစ္စရပ်များနှင့် ပတ်သက်၍ အိန္ဒိယအစိုးရအဖွဲ့၏ အရေးကြီးသောဆုံးဖြတ်ချက်များနှင့် လုပ်ငန်းများ၊ ဗဟိုအစိုးရနှင့် ပြည်နယ်အစိုးရတို့ သဘောချင်းမတိုက်ဆိုင်ဘဲ ပဋိပက္ခဖြစ်နေမှု သတင်းများကို စုဆောင်းပေးရသည်။

အမေရိကန်ကိုယ်စားလှယ်များသည် အိန္ဒိယအစိုးရ ပြန်ကြားရေးဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းများ၊ အယ်ဒီတာများ၊ သတင်းရေးသားသူများ၊ အိန္ဒိယသတင်းစာများနှင့် သတင်းစဉ်များမှ အယ်ဒီတာများနှင့် လျှို့ဝှက်စွာဆက်သွယ်ထားသည်။ အချို့သောသတင်းစာများနှင့် ဂျာနယ်များကို ယူအက်စ်အိုင်အက်စ်က ငွေကြေးမတည်ပေးထားလေသည်။ ပုံနှိပ်ထုတ်ဝေသူများနှင့် အယ်ဒီတာချုပ်များကိုလည်း ငွေအမြောက်အမြား ထောက်ပံ့ပေးကမ်းထားလေသည်။ သတင်းစာဆရာအချို့ကို ဝယ်ယူထားသည်။

သူတို့သည် အမေရိကန်ကိုယ်စားလှယ်များထံမှ ငွေရရှိမည်ဆိုလျှင် တစ်ဖက်သတ်ဖော်ပြထားသော သတင်းဆောင်းပါးများ၊ သတင်းစာဖတ်ပရိသတ်များ၏ သဘောထားပြောင်းလဲလာရေးအတွက် ရေးသားဖော်ပြချက်များ၊ ယူအက်စ်အိုင်အက်စ်က ပေးသောသတင်းများ၊ ဆောင်းပါးများကို မှန်မှန်ထည့်ပေးလေ့ရှိကြသည်။

**ရေးခိုင်းသမျှ ဘာမဆို ရေးသားပေးခဲ့ကြရ**

နှစ်စဉ်နှစ်တိုင်း ယူအက်စ်အိုင်အက်စ်သည် သူတို့ပေးကမ်းထောက်ပံ့ထားသော အိန္ဒိယအမျိုးသား သတင်းစာဆရာ တစ်ဒါဇင်ခန့်ကို အမေရိကန်ပြည်သို့ သုံးလကြာခရီးလှည့်လည်ရန် စရိတ်အကုန်အကျခံ၍ စီစဉ်ပေးသည်။ ယင်းသို့အားဖြင့် ထိုသတင်းစာဆရာဆိုသူတို့သည် အမေရိကန်တို့၏ သစ္စာကိုခံရပြီး အမေရိကန်တို့ ရေးခိုင်းသမျှ ဘာမဆို ရေးသားပေးခဲ့ကြရလေတော့သည်။ ယင်းထည့်သွင်းဖော်ပြပေးသော သတင်းများနှင့် ဆောင်းပါးများ ပုဒ်ရေအရေအတွက်အရ ယူအက်စ်အိုင်အက်စ်က ငွေပေးချေလေသည်။

အရှေ့အိန္ဒိယ နယူးအေဂျင်စီမှ ဒါရိုက်တာတစ်ဦးသည် တိဘက်ပြည်အကြောင်းကို ရေးသားသည့် စာအုပ်အတွက် ယူအက်စ်အိုင်အက်စ်မှ အိန္ဒိယရူပီးငွေထောင်ပေါင်းများစွာ ရရှိခဲ့လေသည်။ တိဘက်ပြည်အကြောင်းစာအုပ်ထဲပါ အဓိကအခန်းများမှာမူကား စီအိုင်အေ၏ စာရွက်စာတမ်းများကို မှီငြမ်းပြုကာ ယူအက်စ်အိုင်အက်စ်က ရေးသားပေးခြင်း ဖြစ်သည်။

အိန္ဒိယပြည်အတွက် အမေရိကန်က ရွေးချယ်ပေးသောစာအုပ်များကို အကူလီမီစယာဆိုသူက အူရယာဘာသာဖြင့် ဘာသာပြန်ဆိုရေးသားပေးခဲ့သည်။ သူသည် အမေရိကန်ကိုယ်စားလှယ်ထံမှ ထိုခေတ်က တစ်လလျှင် ရူပီး ၆၀၀ မှ ၇၀၀ အထိ ရရှိခဲ့လေသည်။ အိန္ဒိယပြည်တွင် အမေရိကန်နှင့် ပူးပေါင်းလိုသော စာရေးဆရာများ၊ အမေရိကန်အပေါ် သဘောထားမှန်ကန်ပေါ်လွင်အောင်ရေးသားပေးသော စာရေးဆရာများ၏စာအုပ်များကို ယူအက်စ်အိုင်အက်စ်က ပုံနှိပ်ထုတ်ဝေပေးပြန်သည်။

ဝန်ကြီးချုပ်နေရူး ကွယ်လွန်ပြီးနောက်ပိုင်းတွင် အမေရိကန်သည် ကာကွယ်ရေးဝန်ကြီးဖြစ်သူ ခရစ်ရှနန်မီနွန်ဘက်သို့ မြားဦးလှည့်လာပြန်သည်။ ရွေးကောက်ပွဲစတင်ခါနီးအချိန်တွင် အမေရိကန်သတင်းစာများကလည်း ခရစ်ရှနန်မီနွန်ကို ဆန့်ကျင်ပြီး ဝေဖန်တိုက်ခိုက် ရေးသားခဲ့ကြလေတော့သည်။

တိုင်းမ်မဂ္ဂဇင်း၏ မျက်နှာဖုံးတွင် ခရစ်ရှနန်မီနွန်၏ရုပ်ပုံကို ရယ်စရာဖြစ်အောင် ရေးဆွဲထည့်သွင်းဖော်ပြလျက် အထူးထုတ်စာစောင်အဖြစ် ထုတ်ဝေခဲ့လေသည်။ ယင်းတိုင်းမ်မဂ္ဂဇင်း အထူးထုတ်စာစောင်များကို ဘုံဘေမြို့ (ယခုမွမ်ဘိုင်း)၌ အနှံ့အပြားဖြန့်ဖြူး၍ နိုင်ငံရေးအားဖြင့် ခရစ်ရှနန်မီနွန်အား သိက္ခာချခဲ့ကြလေသည်။ ဤကဲ့သို့ အငြိုးကြီးကြီးဖြင့် သဲသဲမဲမဲလုပ်ဆောင်ခဲ့သည့်အတွက်ကြောင့် ၁၉၆၇ ခုနှစ်တွင် ကျင်းပသော အိန္ဒိယပြည် အထွေထွေရွေးကောက်ပွဲတွင် အမေရိကန်လိုလားသော အင်အားစုများက ထင်ထင်ရှားရှား ပါဝင်ဆောင်ရွက်ပေးကြသဖြင့် ခရစ်ရှနန်မီနွန်မှာ ရှုံးနိမ့်သွားခဲ့ရလေသည်။

ဤသို့ဖြင့် အိန္ဒိယပြည်ရှိ အမေရိကန်ပြန်ကြားရေးဌာန(ယူအက်စ်အိုင်အက်စ်)သည် အိန္ဒိယပြည်ရှိ အမေရိကန် အာရှဖောင်ဒေးရှင်းအဖွဲ့နှင့်အတူ အိန္ဒိယနိုင်ငံ၏ ပြည်တွင်းရေးကို ပြည်ပအားကိုး ပုဆိန်ရိုးလက်ကိုင်တုတ် မီဒီယာသမားများအား မွေးမြူ၍ ခလောက်ဆန် အကောက်ကြံခဲ့ဖူးလေသည်။ အိန္ဒိယအစိုးရက ရိပ်မိသွားသဖြင့် ၁၉၆၈ ခုနှစ် ဖေဖော်ဝါရီလတွင် အိန္ဒိယပြည်ရှိ အမေရိကန် အာရှဖောင်ဒေးရှင်းကို ပိတ်ပင်ခဲ့လေတော့သည်။

**သတင်းစာကလပ်တစ်ခု တည်ထောင်ရန်ကြိုးပမ်း**

မြန်မာနိုင်ငံ၌လည်း တစ်ချိန်က အာရှဖောင်ဒေးရှင်းနှင့် ဖို့ဒ်ဖောင်ဒေးရှင်းတို့သည် ပညာရေးလောကနှင့် စတုတ္ထမဏ္ဍိုင် မီဒီယာလောကထဲသို့ စိမ့်ဝင်ထိုးဖောက်ခဲ့ဖူးသည်။ ဖဆပလအစိုးရခေတ်တွင် ရန်ကုန်မြို့၌ အင်္ဂလိပ်၊ မြန်မာ၊ တရုတ်နှင့် အိန္ဒိယနွယ်ဖွား သတင်းစာတိုက်ပေါင်းစုံရှိသည်။ သတင်းစာတိုက်ပေါင်းစုံမှ အယ်ဒီတာများနှင့် သတင်းထောက်များစုဝေးရာ မြန်မာနိုင်ငံ သတင်းစာဆရာအသင်းကြီးနှင့် မြန်မာပြည် သတင်းထောက်အသင်းကြီးတို့လည်း ရှိခဲ့လေသည်။

ထိုအချိန်တွင် အင်္ဂလိပ်သတင်းစာကြီး နှစ်စောင်ကို တပည့်မွေးပေးကမ်းထောက်ပံ့ပြီး မြန်မာပြည် သတင်းထောက်များအသင်း၊ မြန်မာနိုင်ငံသတင်းစာဆရာအသင်းတို့နှင့်အပြိုင် သတင်းစာကလပ်တစ်ခုတည်ထောင်ရန် ကြိုးပမ်းခဲ့ကြသေးသည်။ ယင်းသို့ သင်းခွဲဂိုဏ်းခွဲထောင်ပြီး ဖြိုခွဲရန် ကြိုးပမ်းလာချက်ကို နှစ်ဖက်အသင်းတို့မှ အသင်းဝင်အတော်များများနှင့် မြန်မာသတင်းစာအချို့က ဝိုင်းဝန်းဆန့်ကျင်ခဲ့ကြသဖြင့် သတင်းစာကလပ်မှာ အကောင်အထည်ပေါ်မလာတော့ပေ။

သို့ရာတွင် အာရှဖောင်ဒေးရှင်းအဖွဲ့သည် ကွန်မြူနစ်ဆန့်ကျင်ရေးဟုဆိုကာ သာသနာရေး၊ နိုင်ငံရေးနှင့် လူမှုရေးအသင်းအဖွဲ့အချို့နှင့် စာနယ်ဇင်းအချို့အား ငွေကြေးထောက်ပံ့ကူညီကာ စည်းရုံးသိမ်းသွင်းနိုင်ခဲ့လေသည်။ **စာမျက်နှာ ၉ သို့**■

> **လက်ရှိ မြန်မာ့နိုင်ငံရေးအကူးအပြောင်းကာလတွင်လည်း အဆိုပါ ပြည်ပဩဇာခံမီဒီယာအချို့သည် ပြည်ပအလိုကျ တစ်ဖက်သတ်အမြင်၊ တစ်ဖက်သတ်အတွေးတို့ဖြင့် မြေပြင်မှ ပကတိအမှန်တရားကို အများပြည်သူများ ဝေဝါးစေရန်၊ ကမ္ဘာက မြန်မာကို အထင်မှား၊ အမြင်မှားစေရန် လုပ်ကြံဖန်တီးနေကြဆဲပင်။ ထိုသို့သော ပြည်ပဩဇာခံမီဒီယာအချို့၏ လုပ်ကြံဖန်တီးထားသော သတင်းလိမ်၊ သတင်းအမှားများကို စိတ်ခံစားချက်အလို့ငှာ တစ်ဖက်သတ်အမြင်၊ တစ်ဖက်သတ်အတွေးဖြင့် လက်ခံနားယောင်ရင်း အမှန်တရားနှင့် တစ်စတစ်စဝေးကွာလာသူ ဖော်ပြပါ တက္ကစီယာဉ်မောင်းဆရာကြီးလို လူစားအများအပြားကလည်း ရှိနေကြဆဲပင်**

# ဂျပန်ဘာသာစကားပြောပြိုင်ပွဲအား အွန်လိုင်းစနစ်ဖြင့် ကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၂၂**

ဂျပန်ဘာသာစကားပြောပြိုင်ပွဲကို နိုဝင်ဘာ ၁၃ ရက်တွင် အွန်လိုင်းဖြင့်ပြုလုပ်သွားမည်ဖြစ်ရာ ကွန်ပျူတာ/ စမတ်ဖုန်းတို့မှတစ်ဆင့် Zoom Application အသုံးပြုကာ မည်သည့်နေရာမှမဆို ဝင်ရောက်ယှဉ်ပြိုင်နိုင်ကြကြောင်း မြန်မာနိုင်ငံဂျပန်ပြန်ပညာသင်ဟောင်းအသင်း(MAJA) မှ သိရသည်။

(၂၂)ကြိမ်မြောက် ကျင်းပပြုလုပ်မည့် ဂျပန်ဘာသာစကားပြောပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် လျှောက်ထားသူများအနေဖြင့် အသက် ၁၆ နှစ်မှ ၃၀ နှစ်အတွင်းဖြစ်ရမည်ဖြစ်ပြီး မြန်မာနိုင်ငံအတွင်းနေထိုင်သည့် မြန်မာနိုင်ငံသားဖြစ်ရမည်ဖြစ်သည်။ ဂျပန်ဘာသာသင်ကြားနေသော ဆရာ ဆရာမ မဖြစ်ရကြောင်း၊ ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်လိုကြသူများအနေဖြင့် ယခင်ကျင်းပခဲ့ဖူးသော ဂျပန်ဘာသာစကားပြောပြိုင်ပွဲတွင် ဆုရရှိဖူးသူမဖြစ်ရကြောင်းသိရကာ လျှောက်လွှာများအား ttps://docs.google.com/.../1FAIpQLSe8QhlBqjHb.../closedform တွင်ဖြည့်စွက်၍ စက်တင်ဘာ ၂၇ ရက်မှ အောက်တိုဘာ ၁၁ ရက်ထိ ပေးပို့လျှောက်ထားနိုင်သည်။ လျှောက်ထားသူသည် G-mail account ဖြင့် ဖောင်ဖြည့်ရမည်ဖြစ်သောကြောင့် ကိုယ်ပိုင် G-mail အကောင့်ဖွင့်ထားရမည်ဖြစ်ပြီး (3x4) cm ဓာတ်ပုံနှင့် မှတ်ပုံတင်အရှေ့အနောက်ပုံတို့ကို JPG file ဖြစ်ရန် ကြိုပြင်ထားရမည်ဖြစ်ကာ File name အား မိမိအမည်ပေးထားရမည်ဖြစ်ကြောင်း ပြိုင်ပွဲပြုလုပ်သည့် မြန်မာနိုင်ငံဂျပန်ပြန်ပညာသင်ဟောင်းအသင်းမှ ထုတ်ပြန်သတ်မှတ်ထားချက်များအရ သိရသည်။

ဖိုင်တစ်ခုသည် 3 MB Size အောက်သာရှိရမည်ဖြစ်ပြီး Speech ၏ အကြောင်းအရာကို ဂျပန်ဘာသာစာလုံးရေ ၁၀၀၀ ခန့်ဖြင့် (Word File) ပြင်ထားရမည်ဖြစ်ကာ သုံးမိနစ်ထက်မနည်း လေးမိနစ်ထက်မပိုသော အသံဖိုင်အား Mp3 သွင်းထားရမည်ဖြစ်ကြောင်းနှင့် ပဏာမရွေးချယ်မှုတွင် ပြောကြားမည့်အကြောင်းအရာအား ပြိုင်ပွဲအတိုင်းပြောကြားရမည်ဖြစ်၍ ဂျပန်ဘာသာဖြင့် အမေးအဖြေများပြုလုပ်ကာ အကဲဖြတ်ရွေးချယ်သွားမည်ဖြစ်ကြောင်း သိရသည်။

လျှောက်ထားသူများ၏ လျှောက်လွှာ၊ Speech (Word file နှင့် အသံဖိုင်) ကို စိစစ်၍ သတ်မှတ်ချက်နှင့်ကိုက်ညီသော လျှောက်ထားသူများအား အောက်တိုဘာ ၂၃ ရက်နှင့် ၂၄ ရက်တွင်ကျင်းပမည့် ပဏာမရွေးချယ်မှုတွင် ဝင်ရောက်ယှဉ်ပြိုင်စေမည်ဖြစ်ကာ ပဏာမအောင်မြင်သူများအနေဖြင့် လာမည့် နိုဝင်ဘာ ၁၃ ရက်တွင်ပြုလုပ်မည့် ဂျပန်ဘာသာစကားပြောပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ကြရမည်ဖြစ်သောကြောင့် ပြိုင်ပွဲနှင့်ပတ်သက်သည့် အသေးစိတ်အချက်အလက်များအား သိရှိလိုပါက မြန်မာနိုင်ငံဂျပန်ပြန်ပညာသင်ဟောင်းအသင်းဖုန်း ၀၉-၄၂၈၆၁၂၁၅၁ နှင့် ၀၉-၂၆၂၆၀၂၁၂၁ သို့ စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။

**စိုးမြင့်အောင်**

# သတင်းမီဒီယာသမားများ အရည်အသွေးမြှင့်တင်ရေးသင်တန်းဆင်းပွဲ ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၂၂**

မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီမှ ဖွင့်လှစ်သည့် သတင်းမီဒီယာသမားများ အရည်အသွေးမြှင့်တင်ရေး သင်တန်းအမှတ်စဉ်(၂) သင်တန်းဆင်းပွဲကို ယနေ့ညနေပိုင်းက သတင်းမီဒီယာကောင်စီရုံး၌ ကျင်းပသည်။




**အရည်အသွေးမြှင့်တင်**

သင်တန်းဆင်းပွဲတွင် သတင်းမီဒီယာကောင်စီ ဒုတိယဥက္ကဋ္ဌ (၁) ဦးအုန်းမောင် (မြင်းမူ မောင်နိုင်မိုး) က မိမိတို့ကောင်စီ၏ သက်တမ်း ငါးလခန့်အတွင်း ဤသင်တန်းမျိုး နှစ်ကြိမ်ဖွင့်လှစ်နိုင်ခဲ့သဖြင့် ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း၊ သတင်းမီဒီယာကောင်စီ၏ အဓိကဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်မှာ စတုတ္ထမဏ္ဍိုင်ပီသစွာဖြင့် နိုင်ငံတော်၏ မျက်နှာကို ရှေးရှုဦးတည်သည့် သတင်းမီဒီယာလောက ဖွံ့ဖြိုးတိုးတက်ရေး၊ သတင်းတု သတင်းမှားများ ဆိတ်သုဉ်းရေးကို လေးလေးနက်နက်ဖော်ဆောင်ကြမည့် သတင်းမီဒီယာသမားများကို အရည်အသွေးမြှင့်တင်ပေးနိုင်ရေးတို့ပင် ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်ပြီး သင်တန်းမှူး သတင်းမီဒီယာကျင့်ဝတ်နှင့် သတင်းမီဒီယာဖွံ့ဖြိုးရေးကော်မတီ အဖွဲ့ခေါင်းဆောင် ဦးအောင်ပြည့်စုံက ကျင့်ဝတ်သည် သတင်းသမားများအတွက် အရေးအကြီးဆုံး ဖြစ်ပါကြောင်း၊ ယခုလိုသတင်းအမှားများက ပြည်သူအတွက် အဆိပ်သင့်နေချိန်မှာ သတင်းအမှန်များကို အချက်အလက်များနှင့် ဖော်ပြနိုင်ဖို့ ယခုသင်တန်းတွင် ဆွေးနွေးခဲ့ကြပြီးဖြစ်ပါကြောင်း၊ နိုင်ငံတော်ရဲ့ ဒီမိုကရေစီတည်ဆောက်ရေးလမ်းကြောင်းမှာ မီဒီယာသမားများအနေဖြင့် ကျင့်ဝတ်နှင့်အညီ သတင်းရယူဆောင်ရွက်ပေးကြရန်လိုအပ်ပါကြောင်း ပြောကြားသည်။

**သင်တန်းဆင်းလက်မှတ်ပေးအပ်**

သင်တန်းဆင်းလက်မှတ်ကို ဒုတိယဥက္ကဋ္ဌ(၁)ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး) ကပေးအပ်ခဲ့ပြီး သင်တန်းသားများကလည်း သင်တန်းမှူး ဦးအောင်ပြည့်စုံကို စုပေါင်းလက်ဆောင် ပေးအပ်ခဲ့သည်။

စက်တင်ဘာ ၁၆ ရက်မှ ၂၂ ရက်အထိ ကျင်းပပြုလုပ်ခဲ့သည့် သတင်းမီဒီယာသမားများအရည်အသွေး မြှင့်တင်ရေး သင်တန်းအမှတ်စဉ်(၂)ကို သင်တန်းသားသင်တန်းသူ စုစုပေါင်း ၁၆ ဦး တက်ရောက်ခဲ့ပြီး သင်တန်းကာလအတွင်း သတင်းအမှားများကို ပြန်လည်ချေဖျက်ရေးသားနိုင်မည့် သတင်းအမှန်များကို အချက်အလက်နှင့် ဖော်ပြနိုင်ရေး၊ သတင်းသမားကျင့်ဝတ်ဥပဒေများနှင့် ရုပ်သံ၊ ကင်မရာရိုက်ကူးခြင်းများ အပါအဝင် သတင်းနှင့်သက်ဆိုင်သည့် ဘာသာရပ်များကို ကောင်စီဝင် သင်တန်းနည်းပြများက ပို့ချခဲ့ကြကြောင်း သိရသည်။

**မောင်နိုင်**

## သက်ရှိကမ္ဘာ ရှင်သန်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့

■ စာမျက်နှာ ၈ မှ

မြန်မာ့မြေကို ကျူးကျော်သူ တရုတ်ဖြူများကို တိုက်ထုတ်ပစ်ခဲ့ရသည့် မဲခေါင်စစ်ဆင်ရေးတွင် မြန်မာ့တပ်မတော်က အမေရိကန်လက်နက်ခဲယမ်းမီးကျောက် အမြောက်အမြားကို သိမ်းဆည်းရမိခဲ့သည်။ ထိုကိစ္စကိုအကြောင်းပြု၍ ၁၉၆၁ ခုနှစ် ဖေဖော်ဝါရီလ ၂၁ ရက်နေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ရှိ အမေရိကန်သံရုံးကို ရန်ကုန်တက္ကသိုလ်ကျောင်းသားများက ဝိုင်းဝန်း၍ ဆန္ဒပြခဲ့ကြလေသည်။

ထိုဆန္ဒပြမှုဖြစ်စဉ်တွင် ကမ္ဘာလှည့်ခရီးသည်တစ်ဦးဖြစ်သူ နိုင်ဂျီးရီးယားနိုင်ငံသား အဂျလာဆိုသူသည်လည်း ရှေ့ဆုံးမှပါဝင်လာခဲ့သည်။ အဂျလာသည် စည်းကမ်းသေဝပ်စွာ ဆန္ဒပြနေကြသော တက္ကသိုလ်ကျောင်းသားများကြားမှ အုတ်နီခဲအကျိုးအပဲ့များကိုကောက်၍ အမေရိကန်သံရုံးကို ပစ်ပေါက်ပါလေတော့သည်။ ဗန္ဓုလပန်းခြံအတွင်းမှ ကုလားဒိန်တစ်စုကလည်း ခဲများဖြင့်ပစ်ပေါက်ရာ သံရုံးကိုထိမှန်သည်ထက် တက္ကသိုလ်ကျောင်းသားများကို ပို၍ထိမှန်လေတော့သည်။

ထိုအခါ စည်းကမ်းသေဝပ်စွာ ဆန္ဒပြနေကြသော တက္ကသိုလ်ကျောင်းသားများသည် ဒေါသကို မထိန်းနိုင်တော့ဘဲ အကြမ်းပြန်ဖက်ကြလေတော့သည်။ တောမီးလောင်လျှင် တောကြောင်လက်ခမောင်းခတ်ဆိုဘိသကဲ့သို့ ရန်ကုန်ဆင်ခြေဖုံးမှ လူဆိုးစာရင်းဝင် လူပေလူတေများသည် တွေ့ကရာလိုက်၍ ရိုက်ခွဲဖျက်ဆီးလုလားယက်လားဖြင့် ရုန်းရင်းဆန်ခတ်မှုများ ပေါ်ပေါက်လာသည်။ ရန်ကုန်တစ်မြို့လုံးသို့ ကူးစက်ပြန့်ပွားသွားလေတော့သည်။ စာရင်းချုပ်တော့ ဆန္ဒပြသူလူထုကြီးထဲမှ လူသုံးဦးသေဆုံးကာ လူ ၅၀ ကျော် ဒဏ်ရာရရှိခဲ့သည်။ လက်သည်တရားခံ အဂျလာမှာမူ ကျောက်တံတားရဲဌာနအတွင်း၌ ကြာကြာမနေလိုက်ရပါ။ အင်္ဂလိပ်သတင်းစာတိုက်ကြီးတစ်တိုက်မှ အယ်ဒီတာချုပ်တစ်ဦးနှင့် အယ်ဒီတာတစ်ဦးတို့က ငွေ ၅၀၀၀ ကျပ်တန် အာမခံပေး၍ ပြည်နှင်ဒဏ်မျှသာခံယူပြီး လေကြောင်းခရီးဖြင့် သက်သက်သာသာ ပြည်တော်ပြန်သွားနိုင်ခဲ့လေသည်။

**သိက္ခာချခံခဲ့ရ**

အဂျလာ၏ ကျူးသွင်းမှုထဲတွင် ဝင်သွားပြီး ရုန်းရင်းဆန်ခတ်ဖြစ်ပွားခဲ့သောကြောင့် မြန်မာ့တပ်မတော်၏ မဲခေါင်စစ်ဆင်ရေးအောင်ပွဲမှာ မှေးမှိန်သွားခဲ့ရလုနီးနီး ဖြစ်ခဲ့ရလေသည်။ ရန်ကုန်မြို့မှ ပြည်ချစ်မျိုးချစ်လူထုကြီးနှင့် ရန်ကုန်တက္ကသိုလ်ကျောင်းတော်သားများ၏ နယ်ချဲ့ဆန့်ကျင်ရေးဆန္ဒထုတ်ဖော်ပြသပွဲကြီးမှာ မြေပေါ်မြေအောက် လက်ဝဲသမားများ၏ အကြမ်းဖက်မှု၊ ဆူပူခိုင်းမှုဖြစ်သယောင်ယောင် သိက္ခာချခံခဲ့ရသည်။

ထိုစဉ်က မြန်မာနိုင်ငံ ရန်ကုန်မြို့ရှိ နိုင်ငံခြားသတင်းဌာနနှင့် သတင်းကိုယ်စားလှယ်များမှာ မြန်မာနိုင်ငံသား နည်းပါးလွန်းလှပြီး ကပြားနှင့် နိုင်ငံခြားသားများသာ ဖြစ်နေကြသည်။ မဲခေါင်စစ်ဆင်ရေးမှ ပေါက်ဖွားလာသော ရန်ကုန်မြို့မှ အဖြစ်အပျက်သတင်းများကို ကမ္ဘာသို့ ဖြန့်ချိခဲ့ရာ၌ အဓိပ္ပာယ်တစ်မျိုး သက်ရောက်သွားအောင် ပူးပေါင်းကြံစည်လုပ်ကြံမှုကို ခံခဲ့ရလေသည်။ မျိုးချစ်ပြည်သူများ၏ ကိုလိုနီနယ်ချဲ့စနစ် ဆန့်ကျင်ရေးနှင့် နယ်ချဲ့ကျူးကျော်မှု ရှုတ်ချရေးအဟုန်လည်း တန့်ပြီး မှေးမှိန်ပျောက်ကွယ်သွားခဲ့ရလေသည်။

ထို့ကြောင့် တော်လှန်ရေးအစိုးရတက်လာပြီးသည့်အခါတွင် မြန်မာနိုင်ငံ၌ ခြေကုပ်စခန်းများဖွင့်ထား၊ ယူထားကြသည့် နိုင်ငံခြားအဖွဲ့အစည်းမှန်သမျှတို့ကို ဖျက်သိမ်းပစ်၍ ရုပ်သိမ်းပစ်သင့်သည်များကို ရုပ်သိမ်းပစ်ခဲ့ရကာ ပြည်သူပိုင်သိမ်းယူသင့်သည်များကို ပြည်သူပိုင်သိမ်းယူခဲ့ရလေသည်။ အာရှဖောင်ဒေးရှင်းနှင့် ဖို့ဒ်ဖောင်ဒေးရှင်းစသောအဖွဲ့ကြီးတို့ကိုလည်း ရုပ်သိမ်းဖျက်သိမ်းပစ်ခဲ့ရလေသည်။

**တစ်ကျော့ပြန် အခြေစိုက်ခဲ့ကြ**

သို့တစေ ၂၀၀၈ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ တစ်ကျော့ပြန် ဒီမိုကရေစီစနစ်အရ ပေါ်ပေါက်ခဲ့သော ရွေးကောက်ခံအစိုးရသက်တမ်းနှစ်ဆက် ဆယ်စုနှစ်ကာလများတွင် ဂျော့ဆိုရော့စ်ဖောင်ဒေးရှင်းအပါအဝင် အနောက်နိုင်ငံများမှ ဖောင်ဒေးရှင်းများစွာတို့ မြန်မာ့မြေပေါ်သို့ တစ်ကျော့ပြန် အခြေစိုက်ခဲ့ကြပြန်ပါသည်။

ရဲရဲတောက်တောက် ဒီမိုကရေစီဘက်တော်သား သတင်းမီဒီယာများလည်း ပေါ်ထွက်လာကြသည်။ ပြုပြင်ပြောင်းလဲမှုများစွာဖြင့် မြန်မာ့နွေဦးကို အကောင်အထည်ဖော်ခဲ့သူ သမ္မတဦးသိန်းစိန်အစိုးရလက်ထက်တွင် စာနယ်ဇင်းလွတ်လပ်ခွင့်၊ ဒီမိုကရေစီရေး၊ လူ့အခွင့်အရေး ဘာရေးညာရေးဟု ဆိုကာ လက်သီးလက်မောင်းတွေ တန်းလာကြသည်။

ဒီမိုကရေစီအိုင်ကွန်ဟုဆိုသည့် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သော NLD အစိုးရလက်ထက်တွင်မူ အုပ်ချုပ်ရေးမဏ္ဍိုင်ကို စတုတ္ထမဏ္ဍိုင်က ထိန်းညှိရမည့်အစား တပ်မတော်ဖြို့ခွဲရေးကို ပစ်မှတ်ထားလာကြသည်။ ရခိုင်ပြည်အရေးနှင့် ပတ်သက်၍ ပို၍ခြေစွာလာကြသည်။ ဝလုံးတို့လို သတင်းမီဒီယာသမားများ ပေါ်ထွက်လာသည်။

**၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲကာလတွင်မူ ပြည်ပငွေကြေးအထောက်အပံ့များ ရယူထားသော သတင်းမီဒီယာအချို့သည် သူတို့လိုလားသူများကို သာသာထိုးထိုး ချီးမြှောက်ရေးသားဖော်ပြခဲ့ကြသည်။ အခြေခံလူတန်းစားများ ထောက်ခံလာကြသော ပါတီသစ်တစ်ခုကို အိမ်နီးချင်းနိုင်ငံတစ်နိုင်ငံမှ ငွေကြေးထောက်ပံ့မှု ရယူထားသည်ဟုဆိုကာ ပါတီဖျက်သိမ်းပစ်နိုင်ခဲ့သည်အထိ အလဲထိုးခဲ့သည်။ အချက်အလက်များမှာ တိကျစုံလင်လှ၍ ပြည်တွင်းအဆင့်မျှ မဟုတ်တန်ရာ။ နိုင်ငံတကာအဆင့်အဖွဲ့အစည်းကြီးများသာ လက်လှမ်းမီနိုင်သည့် စာရင်းဇယားအချက်အလက်များသာ ဖြစ်တန်ရာ၏။**

**အမှန်တရားနှင့် ဝေးကွာလာသူ**

လက်ရှိ မြန်မာ့နိုင်ငံရေးအကူးအပြောင်းကာလတွင်လည်း **အဆိုပါ ပြည်ပသြဇာခံမီဒီယာအချို့သည် ပြည်ပအလိုကျ တစ်ဖက်သတ်အမြင်၊ တစ်ဖက်သတ်အတွေးတို့ဖြင့် မြေပြင်မှ ပကတိအမှန်တရားကို အများပြည်သူများ ဝေဝါးစေရန်၊ ကမ္ဘာက မြန်မာကို အထင်မှား၊ အမြင်မှားစေရန် လုပ်ကြံဖန်တီးနေကြဆဲပင်။ ထိုသို့သော ပြည်ပသြဇာခံ မီဒီယာအချို့၏ လုပ်ကြံဖန်တီးထားသော သတင်းလိမ်၊သတင်းအမှားများကို စိတ်ခံစားချက်အလို့ငှာ တစ်ဖက်သတ်အမြင်၊ တစ်ဖက်သတ်အတွေးဖြင့် လက်ခံနားယောင်ရင်း အမှန်တရားနှင့် တစ်စတစ်စ ဝေးကွာလာသူ ဖော်ပြပါ တက္ကစီယာဉ်မောင်း ဆရာကြီးလိုလူစား အများအပြားကလည်း ရှိနေကြဆဲပင်။**

သို့ဖြစ်၍ အမှန်တရားကို လိုလားသူ၊ မြတ်နိုးသူတိုင်းသည် အမှန်တရားကို ရှာဖွေရာတွင် "တစ်ဆင့်ကြားစကားနဲ့လည်း မရှာနဲ့။ Tradition ဆိုတဲ့အစဉ်အလာနဲ့လည်း မရှာနဲ့။ လူပြောသူပြောဒီလိုတဲ့ဆိုတာနဲ့လည်း မရှာနဲ့။ စာထဲမှာပါတယ်ဆိုတာနဲ့လည်း မရှာနဲ့၊ မဆုံးဖြတ်နဲ့။ Logic နည်းနဲ့လည်း မဆုံးဖြတ်နဲ့။ အနုမာန အတွေးအခေါ်မျိုးနဲ့လည်း မဆုံးဖြတ်နဲ့။ ကြောင်းကျိုးဆင်ခြင်တဲ့နည်းနဲ့လည်း မဆုံးဖြတ်နဲ့။ ငါ့အယူဝါဒနဲ့ ကိုက်ညီတယ်ဆိုတာနဲ့လည်း မဆုံးဖြတ်နဲ့။ ဖြစ်နိုင်တယ်ဆိုတာနဲ့လည်း မဆုံးဖြတ်နဲ့။ တို့ဆရာပြောတဲ့စကားဆိုတာနဲ့လည်း မဆုံးဖြတ်နဲ့။ ကိုယ်ပိုင်ဉာဏ်နဲ့သိပြီးဆုံးဖြတ်ပါ" ဟူသည့် မြတ်စွာဘုရားရှင် ဟောကြားတော်မူခဲ့သော "ကာလာမသုတ်" တရားတော်နှင့်အညီ မြန်မာပြည်သူများ ဆုံးဖြတ်ကြပါကုန်။ ။

# မော်လမြိုင်မြို့လုံးကျွတ် ဆွမ်းဆန်တော်လှူဒါန်းရေးအဖွဲ့သို့ ဆွမ်းဆန်တော်အိတ် ၅၀၀ လှူဒါန်း

**မော်လမြိုင် စက်တင်ဘာ ၂၂**
မော်လမြိုင်မြို့လုံးကျွတ် ဆွမ်းဆန်တော်လှူဒါန်းရေးအဖွဲ့သို့ ဆွမ်းဆန်တော်အိတ်များ လှူဒါန်းခြင်းအခမ်းအနားကို ယမန်နေ့မွန်းလွဲ ၁ နာရီက မော်လမြိုင်မြို့ ဘိုကုန်းရပ်ကွက် ဓမ္မနန္ဒီပရိယတ္တိစာသင်တိုက်တွင် ကျင်းပသည်။

**ဆက်ကပ်လှူဒါန်း**

မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုမောင်၊ ပြည်နယ်ဝန်ကြီးများ၊ အလှူရှင်များက ဆရာတော်များထံ လှူဖွယ်ပစ္စည်းများနှင့် ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ သီတာနန္ဒီကျောင်းဆောင်နှင့် သိမ်ပြုပြင်အသစ်ဆောက်လုပ်ရန် မတည်အလှူရှင်သုံးဦးက ငွေကျပ်သိန်း ၁၃၀၀ လှူဒါန်းရာ ပြည်နယ်ဝန်ကြီးချုပ်က လက်ခံရယူခဲ့သည်။

ထို့နောက် ဆရာတော်၊ သံဃာတော်များ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့၊ အလှူရှင်များသည် ဓမ္မနန္ဒီပရိယတ္တိစာသင်တိုက်ဝင်းအတွင်း အသစ်ဆောက်လုပ်မည့် ထေရာဝါသကျောင်းဆောင်သစ်အတွက် ပန္နက်တော်တင်ပေးခဲ့ကြောင်း သိရသည်။ **ဇာဖြူဝင်း(ပြန်/ဆက်)**

# လောက်ကိုင်မြို့ ယာယီနယ်စပ်ဂိတ်ဖွင့်လှစ်မည့်နေရာသို့ ကွင်းဆင်းစစ်ဆေး

**လားရှိုး စက်တင်ဘာ ၂၂**
ရှမ်းပြည်နယ်ဝန်ကြီးချုပ်ဒေါက်တာကျော်ထွန်းနှင့် တာဝန်ရှိသူများသည် ယမန်နေ့ နံနက် ၉ နာရီက ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့ရှိ မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ်ဂိတ် ရန်လုံကြိုင်းတံတားသို့ ကွင်းဆင်း ကြည့်ရှုစစ်ဆေးခဲ့ပြီး ထိုမှတစ်ဆင့် BP-125 အနီးရှိ နှစ်နိုင်ငံ ယာယီနယ်စပ်ဂိတ်ဖွင့်လှစ်မည့်နေရာနှင့် ကန့်သတ်စောင့်ကြည့်ရေးစင်တာ ဆောင်ရွက်ထားရှိမှု အခြေအနေတို့ကို သွားရောက်ကြည့်ရှု စစ်ဆေးသည်။



**ထောက်ပံ့ပေးအပ်**

ထို့နောက် ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့ ပြည်သူ့ဆေးရုံသို့သွားရောက်၍ ကိုဗစ်-၁၉ရောဂါကာကွယ်ရေးသုံးပစ္စည်းများနှင့် ငွေကျပ်သိန်း ၂၀ တို့ကို လှူဒါန်းပြီး မိုးလုံလေလုံ အားကစားခန်းမ ကန့်သတ်စောင့်ကြည့်ရေးစင်တာ၌ ကူညီဆောင်ရွက်ပေးလျက်ရှိသည့် ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် စေတနာ့ဝန်ထမ်းများအတွက် ငွေကျပ်သိန်း ၂၀ အား လည်းကောင်း၊ ကိုဗစ်-၁၉ ရောဂါ အတည်ပြု လူနာများအတွက် လိုအပ်သော ကျွေးမွေးစရိတ်၊ ကျန်းမာရေးအထောက်အကူပြု ပစ္စည်းများအတွက် ငွေကျပ်သိန်း ၂၀ အားလည်းကောင်း ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးရုံး အစည်းအဝေးခန်းမတွင် ဒေသဦးစီးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံကာ နိုင်ငံတော်အတွက် ပညာရေးသည် အရေးကြီးကြောင်း၊ ကိုဗစ်-၁၉ ရောဂါပိုး ကူးစက်မှုနှုန်း ကျဆင်းလာသဖြင့် အခြေခံပညာကျောင်းများ အဆင်သင့်ပြင်ထားရန်လိုကြောင်း ပြောကြားသည်။

ယင်းနောက် ရှမ်းပြည်နယ်ဝန်ကြီးချုပ်က ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးရုံး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (လောက်ကိုင်၊ ကုန်းကြမ်း) တို့အတွက် ထောက်ပံ့ငွေကျပ် ၁၀ သိန်းစီ စုစုပေါင်းငွေကျပ်သိန်း ၃၀နှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးသုံးပစ္စည်းများ ထောက်ပံ့ပြီး ဒေသဦးစီးရုံး ဇာတ်ရုံခန်းမတွင် လည်ပတ်လျက်ရှိသော အောက်ဆီဂျင်စက်ရုံ နေရာကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ လားရှိုးမြို့ ရေစီးရေလာကောင်းမွန်ရေး ရေမြောင်းတူးဖော်ခြင်းနှင့် မြို့တွင်း အဓိကလမ်းမကြီးများ၊ လမ်းနယ်မလွတ်သော သစ်ကိုင်းများ ခုတ်ထွင် ရှင်းလင်းခြင်းတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

**ဟန်ဒွေး (ခရိုင် ပြန်/ဆက်)**

# ဈေးနှုန်းသက်သာသည့် စားအုန်းဆီ ဖြန့်ဖြူးရောင်းချမှုအစီအစဉ် ဆက်လက်ဆောင်ရွက်

## စုစုပေါင်း ပိဿာ ၁၂၃၀၃၅၀၊ တန်ချိန် ၂၀၁၀ ရောင်းချ

**နေပြည်တော် စက်တင်ဘာ ၂၂**
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းစီစဉ်မှုဖြင့် စားသုံးသူပြည်သူများ သက်သာသောဈေးနှုန်းဖြင့် ဝယ်ယူရရှိနိုင်ရန် ရည်ရွယ်၍ ဗဟိုဘဏ်မှ ရည်ညွှန်းငွေလဲနှုန်းဖြင့် တိုက်ရိုက်ရောင်းချပေးသည့် နိုင်ငံခြားငွေဖြင့် မှာယူတင်သွင်းသော စားအုန်းဆီများကို စက်တင်ဘာ ၂၀ ရက်မှစတင် ရောင်းချလျက်ရှိရာ ယနေ့ထိ ရန်ကုန်တိုင်းဒေသကြီးတွင် စားအုန်းဆီပိဿာ ၇၆၈၃၅၀၊ တန်ချိန် ၁၂၅၅ တန်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် စားအုန်းဆီပိဿာ ၄၆၂၀၀၀၊ တန်ချိန် ၇၅၅ တန် စုစုပေါင်း ပိဿာ ၁၂၃၀၃၅၀၊ တန်ချိန် ၂၀၁၀ ရောင်းချခဲ့ပြီးဖြစ်သည်။

ကျန်တိုင်းဒေသကြီး/ပြည်နယ်များသို့လည်း ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ပြီး စားအုန်းဆီများကို လက်ကားဝယ်ယူ ရောင်းချသူများအနေဖြင့် လက်လီအရောင်းဆိုင်များတွင် အသားတင်အကျိုးအမြတ် နှစ်ရာခိုင်နှုန်းထက်မပိုသည့် ဈေးနှုန်းဖြင့် စားသုံးသူပြည်သူများသို့ ပြန်လည်ဖြန့်ဖြူးရောင်းချ သွားရမည်ဖြစ်သည်။ ရန်ကုန်မြို့အတွင်းရှိ စားသုံးသူများအတွက် အသင်း၏အစီအစဉ်ဖြင့် ရပ်ကွက်များသို့ ဈေးကားများဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိပြီး စားသုံးသူပြည်သူများသို့ လက်လီ/လက်ကား ဖြန့်ဖြူးရောင်းချပေးမည့်လုပ်ငန်းရှင်များအနေဖြင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၊ အမှတ် (၁၀၄/၁၀၈) ကမ်းနားလမ်း လွတ်လပ်ရေး ရပ်ကွက် (ဆင်မင်းအိမ်ရာဓမ္မာရုံရှေ့) အလုံမြို့နယ်၊ ဖုန်း - ၀၉၄၄၄၄၃၇၂၉၅၊ ၀၉၄၀၁၅၂၇၀၄၉ နှင့် ရန်ကုန်တိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာန ဖုန်း - ၀၁၂၅၀၂၇၀၊ ၀၉၄၃၆၆၆၆၆၈ တို့သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

# မြန်မာ့ပင်လယ်ပြင် အခြေအနေ

**နေပြည်တော် စက်တင်ဘာ ၂၂**
မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ၁၀ ပေခန့်နှင့် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

# စားဝတ်နေရေးခက်ခဲသော အခြေခံလူတန်းစားများအတွက် ထောက်ပံ့

**ပဲခူး စက်တင်ဘာ ၂၂**
ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်၏ လမ်းညွှန်ချက်အရ ပဲခူးခရိုင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ၊ ပဲခူးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၏ အနီးကပ်ကြီးကြပ်မှုဖြင့် ယမန်နေ့ ညနေ ၄ နာရီက ပဲခူးမြို့ ဟံသာဝတီရပ်ကွက်ရှိ စားဝတ်နေရေး ခက်ခဲသည့် အခြေခံလူတန်းစား အိမ်ထောင်စု ၁၀၀ ကျော်အတွက် အခြေခံစားကုန်များအား ပဲခူးခရိုင်နှင့် ပဲခူးမြို့နယ် ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဝင်များ၊ ခရိုင်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများက ဒုတိယနေ့အဖြစ် လိုက်လံထောက်ပံ့ပေးကြသည်။




စားဝတ်နေရေး ခက်ခဲသည့် အိမ်ထောင်စု တစ်စုလျှင် ဆန်ခြောက်ပြည်၊ ကုလားပဲခြမ်း ၃၀ ကျပ်သား၊ ကြက်သွန်နီ တစ်ပိဿာ၊ ကြက်ဥ၊ ဘဲဥ ၁၀ လုံးတို့အား ထောက်ပံ့ပေးခြင်းဖြစ်ကြောင်း သိရသည်။

ပထမဦးဆုံး နေ့အဖြစ် စက်တင်ဘာ ၂၀ ရက်က ဥဿာမြို့သစ်၊ (၇) ရပ်ကွက်၊ နယ်မြေ (၁၃)၊ ဓမ္မပါလလမ်းကွက်သစ်နှင့် ဘဲတဲစုများအတွင်းရှိ စားဝတ်နေရေးခက်ခဲသည့် အခြေခံလူတန်းစား အိမ်ထောင်စု ၁၃၀ ကျော်အတွက် အခြေခံစားကုန်များအား သွားရောက်ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

# လူဦးရေ ၅၆၀ ကျော် အသုံးပြုနိုင်မည့် ရေသန့်စင်စနစ် ဆောင်ရွက်

**ကျိုက်လတ် စက်တင်ဘာ ၂၂**
ဧရာဝတီတိုင်း ဒေသကြီး ကျိုက်လတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၁၉ ဒသမ ၉၈ သန်းဖြင့် ပေချောင်ကျေးရွာ၌ Hyper Myanmar Relief International Co.Ltd က တာဝန်ယူဆောင်ရွက်လျက်ရှိသော ရေသန့်စင်စနစ် တည်ဆောက်ပြီးစီးမှု အခြေအနေကို ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။



**ရှင်းလင်းပြောကြား**

မြို့နယ်ကျေးလက်ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်မြင့်ထွန်း၊ တာဝန်ခံအင်ဂျင်နီယာနှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုခဲ့ရာ တာဝန်ယူ ဆောင်ရွက်လျက်ရှိသော ကုမ္ပဏီတာဝန်ရှိသူများက ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။ ယခု တည်ဆောက်လျက်ရှိသည့် ရေသန့်စင်စနစ်မှာ မွန်းလဖောချောင်းရေကို ဂါလန် ၂၄၀၀ ဆံ့ အမြင့်တင်ရေစင်သို့ ဆိုလာပန့်ဖြင့် စုပ်တင်၍ Filter ၁၂ လုံးဖြင့် ရေသန့်စင်၍ လီတာ ၁၀၀၀ ဆံ့ Tank လေးလုံးအသုံးပြုပြီး သန့်စင်သည့်ရေများ ဖြန့်ဝေပေးသွားမည်ဖြစ်ရာ လုပ်ငန်းများဆောင်ရွက်ပြီးစီးသွားပါက ပေချောင်ကျေးရွာရှိ အိမ်ထောင်စု ၁၂၁ စု၊ လူဦးရေ ၅၆၆ ဦးအတွက် ရာသီမရွေးအသုံးပြုနိုင်ကြမည်ဖြစ်သည်။ **ကိုလွင်**

# အိန္ဒိယဝန်ကြီးချုပ် မိုဒီ အမေရိကန်နိုင်ငံသို့ အလည်အပတ်ခရီး ထွက်ခွာ



**နယူးဒေလီ စက်တင်ဘာ ၂၂**
အိန္ဒိယဝန်ကြီးချုပ် မိုဒီသည် အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်၏ ဖိတ်ကြားချက်အရ အမေရိကန်နိုင်ငံသို့ အလည်အပတ်ခရီး ယနေ့စတင်ထွက်ခွာခဲ့ကြောင်း သိရသည်။

**မိန့်ခွန်းပြောကြား**

အဆိုပါလေးရက်တာ ခရီးစဉ်အတွင်း ဝန်ကြီးချုပ်မိုဒီက ကုလသမဂ္ဂအထွေထွေညီလာခံ၌ တက်ရောက်မိန့်ခွန်းပြောကြားမည်ဖြစ်သည်။ ကိုဗစ်-၁၉ ရောဂါ အပါအဝင် ကမ္ဘာတစ်ဝန်းရင်ဆိုင်နေရသည့် စိန်ခေါ်မှုများ၊ အကြမ်းဖက်မှု တိုက်ဖျက်ရေးဆိုင်ရာ လုပ်ငန်းစဉ်များ၊ ရာသီဥတု ပြောင်းလဲမှုဖြစ်စဉ်များနှင့် အခြားအရေးပါသည့် ကိစ္စရပ်များကို ထည့်သွင်းပြောကြားဖွယ် ရှိကြောင်း သိရသည်။

ထို့ပြင် ဝန်ကြီးချုပ်မိုဒီက အမေရိကန်နိုင်ငံ ဒုတိယသမ္မတ ကာမာလာဟားရစ်နှင့်တွေ့ဆုံပြီး ဒေသတွင်းနှင့် ကမ္ဘာ့ရေးရာကိစ္စရပ်များနှင့်ပတ်သက်ပြီး အမြင်ချင်းဖလှယ်မည့်အပြင် သိပ္ပံနှင့် နည်းပညာကဏ္ဍတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ အခွင့်အလမ်းများကိုလည်း ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - အောင်ကျော်ကျော်

■



# နျူကလီးယားဆွေးနွေးမှုများ ပြန်လည်စတင်မည်ဟု အီရန်ပြောကြား

**တီဟီရန် စက်တင်ဘာ ၂၂**
အီရန်သမ္မတ အီဘရာဟင်ရိုင်စီ အစိုးရသည် နျူကလီးယားဆိုင်ရာဆွေးနွေးမှုများကို မကြာမီ ပြန်လည်စတင်မည်ဖြစ်ကြောင်းနှင့် ၂၀၁၅ ခုနှစ် နျူကလီးယား သဘောတူညီချက်ကို ပြန်လည်အသက်ဝင်လာစေရန် ဆန္ဒရှိကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီး ဟူစိန်အန်မာအဒိုလာဟင်က ယနေ့ပြောကြားသည်။ မိမိတို့အနေဖြင့် လက်ရှိအချိန်၌ ယခင်ဆွေးနွေးမှုများကို ပြန်လည်သုံးသပ်လျက်ရှိပြီး နျူကလီးယားအရေး ဆွေးနွေးမှုများ ပြန်လည်ပြုလုပ်သွားရန်ရှိကြောင်း နယူးယောက်မြို့ရှိ ကုလသမဂ္ဂ အထွေထွေညီလာခံ၌ ၎င်းက ယမန်နေ့တွင် ပြောကြားသည်။

သို့ရာတွင် အီရန်အနေဖြင့် အမေရိကန်နိုင်ငံ၏ အပြုသဘောမဆောင်သော လုပ်ဆောင်ချက်များ အပေါ်၌လည်း လက်သင့်ခံမည်မဟုတ်ကြောင်း ၎င်းက ပြောကြားသည်။ လက်ရှိအချိန်၌ အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်၏ အီရန်အပေါ်ထားရှိသော မူဝါဒများသည် အပြုသဘောမဆောင်သည်ကို တွေ့ရှိရကြောင်း ဟူစိန်အန်မာအဒိုလာဟင်က ပြောကြားသည်။ သမ္မတဟောင်းထရန့်အား ဂျိုးဘိုင်ဒင်အနေဖြင့် နှုတ်မှဝေဖန်ပြောကြားမှုများရှိသော်လည်း အီရန်အပေါ်ထားရှိသော အမေရိကန်၏ မူဝါဒမှာ ပြောင်းလဲခြင်းမရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ကိုးကား - အင်န်အိတ်ချ်ကေ
ဘာသာပြန် - စိုးသူရ

# ထိုင်းနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၁၂၅၂ ဦး ထပ်မံတွေ့ရှိ

**ဗန်ကောက် စက်တင်ဘာ ၂၂**
ထိုင်းနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၁၂၅၂ ဦး ထပ်မံတွေ့ရှိခဲ့ရာ ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၁၅၁၁၃၅၇ ဦး ရှိလာပြီဖြစ်သည်။

အလားတူ ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် ၁၄၁ ဦး ထပ်မံသေဆုံးခဲ့ရာ သေဆုံးသူပေါင်း ၁၅၇၅၃ ဦးရှိလာသည်။

ရောဂါထပ်မံကူးစက်ခံရသူများအနက် ၄၀၀၀ နီးပါးသည် မြို့တော်ဗန်ကောက်မှဖြစ်ပြီး ကျန်ရောဂါကူးစက်ခံရသူများသည် အိမ်နီးချင်းခရိုင်များမှ ဖြစ်သည်။ ဗန်ကောက်မြို့တော်သည် ဧပြီလအစောပိုင်းမှစပြီး ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုဒဏ်ကို ဆိုးရွားစွာခံစားနေရသည်။

လွန်ခဲ့သော ၂၄ နာရီအတွင်း ရောဂါမှ ပြန်လည်သက်သာလာသည့်အတွက် လူနာ ၁၃၆၉၅ ဦး ဆေးရုံများမှ ပြန်လည်ဆင်းသွားခဲ့ရာ ကျန်းမာရေးပြန်လည်ကောင်းမွန်လာသူပေါင်း ၁၃၆၆၅၃၃ ဦး ရှိပြီဖြစ်သည်။

လက်ရှိအချိန်အထိ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ၄၆ သန်း ထိုးနှံပေးပြီးဖြစ်ပြီး နိုင်ငံလူဦးရေ၏ ၂၂ ရာခိုင်နှုန်းသည် ကာကွယ်ဆေးနှစ်ကြိမ်စလုံး ထိုးနှံမှုခံယူပြီးကြောင်း သိရသည်။ ထို့ပြင် တတိယအကြိမ် ကာကွယ်ဆေးထိုးနှံမှုခံယူပြီးသူ ၆၂၀၀၀ ဦးရှိပြီဖြစ်သည်။

လူဦးရေ သန်း ၇၀ နီးပါးရှိသည့်အနက် ၇၀ ရာခိုင်နှုန်းအား ယခုနှစ်ကုန်ပိုင်းတွင် ကာကွယ်ဆေး ထိုးနှံပေးရန် ထိုင်းအစိုးရက စီစဉ်ထားသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အောင်ကျော်ကျော်**



# ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၁၅၂၇ ဦး ထပ်မံတွေ့ရှိ

**ဟန်နွိုင်း စက်တင်ဘာ ၂၂**
ဗီယက်နမ်နိုင်ငံ၌ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၁၅၂၇ ဦးအား ထပ်မံတွေ့ရှိရသဖြင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၇၁၈၉၆၃ ဦးရှိလာကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ထပ်မံကူးစက်ခံရသူများအနက် ၁၁၅၂၅ ဦးမှာ ပြည်တွင်း၌ ကူးစက်ခံရသူများဖြစ်ပြီး နှစ်ဦးမှာ ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးက ပြောကြားသည်။ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူများကို နိုင်ငံတောင်ပိုင်းဒေသများ၌ အများဆုံးတွေ့ရှိရပြီး ဟိုချီမင်းစီးတီး၌ ၅၄၃၅ ဦး၊ ဘင်ဒေါင်းခရိုင်၌ ၄၁၇၉ ဦးနှင့် ဒွန်နိုင်းခရိုင်၌ ၉၃၀ ကို အသီးသီးတွေ့ရှိရသည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်သက်သာလာ သူပေါင်း ၄၈၇၂၆၂ ဦးရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - စိုးသူရ

# ဖိလစ်ပိုင်နိုင်ငံ၌ ဗိုင်းရပ်စ်ကူးစက်ခံရသူ ၁၅၅၉၂ ဦး ထပ်မံတွေ့ရှိ

**မနီလာ စက်တင်ဘာ ၂၂**
ဖိလစ်ပိုင်နိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၅၅၉၂ ဦး ထပ်မံစစ်ဆေးတွေ့ရှိခဲ့ရာ ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၂၄၁၇၄၁၉ ဦးရှိကြောင်း ဖိလစ်ပိုင်ကျန်းမာရေးဝန်ကြီးဌာနက ယနေ့ သတင်းထုတ်ပြန်သည်။

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကြောင့် ၁၅၄ ဦး ထပ်မံသေဆုံးခဲ့ရာ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၃၇၂၂၈ ဦး ရှိလာသည်။



ကိုဗစ်-၁၉ ရောဂါကြောင့် ယခုနှစ်အတွင်း သေဆုံးမှုနှုန်းသည် ၂၀၂၀ ပြည့်နှစ် သေဆုံးမှုနှုန်းထက် ၁ ဒသမ ၄၇ ရာခိုင်နှုန်း လျော့ကျသွားကြောင်း ဖိလစ်ပိုင်ကျန်းမာရေးဝန်ကြီးဌာနက ဆိုသည်။

ကိုဗစ်-၁၉ ရောဂါကူးစက်မှုဒဏ်ကို ဆိုးရွားစွာခံစားနေရသည့် မြို့တော်မနီလာ၌ သေဆုံးမှုနှုန်းသည် ၁ ရာခိုင်နှုန်းထက် လျော့ကျလာကြောင်း သိရသည်။ ထို့ပြင် ယခုနှစ်အတွင်း သက်ကြီးရွယ်အိုများ သေဆုံးမှုနှုန်းသည်လည်း ယခင်နှစ်ကထက်နှစ်ဆ လျော့နည်းသွားကြောင်း သိရသည်။

နိုင်ငံအတွင်း ကာကွယ်ဆေးထိုးနှံမှုလုပ်ငန်းစဉ်များကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိသည့်အတွက် ယခုကဲ့သို့ သေဆုံးမှုနှုန်းများ လျော့ကျလာခြင်းဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီး မာရီယာ ရိုဆာရီယို ဗာဂျီရီက ဆိုသည်။

စက်တင်ဘာ ၁၁ ရက်တွင် ဗိုင်းရပ်စ်ကူးစက်ခံရသူ ၂၆၃၀၃ ဦး တွေ့ရှိပြီး အဆိုပါအရေအတွက်သည် နိုင်ငံအတွင်း ရောဂါစတင်ကူးစက်ပျံ့နှံ့သည့်အချိန်မှစပြီး နေ့စဉ်ကူးစက်မှုအရေအတွက် စံချိန်တင် အများဆုံးဖြစ်သည်။

လူဦးရေ သန်း ၁၁၀ ရှိသည့် ဖိလစ်ပိုင်နိုင်ငံတွင် ယမန်နှစ် ဇန်နဝါရီလမှစပြီး လက်ရှိအချိန်အထိ ပြည်သူ ၁၉ သန်းနီးပါးကို ရောဂါရှိ၊ မရှိ စစ်ဆေးမှုပြုလုပ်ပြီးဖြစ်သည်။

ကိုးကား- ဆင်ဟွာ
ဘာသာပြန်- အောင်ကျော်ကျော်




# ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကျန်းမာရေးစည်းကမ်းများ လိုက်နာမှု ရှိ၊ မရှိ စက်ရုပ်များဖြင့်စစ်ဆေးရန် စင်ကာပူ စမ်းသပ်ဆောင်ရွက်

စင်ကာပူ စက်တင်ဘာ ၂၂

စင်ကာပူနိုင်ငံ၌ နိုင်ငံသားများ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကျန်းမာရေးစည်းကမ်းများ လိုက်နာမှု ရှိ၊ မရှိ စက်ရုပ်များဖြင့် စစ်ဆေးသွားရန် စမ်းသပ်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါစက်ရုပ်များအနေဖြင့် လမ်းလျှောက်သွားလာသူများအား ချဉ်းကပ်ပြီး အရုပ်အသံများပါဝင်သော သတိပေးချက်များဖြင့် တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ရေး စည်းကမ်းအပါအဝင် လူငါးဦးထက် ပိုမိုမစုဝေးရန်စသော ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကျန်းမာရေးသတိပေးချက်များကို လိုက်နာရန်နှိုးဆော်သွားမည်ဖြစ်ပြီး ၎င်းစက်ရုပ်များက မှတ်တမ်းတင်ထားသော ဓာတ်ပုံများကို စောင့်ကြည့်ရေးစင်တာများသို့ ပေးပို့သွားမည်ဖြစ်သည်။

ယခုကဲ့သို့ စက်ရုပ်များဖြင့် ကျန်းမာရေးစည်းမျဉ်းများကို စစ်ဆေးခြင်းသည် နိုင်ငံသားများအား နှာခေါင်းစည်းဝတ်ဆင်ရေးနှင့် ခပ်ခွာခွာနေထိုင်ရေးတို့ကို လိုက်နာဆောင်ရွက်ရန် သတိပေးရာရောက်ကြောင်း ပြည်သူတစ်ဦးက ပြောကြားသည်။ စင်ကာပူနိုင်ငံသည် လက်ရှိအချိန်၌ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုလုပ်ငန်းကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသည်။

ကိုးကား - အင်န်အိတ်ချ်ကေ
ဘာသာပြန် - စိုးသူရ

# ဩစတြေးလျနိုင်ငံ မဲလ်ဘုန်းမြို့၌ ရစ်ချ်တာစကေး ၅ ဒသမ ၉ အဆင့်ရှိ အင်အားပြင်းငလျင်လှုပ်

မဲလ်ဘုန်း စက်တင်ဘာ ၂၂

ဩစတြေးလျနိုင်ငံ မဲလ်ဘုန်းမြို့၌ ရစ်ချ်တာစကေး ၅ ဒသမ ၉ အဆင့်ရှိ အင်အားပြင်းငလျင်တစ်ခု ယနေ့လှုပ်ခတ်ခဲ့ရာ မြို့အတွင်းရှိ လူနေတိုက်ခန်းများ ထိခိုက်ပျက်စီးခဲ့ကြောင်း သိရသည်။

အဆိုပါငလျင်သည် ဒေသစံတော်ချိန် နံနက် ၉ နာရီ ၁၅ မိနစ်တွင် မဲလ်ဘုန်းမြို့၌ လှုပ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း အမေရိကန်ဘူမိဗေဒအဖွဲ့၏ တိုင်းတာချက်အရ သိရသည်။ ငလျင်လှုပ်ခတ်မှု မြေအောက်အနက် ၁၀ ကီလိုမီတာ (၆ ဒသမ ၅ မိုင်) အထိ ရှိကြောင်း သိရသည်။

အဆိုပါငလျင်သည် ဩစတြေးလျနိုင်ငံ၏ သမိုင်းတွင် အင်အားအပြင်းထန်ဆုံးသော ငလျင်တစ်ခုအဖြစ် မှတ်တမ်းဝင်ကြောင်း ဩစတြေးလျဘူမိဗေဒကျွမ်းကျင်ပညာရှင်များက ဆိုသည်။

ငလျင်လှုပ်ခတ်မှုကြောင့် ထိခိုက်သေဆုံးမှုစာရင်းများ ယခုထက်တိုင် မတွေ့ရှိရသေးကြောင်းနှင့် ယင်းငလျင်သည် နိုင်ငံအတွင်း ရှားရှားပါးပါးလှုပ်ခတ်သော ငလျင်တစ်ခုဖြစ်ကြောင်း ဝန်ကြီးချုပ် စကော့မောရစ်ဆင်က ပြောသည်။

ငလျင်လှုပ်ခတ်ပြီးနောက် ပြင်းအား ၄ ဒသမ သုညအဆင့်နှင့် ၃ ဒသမ ၁ အဆင့်ရှိ နောက်ဆက်တွဲငလျင်များ ဆက်လက်လှုပ်ခတ်ခဲ့သည်။

ဩစတြေးလျနိုင်ငံ၌ ငလျင်လှုပ်ခတ်မှုသည် အဖြစ်နည်းသော ဖြစ်ရပ်တစ်ခုဖြစ်ကြောင်း ဩစတြေးလျဘူမိသိပ္ပံပညာရှင်များက ဆိုသည်။

မဲလ်ဘုန်းမြို့တွင် လူဦးရေ ငါးသန်းရှိပြီး လက်ရှိအချိန်တွင် ကိုဗစ်-၁၉ ရောဂါကူးစက်မှု မြင့်တက်လျက်ရှိခြင်းကြောင့် ခရီးသွားလာမှုကန့်သတ်ချက်ချမှတ်ထားလျက်ရှိသည်။

ကိုးကား- ဘီဘီစီ၊
ဘာသာပြန်- အောင်ကျော်ကျော်



# တူရကီနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၉၃၃၈ ဦးရှိ

အန်ကာရာ စက်တင်ဘာ ၂၂

တူရကီနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၉၃၃၈ ဦးရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ စုစုပေါင်း ၆၉၀၄၂၈၅ ဦးရှိလာကြောင်း တူရကီကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ထို့ပြင် တူရကီနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၂၆၀ ထပ်တိုးလာသဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၆၂၀၆၅ ဦးရှိလာကြောင်းနှင့် လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ ၂၃၃၆၀ ဦးရှိကြောင်း သိရသည်။

တူရကီနိုင်ငံသည် တရုတ်နိုင်ငံထုတ် Sinovac ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို နိုင်ငံအတွင်း အရေးပေါ်အသုံးပြုရန် တူရကီကျန်းမာရေးအာဏာပိုင်များက အတည်ပြုပေးခဲ့ပြီးနောက် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို ဇန်နဝါရီ ၁၄ ရက်တွင် စတင်ခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် တူရကီနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးတစ်ကြိမ်ထိုးနှံပြီးသူစုစုပေါင်း ၅၂ ဒသမ ၉၅ သန်းကျော်ရှိကြောင်း၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှစ်ကြိမ်ထိုးနှံပြီးသူစုစုပေါင်း ၄၂ ဒသမ ၅၃ သန်းကျော်ရှိကြောင်းနှင့် တတိယအကြိမ်ထိုးနှံပေးလျက်ရှိသည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများအပါအဝင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ ၁၀၆ သန်းကျော်အသုံးပြုပြီးဖြစ်ကြောင်း သိရသည်။

ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်

# အီရန်အပေါ်ချမှတ်ထားသည့် စီးပွားရေးပိတ်ဆို့မှုကို အမေရိကန်ဖြေလျှော့ပေးသင့်ဟု အီရန်အဏုမြူစွမ်းအင်အေဂျင်စီအကြီးအကဲ ပြောကြား

တီဟီရန် စက်တင်ဘာ ၂၂

အီရန်နိုင်ငံအပေါ်ချမှတ်ထားသည့် စီးပွားရေးပိတ်ဆို့မှုအားလုံးကို အမေရိကန်နိုင်ငံအနေဖြင့် ဖြေလျှော့ပေးသင့်ကြောင်း မကြာသေးမီက ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့၌ကျင်းပခဲ့သည့် နိုင်ငံတကာကွန်ဖရင့်တစ်ရပ်တွင် အီရန်အဏုမြူစွမ်းအင်အေဂျင်စီအကြီးအကဲ မိုဟာမက်အက်စ်လာမီက အင်န်အိတ်ချ်ကေသတင်းဌာနသို့ ပြောကြားသည်။

စက်တင်ဘာ ၂၀ ရက်က ဗီယင်နာ၌ ကျင်းပခဲ့သည့် အပြည်ပြည်ဆိုင်ရာအဏုမြူစွမ်းအင်အေဂျင်စီ၏ အထွေထွေအစည်းအဝေးတွင် အီရန်နိုင်ငံ၏ နျူကလီးယားအစီအစဉ်သည် ဦးစားပေးခေါင်းစဉ်ဖြစ်ခဲ့ကြောင်း သိရသည်။

အမေရိကန်နိုင်ငံ၏ မှားယွင်းသောမူဝါဒများကို ပြန်လည်ပြင်ဆင်ပေးသင့်ကြောင်း အီရန်အဏုမြူစွမ်းအင်အေဂျင်စီအကြီးအကဲ မိုဟာမက်အက်စ်လာမီက အလေးထားပြောကြားခဲ့သည်။ ထို့ပြင် အမေရိကန်နိုင်ငံသည် ၂၀၁၅ နျူကလီးယားသဘောတူညီချက်တွင် သဘောတူညီထားသည့် တာဝန်ဝတ္တရားများကို အကောင်အထည်ဖော်ရန် ပျက်ကွက်ခဲ့ကြောင်းလည်း မိုဟာမက်အက်စ်လာမီက အင်န်အိတ်ချ်ကေသတင်းဌာနသို့ ပြောကြားခဲ့သည်။

အီရန်နိုင်ငံအပေါ်ချမှတ်ထားသည့် စီးပွားရေးပိတ်ဆို့မှုအားလုံးကို ဖယ်ရှားကာ အီရန်နျူကလီးယားသဘောတူညီချက်များကို မြန်မြန်ပြန်လည်အကောင်အထည်ဖော်သင့်ကြောင်း မိုဟာမက်အက်စ်လာမီက ထပ်လောင်းပြောကြားသည်။

အမေရိကန်နိုင်ငံသည် သမ္မတဒေါ်နယ်ထရန့်လက်ထက်၂၀၁၈ ခုနှစ်အတွင်းက အီရန် နျူကလီးယားသဘောတူညီချက်မှ နုတ်ထွက်ခဲ့ခြင်းဖြစ်ပြီး အီရန်နိုင်ငံအား စီးပွားရေးပိတ်ဆို့မှုများ ပြန်လည်ချမှတ်ခဲ့ခြင်းဖြစ်သည်။

ကိုးကား-အင်န်အိတ်ချ်ကေ
ဘာသာပြန်- အလင်းသစ်




# အမေရိကန်နိုင်ငံက ကာကွယ်ဆေးအလုံးရေ သန်း ၅၀၀ ထပ်မံလှူဒါန်းမည်

ဝါရှင်တန် စက်တင်ဘာ ၂၂

အမေရိကန်နိုင်ငံက ကမ္ဘာ့နိုင်ငံများသို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ သန်း ၅၀၀ ထပ်မံထောက်ပံ့ပေးရန် စီစဉ်လျက်ရှိကြောင်း အိမ်ဖြူတော်တာဝန်ရှိသူများက ဆိုသည်။

**ဆွေးနွေး**

သမ္မတ ဂျိုးဘိုင်ဒင်က ကမ္ဘာ့ကျန်းမာရေးအဖွဲ့အကြီးအကဲ တီဒရော့စ်အက်ဒါနွန်နှင့်တွေ့ဆုံပြီး အဆိုပါကာကွယ်ဆေး ထပ်မံထောက်ပံ့ပေးခြင်းနှင့် ပတ်သက်ပြီး ဆွေးနွေးပြောကြားမည်ဖြစ်ကြောင်း သိရသည်။

ယခုထောက်ပံ့ပေးမည့် ကာကွယ်ဆေးများအပါအဝင် အမေရိကန်နိုင်ငံက ကမ္ဘာ့နိုင်ငံများသို့ ထောက်ပံ့ခဲ့သည့် ကာကွယ်ဆေးအလုံးရေပေါင်း ၁ ဒသမ ၁ ဘီလီယံရှိပြီဖြစ်သည်။

၂၀၂၂ ခုနှစ် စက်တင်ဘာလမတိုင်မီ ကမ္ဘာ့နိုင်ငံတိုင်း၌ လူဦးရေ ၇၀ ရာခိုင်နှုန်းအား ကာကွယ်ဆေးထိုးနှံပေးပြီးဖြစ်စေရန် ကမ္ဘာ့ခေါင်းဆောင်များအား သမ္မတ ဂျိုးဘိုင်ဒင်က ကုလသမဂ္ဂအထွေထွေညီလာခံ၌ တိုက်တွန်းပြောကြားမည်ဖြစ်သည်။

ကမ္ဘာတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးပြတ်လပ်မှုများနှင့် ရင်ဆိုင်နေရစဉ်တွင် အမေရိကန်နိုင်ငံအပါအဝင် အခြေချမ်းသာသည့်နိုင်ငံများတွင် ၎င်းတို့၏နိုင်ငံသားများအား ကာကွယ်ဆေး ထပ်ဆောင်းထိုးနှံမှုခံယူရန် စီစဉ်ဆောင်ရွက်မှုအပေါ် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ရှုတ်ချလျက်ရှိသည်။

ကိုးကား- စီအင်န်အေ
ဘာသာပြန်- အောင်ကျော်ကျော်



# တောင်ကိုရီးယားနိုင်ငံက ဗီယက်နမ်နိုင်ငံအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထောက်ပံ့မည်

**ဆိုးလ် စက်တင်ဘာ ၂၂**

တောင်ကိုရီးယားနိုင်ငံက ဗီယက်နမ်နိုင်ငံအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ တစ်သန်းကျော် လာမည့်လအတွင်း ထောက်ပံ့သွားမည်ဖြစ်ကြောင်း သိရသည်။

ဗီယက်နမ်နိုင်ငံသည် ဆမ်ဆောင်းအီလက်ထရောနစ်ကုမ္ပဏီ အပါအဝင် တောင်ကိုရီးယားနည်းပညာကုမ္ပဏီအများအပြား အခြေစိုက်သည့်နိုင်ငံဖြစ်သည်။

လက်ရှိအချိန်တွင် နိုင်ငံလူဦးရေ ၉၈ သန်း၏ ခုနစ်ရာခိုင်နှုန်းခန့်သာ ကာကွယ်ဆေးနှစ်ကြိမ်စလုံး ထိုးနှံပေးပြီးဖြစ်သည်။ ယင်းအရေအတွက်သည် အာရှနိုင်ငံများအနက် ကာကွယ်ဆေးထိုးနှံပေးမှုနှုန်းအနည်းဆုံးဖြစ်သည်။

တောင်ကိုရီးယားသမ္မတ မွန်ဂျေအင်းနှင့် ဗီယက်နမ်သမ္မတ ငုယင်ဇွမ်းဖုတို့ နယူးယောက်မြို့ရှိ ကုလသမဂ္ဂအထွေထွေညီလာခံ၏ သီးခြားအစည်းအဝေး၌ တွေ့ဆုံဆွေးနွေးပြီးနောက် တောင်ကိုရီးယားနိုင်ငံက ဗီယက်နမ်နိုင်ငံအား ကာကွယ်ဆေးလှူဒါန်းမည့် ကြေညာချက်တစ်ရပ် ထွက်ပေါ်လာခြင်းဖြစ်သည်။

မည်သည့်ကာကွယ်ဆေးအမျိုးအစားကို ထောက်ပံ့ပေးမည်ဆိုသည်နှင့်စပ်လျဉ်း၍ မသိရသေးပေ။ တောင်ကိုရီးယားနိုင်ငံ၌ ကာကွယ်ဆေးအနည်းဆုံးတစ်ကြိမ်ထိုးနှံပြီးသည့် အရွယ်ရောက်ပြည်သူ ၈၂ ဒသမ ၈ ရာခိုင်နှုန်းရှိပြီး ကာကွယ်ဆေးနှစ်ကြိမ်စလုံးထိုးနှံမှုခံယူပြီးသူ ၅၀ ဒသမ ၂ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

**ကိုးကား-စီအင်န်အေ၊ ဘာသာပြန်-အောင်ကျော်ကျော်**





# အာဖရိကတိုက်၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၈ ဒသမ ၁၈ သန်းနီးပါးရှိလာ

**အဒစ်အဘာဘာ စက်တင်ဘာ ၂၂**

အာဖရိကတိုက်၌ လက်ရှိအချိန်အထိ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၈၁၇၇၉၁၉ ဦးရှိလာကြောင်း အာဖရိကရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ပြောကြားသည်။

အာဖရိကသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၏ ကျန်းမာရေးအေဂျင်စီများအား ကိုယ်စားပြုသည့် အာဖရိကရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာ၏ ပြောကြားချက်အရ အာဖရိကတိုက်တစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူပေါင်း ၂၀၇၁၃၂ ဦးရှိကြောင်း သိရသည်။

လက်ရှိတွင် အာဖရိကတိုက်၌ ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၇၅၃၄၅၄၄ ဦးရှိကြောင်း အဆိုပါ အာဖရိကရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ပြောကြားသည်။ တောင်အာဖရိကနိုင်ငံ၊ မော်ရိုကိုနိုင်ငံ၊ တူနီးရှားနိုင်ငံနှင့် အီသီယိုးပီးယားနိုင်ငံတို့သည် အာဖရိကတိုက်တစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှုအများဆုံးနိုင်ငံများဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် တောင်အာဖရိကနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၂၈၈၆၃၃၁ ဦးရှိကြောင်းနှင့် မော်ရိုကိုနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၉၂၂၂၂ ဦးရှိကြောင်း သိရသည်။ အာဖရိကတိုက်တွင် အာဖရိကတောင်ပိုင်းဒေသသည် ကိုဗစ်-၁၉ ရောဂါကူးစက်မှုအများဆုံးဖြစ်ပြီး အာဖရိကမြောက်ပိုင်းဒေသနှင့် အရှေ့ပိုင်းဒေသသည် ကိုဗစ်-၁၉ ရောဂါကူးစက်မှု ဒုတိယအများဆုံးဖြစ်ကာ အာဖရိကအလယ်ပိုင်းဒေသသည် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှုအနည်းဆုံးဖြစ်ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**

# Johnson & Johnson ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအား နှစ်ကြိမ်ထိုးနှံလျှင် ရောဂါပိုမိုခုခံနိုင်စွမ်းရှိ

**ဝါရှင်တန် စက်တင်ဘာ ၂၂**

တစ်ကြိမ်သာ ထိုးနှံမှုခံယူရသည့်ကာကွယ်ဆေးအမျိုးအစားဖြစ်သော Johnson & Johnson ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအား နှစ်ကြိမ်ထိုးနှံမှုခံယူလျှင် ကိုဗစ်-၁၉ ရောဂါကို ပိုမိုခုခံနိုင်စွမ်းရှိကြောင်း အဆိုပါကာကွယ်ဆေးကုမ္ပဏီက လက်တွေ့စမ်းသပ်မှုများ ပြုလုပ်ပြီးနောက် ထွက်ပေါ်လာသည့် ရလဒ်များအရ ယမန်နေ့တွင် ပြောကြားသည်။

အဆိုပါ ကာကွယ်ဆေးကို ပထမအကြိမ်ထိုးနှံမှုခံယူပြီးနောက် ရှစ်ပတ်အကြာတွင် ဒုတိယအကြိမ် ထပ်မံထိုးနှံမှုခံယူသည့်အခါ ရောဂါခုခံနိုင်စွမ်းကို ၇၅ ရာခိုင်နှုန်း ကာကွယ်ပေးကြောင်း သိရသည်။

ကာကွယ်ဆေးပထမအကြိမ်ထိုးနှံမှုခံယူပြီးနောက် နှစ်လအကြာတွင် ကာကွယ်ဆေး နောက်ထပ်တစ်ကြိမ်ထိုးနှံမှုခံယူသူများသည် ကာကွယ်ဆေးတစ်ကြိမ်သာ ထိုးနှံမှုခံယူသူများနှင့် နှိုင်းယှဉ်ပါက ရောဂါခုခံနိုင်စွမ်း လေးဆမှ ခြောက်ဆအထိ ပိုမိုမြင့်တက်လျက်ရှိကြောင်း အဆိုပါကာကွယ်ဆေးကုမ္ပဏီက ဆိုသည်။

အလားတူ ခြောက်လအကြာတွင် ကာကွယ်ဆေး နောက်ထပ်တစ်ကြိမ်ထိုးနှံမှုခံယူမည်ဆိုပါက ရောဂါခုခံနိုင်စွမ်း ၁၂ ဆ ပိုမိုမြင့်တက်လာမည်ဖြစ်သည်။

အမေရိကန်နိုင်ငံ၌ Johnson & Johnson ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဖေဖော်ဝါရီလအတွင်း အသုံးပြုရန် အတည်ပြုခဲ့ပြီး လက်ရှိအချိန်အထိ ကာကွယ်ဆေးအလုံးရေ ၁၄ ဒသမ ၈ သန်းကျော် ထိုးနှံပေးပြီးဖြစ်သည်။

**ကိုးကား-အင်န်အီတီချဲကေ**
**ဘာသာပြန်-အောင်ကျော်ကျော်**




| ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ |
| --- |
| ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ ၂၃၀၄၄၆၅၀၄ ဦး |
| သေဆုံးသူ ၄၇၂၅၂၁၀ ဦး |
| ပြန်လည်ကျန်းမာလာသူ ၂၀၇၁၉၁၇၅၈ ဦး |

# မလေးရှားနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၅၇၅၉ ဦးရှိ

**ကွာလာလမ်ပူ စက်တင်ဘာ ၂၂**

မလေးရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၅၇၅၉ ဦးရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း ၂၁၂၇၉၃၄ ဦးရှိလာကြောင်း မလေးရှားကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

အဆိုပါတစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၅၇၅၉ ဦးအနက် ၁၅၇၃၂ ဦးသည် ပြည်တွင်း၌ ကူးစက်ခံရသူများဖြစ်ကြောင်းနှင့် ၂၇ ဦးသည် ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများအနက်မှ ကူးစက်ခံရသူများဖြစ်ကြောင်း မလေးရှားကျန်းမာရေးဝန်ကြီးဌာန၏ ဝက်ဘ်ဆိုက်မှတစ်ဆင့် ထုတ်ပြန်သည့်အချက်အလက်များက ဖော်ပြထားသည်။

ထို့ပြင် မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့်သေဆုံးသူ ၃၃၄ ဦး ထပ်တိုးလာသဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့်သေဆုံးသူစုစုပေါင်း ၂၄၀၇၈ ဦးရှိလာကြောင်း သိရသည်။ အလားတူ မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ ၁၆၆၅၀ ရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၁၉၇၃၈၃ ဦးရှိလာကြောင်း သိရသည်။

မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိဆဲလူနာစုစုပေါင်း ၂၀၆၄၇၃ ဦးရှိကြောင်း၊ ယင်းတို့အနက် ၁၁၁၆ ဦးသည် အထူးကြပ်မတ်ကုသဆောင်များ၌ ဆေးဝါးကုသမှုခံယူလျက်ရှိကြောင်းနှင့် ၆၃၅ ဦးသည် အသက်ရှူအထောက်အကူပြုကိရိယာများ လိုအပ်လျက်ရှိကြောင်း သိရသည်။

မလေးရှားနိုင်ငံ၌ စက်တင်ဘာ ၂၁ ရက်တစ်ရက်တည်းမှာပင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ ၂၆၁၂၅၅ လုံးအသုံးပြုခဲ့ပြီး နိုင်ငံလူဦးရေ၏ ၆၈ ရာခိုင်နှုန်းသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးတစ်ကြိမ်ထိုးနှံပြီးဖြစ်ကြောင်းနှင့် နိုင်ငံလူဦးရေ၏ ၅၇ ဒသမ ၅ ရာခိုင်နှုန်းသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး နှစ်ကြိမ်ထိုးနှံပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**

# အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၃၃ ဒသမ ၅၃ သန်းကျော်ရှိလာ

**နယူးဒေလီ စက်တင်ဘာ ၂၂**

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၆၉၆၄ ဦးရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၃၃၅၃၁၄၉၈ ဦးရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာန၏ နောက်ဆုံးအချက်အလက်များအရ သိရသည်။


ထို့ပြင် အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၃၈၃ ဦး ထပ်တိုးလာခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူပေါင်း ၄၄၅၇၆၈ ဦးရှိလာကြောင်း သိရသည်။

အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်မှုနှင့် ကိုဗစ်-၁၉ ရောဂါကြောင့်သေဆုံးမှုအများဆုံးမှာ ကီရာလာပြည်နယ်တောင်ပိုင်းဖြစ်ကြောင်းနှင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိဆဲ လူနာစုစုပေါင်း ၃၀၁၉၈၉ ဦးရှိကြောင်း သိရသည်။

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါမှပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံအသီးသီးမှ ဆင်းခွင့်ရရှိသူ ၃၄၁၆၇ ဦးရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူစုစုပေါင်း ၃၂၇၈၃၇၄၁ ဦးရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**

**ရန်ကုန်မြို့အတွင်း၌ ဖောက်ခွဲဖျက်ဆီးရေးလုပ်ငန်းများ လုပ်ဆောင်နေသည့် လသာမြို့နယ်မှ ဖမ်းဆီးရမိသည့် တရားခံ ၁၂ ဦး၏ ပတ်သက်ဆက်နွှယ်မှု အခြေပြ (Diagram)**




■ **ကျောဖုံးမှ**

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ ညနေ ၄ နာရီခန့်တွင် လမ်းမတော်မြို့နယ် (၇)ရပ်ကွက် လမ်းမတော်လမ်း တိုက်အမှတ်(၅၃) ဘေးလမ်းကြား၌ **အောင်မျိုးသူ (ခ)သာဂိ**ကို လက်ပစ်ဗုံးသုံးလုံးနှင့်လည်းကောင်း၊ လှိုင်မြို့နယ် ပါရမီလမ်း ပညာပါရမီရိပ်သာ အခန်းအမှတ်(၁၀၁)၌ **ထက်ဆွေဖြိုး၊ စိုးသီဟမင်း**နှင့် **ဂျိုးဇက်ဗန်လျန်မွှန်** (ခ) **ဂျိုးဇက်**တို့ သုံးဦးကို ၉ မမ ကျည် ၁၀ တောင့်၊ ၅.၅၆ ကျည် တစ်တောင့် အပါအဝင် ဆက်စပ်ပစ္စည်းများနှင့်လည်းကောင်း၊ **နေသွေး၊ ကျော်ကိုကို၊ ကျော်မင်းထွန်း**တို့ သုံးဦးကို ဗဟန်းမြို့နယ်ရှိ ယုဇနဟိုတယ်၌လည်းကောင်း၊ စက်တင်ဘာ ၁၆ ရက်တွင် **မင်းမင်းစိုး**နှင့် **ဇော်ဇော်ဟန်**တို့ နှစ်ဦးကို ရန်ကုန်မြို့ အမှတ်(၃)လမ်းဆုံ စစ်ဆေးရေးဂိတ်၌လည်းကောင်း ထပ်မံဖမ်းဆီးရမိခဲ့သည်။

**ဖမ်းဆီးရမိ**

အထက်ပါ ဖမ်းဆီးရမိဖြစ်စဉ်များတွင် အကြမ်းဖက်လုပ်ရပ်များ၌ ပါဝင်ပတ်သက်သူ စုစုပေါင်း **တရားခံ** ၁၂ ဦးကို လက်လုပ်သေနတ် နှစ်လက်၊ ၉ မမကျည် ၁၂ တောင့်၊ ၅.၅၆ ကျည် တစ်တောင့်၊ ရှေ့ထွက်မိုင်းတစ်လုံး၊ လက်လုပ်ဗုံးမျိုးစုံ ၁၂ လုံး၊ လက်ပစ်ဗုံး လေးလုံး၊ အသံဗုံးမျိုးစုံ ၁၆ လုံး၊ ဖောက်ခွဲရေးဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ယင်းတို့အနက် **အောင်မျိုးသူ**သည် KNLA တပ်မဟာ(၅) နယ်မြေအတွင်း၌ ဖောက်ခွဲဖျက်ဆီးရေး သင်တန်းကို လည်းကောင်း၊ **မင်းဖြိုးသော်၊ နေသွေး၊ ကျော်ကိုကို၊ မင်းမင်းစိုး**နှင့် **ဇော်ဇော်ဟန်**တို့သည် မိုးဖြဲမြို့အနီးရှိ NLD ပါတီဝင်များဦးဆောင်သော ကယားပြည်နယ် သပိတ်ကော်မတီမှဖွင့်လှစ်သည့် ဖောက်ခွဲဖျက်ဆီးရေးသင်တန်းကို လည်းကောင်း တက်ရောက်ခဲ့ကြောင်း၊ အဆိုပါဖမ်းဆီးရမိတရားခံများမှ မင်းဖြိုးသော်၊ နေသွေး၊ ကျော်ကိုကို၊ မင်းမင်းစိုး၊ ဇော်ဇော်ဟန်၊ သော်ဇင်စိုး၊ ကျော်နိုင်အောင်၊ အောင်မျိုးသူနှင့် ကျော်မင်းထွန်းတို့ ကိုးဦးသည် မင်းသက်နောင် (ခ) စဒမ်ကြီး (ခ) မုတ်ဆိတ်ကြီး (ဖမ်းဆီးရန်ကျန်)၏ စည်းရုံးမှုအရ အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်ရန် ဖွဲ့စည်းထားသော ရန်ကုန်မြို့ပြ ပြောက်ကျားတော်လှန်ရေးအဖွဲ့ (Yangon Urban Guerrilla Revolution–YUG) လက်အောက်ခံ နွေဦးစစ်သည် (Spring Soldier–SS) အဖွဲ့ကို ဖွဲ့စည်းခဲ့ကြောင်း သိရသည်။

**အုပ်ချုပ်ရေးမှူးကို လုပ်ကြံ**

တရားခံ **မင်းဖြိုးသော်**၊ **နေသွေး၊ မင်းမင်းစိုး**နှင့် **ဇော်ဇော်ဟန်**တို့သည် မေ ၁၀ ရက်တွင် မင်းသက်နောင်၏ စေခိုင်းချက်အရ မြေနီကုန်း(မြောက်)ရပ်ကွက် အုပ်ချုပ်ရေးမှူးကို လုပ်ကြံသတ်ဖြတ်ရန်အတွက် နေအိမ်ရှေ့တွင် လက်လုပ်ဗုံး နှစ်လုံးအား ဖုန်းဖြင့် ချိတ်ဆက်ဖောက်ခွဲ၍လည်းကောင်း၊ **မင်းသက်နောင်၊ မင်းဖြိုးသော်**နှင့် **ကျော်ကိုကို**တို့သည် ဩဂုတ် ၂၈ ရက်တွင် လှိုင်မြို့နယ် (၁၂)ရပ်ကွက် အင်းစိန်လမ်းရှိ Idol bar အနီး မြို့နယ် လျှပ်စစ်ဓာတ်အားခွဲရုံရှေ့ ပလက်ဖောင်းပေါ်တွင် လက်လုပ်ဗုံးတစ်လုံးအား ဖုန်းဖြင့် ချိတ်ဆက်ဖောက်ခွဲ၍လည်းကောင်း ဖောက်ခွဲဖျက်ဆီးမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**ချိတ်ဆက်ပို့ဆောင်ပေးခဲ့**

ထိုသို့ အကြမ်းဖက်လုပ်ရပ်များ ကျူးလွန်ရန် ဖောက်ခွဲဖျက်ဆီးရေး သင်တန်းများ တက်ရောက်နိုင်ရေး အတွက် NLD ပါတီမှ ၂၀၁၅ ခုနှစ် စမ်းချောင်းမြို့နယ် မဲဆန္ဒနယ် အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်ဟောင်းဖြစ်သူ သော်တာအောင်က ချိတ်ဆက်ပို့ဆောင်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ ထို့ပြင် သော်တာအောင်သည် အဆိုပါသင်တန်းဆင်းအဖွဲ့များ ပြန်လည်ရောက်ရှိချိန်တွင်လည်း ရန်ကုန်မြို့တွင်း တည်ငြိမ်အေးချမ်းမှုပျက်ပြားကာ အများပြည်သူ ထိခိုက်သေကျေစေရန် ရည်ရွယ်၍ ဖောက်ခွဲဖျက်ဆီးရေးလုပ်ငန်းများ လုပ်ဆောင်နိုင်ရန်အတွက် ငွေကြေးထောက်ပံ့ပေးမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**သင်ကြားလေ့ကျင့်ပေး**

**စိုးသီဟမင်း၊ ထက်ဆွေဖြိုး**နှင့် **ဂျိုးဇက်ဗန်လျန်မွှန်**တို့သည် ကျော်ထက်အောင် (ဖမ်းဆီးရန်ကျန်)နှင့်ပူးပေါင်း၍ အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် လှိုင်မြို့နယ် ပါရမီလမ်းရှိ စိုးသီဟမင်း၏နေအိမ်၌ ဖောက်ခွဲရေးသင်တန်းဖွင့်လှစ်ကာ လက်လုပ်ဗုံး၊ လက်လုပ်မိုင်း စသည့်ဖောက်ခွဲဖျက်ဆီးရေးပစ္စည်းများ ပြုလုပ်ခြင်း၊ လုပ်ကြံသတ်ဖြတ်ရာတွင် အသုံးပြုရန် လက်လုပ်သေနတ်ပြုလုပ်ခြင်းများ သင်ကြားလေ့ကျင့်ပေးခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**စေခိုင်းချက်အရ**

အစွန်းရောက်လူငယ်များအနေဖြင့် အကြမ်းဖက်အဖွဲ့များအဖြစ် ကြေညာထားသော CRPH၊ NUG အဖွဲ့များနှင့် NLD ပါတီဝင်များ၊ ယင်းပါတီကို ထောက်ခံအားပေးသူများမှ တရားမဝင်ဖွဲ့စည်းထားသည့် အကြမ်းဖက်အဖွဲ့အစည်းများ၏ စေခိုင်းချက်အရ မြို့နယ်အချို့တွင် ပြည်သူလူထုအား ထိခိုက်ပျက်စီးစေရန်၊ မြို့ရွာတည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ တာဝန်ထမ်းဆောင်ခြင်း မပြုနိုင်စေရန် ရည်ရွယ်ကာ စက်ရုံ၊ အလုပ်ရုံများကို မီးရှို့ဖောက်ခွဲဖျက်ဆီးခြင်းနှင့် အုပ်ချုပ်ရေးမှူးများကို အဓိက ပစ်မှတ်ထား၍ သတ်ဖြတ်ခြင်းများ ပြုလုပ်လျက်ရှိကြောင်း၊ ထို့ပြင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့နှင့် ချိတ်ဆက်၍ ဖောက်ခွဲဖျက်ဆီးရေးသင်တန်းများ တက်ရောက်ခြင်း၊ လက်နက်/ခဲယမ်းများ စုဆောင်းခြင်း၊ အဖျက်လုပ်ငန်းများ လုပ်ဆောင်ရန် လူစုဆောင်းခြင်းများကိုပါ ပြုလုပ်လာသောကြောင့် အကြမ်းဖက်သူများ ခိုအောင်းနေထိုင်လှုပ်ရှားမှုမရှိစေရေးအတွက် လုံခြုံရေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်လျက်ရှိသည်။

အထက်ပါ ဖမ်းဆီးရမိတရားခံများကို ဥပဒေအရ ထိရောက်စွာအရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အကြမ်းဖက်ဆောင်ရွက်နေသူများကို ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကာကွယ်တိုက်ဖျက်ကြရန်နှင့် ဆက်စပ်တရားခံများကို အမြန်ဆုံးဖမ်းဆီးရမိရေးအတွက် ၎င်းတို့ပုန်းခိုရာနေရာများ၊ လှုပ်ရှားသွားလာနေထိုင်မှုသတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ သတင်းပေးတိုင်ကြားနိုင်ပါကြောင်း၊ သတင်းပေးသူနှင့် ဖမ်းဆီးပေးသူများကို ထိုက်တန်စွာ လျှို့ဝှက်၍ ဆုငွေ ချီးမြှင့်ပေးမည်ဖြစ်ကြောင်းနှင့် မြို့/ရွာများ အမြန်ဆုံးအေးချမ်းတည်ငြိမ်ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင် ကြိုးပမ်းဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံ အသိပေးထားကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



လသာမြို့နယ် တိုက်အမှတ်(၃၆)၌ သိမ်းဆည်းရမိသည့် ဖောက်ခွဲရေးပစ္စည်းများ မှတ်တမ်းဓာတ်ပုံ။

# ကိုဗစ်-၁၉ ရောဂါကာလအတွင်း နိုင်ငံတော်၏ လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများတွင် အားဖြည့်ဆောင်ရွက်ပေးလျက်ရှိသည့် လူမှုဖူလုံရေးလုပ်ငန်းများအကြောင်း တစေ့တစောင်း

မိုးမခ

**မြန်မာနိုင်ငံ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ လူမှုဖူလုံရေးအဖွဲ့အနေဖြင့် ၁၉၅၆ ခုနှစ်တွင် စတင်၍ လူမှုဖူလုံရေးစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။ လူမှုဖူလုံရေးအာမခံစနစ်အရ အလုပ်ရှင်နှင့် အလုပ်သမားတို့၏ ထည့်ဝင်ကြေးမှ စုဆောင်းရရှိသည့် လူမှုဖူလုံရေးရန်ပုံငွေဖြင့် အကျုံးဝင်အာမခံအလုပ်သမားတို့အတွက် လူမှုဖူလုံရေးအစီအစဉ်များ ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။**

၂၀၂၂ ခုနှစ် လူမှုဖူလုံရေးဥပဒေပါ လူမှုဖူလုံရေးအာမခံစနစ် ခြောက်မျိုးအနက် မြန်မာနိုင်ငံ၏ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်မှုအခြေအနေအရ အာမခံစနစ်နှစ်မျိုးဖြစ်သည့် ကျန်းမာရေးနှင့် လူမှုရေးစောင့်ရှောက်မှုအာမခံစနစ်နှင့် အလုပ်တွင်ထိခိုက်မှုအကျိုးခံစားခွင့် အာမခံစနစ်တို့ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ ယင်းအာမခံစနစ်နှစ်မျိုးအရ အလုပ်သမားလုပ်ခလစာ၏ သုံးရာခိုင်နှုန်းကို အလုပ်ရှင်မှလည်းကောင်း၊ နှစ်ရာခိုင်နှုန်းကို အလုပ်သမားမှလည်းကောင်း ရန်ပုံငွေသို့ ထည့်ဝင်၍အာမခံအလုပ်သမားတို့၏ လူမှုစီးပွားအခက်အခဲဖြစ်ချိန်၌ ငွေကြေးထောက်ပံ့မှုပေးခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုများကို ဆောင်ရွက်ပေးလျက်ရှိပါသည်။



မန္တလေးတိုင်းဒေသကြီးတွင် လူမှုဖူလုံရေးအဖွဲ့နှင့်အကျုံးဝင်မှတ်ပုံတင်ထားသည့် အာမခံအလုပ်သမားများအား အကျိုးခံစားခွင့် ခွင့်ပြုထုတ်ပေးစဉ်။

### ကိုဗစ်-၁၉ ရောဂါကာလအတွင်း ဆောင်ရွက်ချက်များ

ကိုဗစ်-၁၉ ရောဂါကြောင့် လူမှုရေး၊ စီးပွားရေး အပါအဝင် ကဏ္ဍပေါင်းစုံ၌ သက်ရောက်မှုများ ကြုံတွေ့ခဲ့ရာ လူမှုဖူလုံရေးအဖွဲ့အနေဖြင့် စီးပွားရေးသက်ရောက်မှုအပေါ်ကုစားနိုင်ရန် နိုင်ငံတော်၏ ကိုဗစ်-၁၉ Fund သို့ လူမှုဖူလုံရေးရန်ပုံငွေမှ ကျပ်ဘီလီယံ ၅၀ အား ၆-၄-၂၀၂၀ ရက်နေ့တွင် ထည့်ဝင်ခဲ့ပြီး ၂၂-၇-၂၀၂၀ ရက်နေ့တွင် လူမှုဖူလုံရေးရန်ပုံငွေသို့ ပြန်လည်လွှဲပြောင်း ရရှိခဲ့ပါသည်။ ထို့ပြင် ကိုဗစ်-၁၉ ရောဂါကြောင့် စီးပွားရေးလုပ်ငန်းများ ယာယီပိတ်သိမ်းခြင်း၊ အမြဲတမ်းပိတ်သိမ်းခြင်းနှင့် အလုပ်သမားများ လျှော့ချခြင်းများ စသည်တို့ကြောင့် အလုပ်ရှင်နှင့် အလုပ်သမားများ ထိခိုက်မှုများဖြစ်ပေါ်လာခြင်းများ လျော့နည်းသက်သာစေရန်နှင့် စီးပွားရေးလုပ်ငန်းများ ဆက်လက်ရပ်တည်နိုင်စေရန် ဖြေလျှော့ဆောင်ရွက်မှုများနှင့် ငွေကြေးထောက်ပံ့ပေးမှုများအတွက် ဝန်ကြီးဌာနနှင့် လူမှုဖူလုံရေးအဖွဲ့တို့မှ အမိန့်ကြော်ငြာစာများ၊ ညွှန်ကြားချက်များနှင့် ရုံးအမိန့်စာများ ထုတ်ပြန်ဆောင်ရွက်ပေးလျက်ရှိပါသည်။

### ဖြေလျှော့ဆောင်ရွက်ပေးလျက်ရှိ

ကိုဗစ်-၁၉ ရောဂါကြောင့် ပိတ်သိမ်းသွားသည့် အလုပ်ဌာနများမှ အလုပ်လက်မဲ့ဖြစ်သွားသော အာမခံအလုပ်သမားများအား ခြောက်လအထိ ဆေးကုသမှုခံယူခွင့်နှင့် သတ်မှတ်ကာလများအတွက် ငွေကြေးအကျိုးခံစားခွင့်ပြုခြင်း၊ ထည့်ဝင်ကြေးကာလကို သက်ဆိုင်ရာလကုန်ဆုံးပြီး လဆန်း ၁၅ ရက်အတွင်းပေးသွင်းရန် သတ်မှတ်ချက်အား သုံးလအထိ နောက်ဆုတ်၍ ပေးသွင်းခွင့်ပြုခဲ့ပြီး ယခုအခါတွင် ခြောက်လအထိ နောက်ဆုတ်၍ ပေးသွင်းခွင့်ပြုခြင်း၊ အလုပ်လက်မဲ့ကာလအတွင်း ဆေးကုသမှုကို တစ်နှစ်အထိ တိုးမြှင့်ခံစားခွင့်ပြုခြင်း၊ အလုပ်လက်မဲ့ ဖြစ်သည့်နေ့မှစ၍ ဆေးဖိုးနှင့် ခရီးစရိတ်များကို တစ်နှစ်အထိ တိုးမြှင့်ခံစားခွင့်ပြုခြင်းတို့ကို ဖြေလျှော့ဆောင်ရွက်ပေးခဲ့ပါသည်။

ထို့ပြင် ပျက်ကွက်ကြေးများကိုလည်း ဖြေလျှော့ကင်းလွတ်ခွင့်ပြုခဲ့ရာ ၂၀၂၂ ခုနှစ် ဇန်နဝါရီလမှ မေလအထိ စုစုပေါင်း ခန့်မှန်းငွေကျပ် ၇၇၅၁ ဒသမ ၅၀၆ သန်းကို ဖြေလျှော့ပေးနိုင်ခဲ့ပါသည်။ အကြောင်းအမျိုးမျိုးကြောင့် အချိန်မီပေးသွင်းရန် အခက်အခဲဖြစ်ပေါ်နေသည့် အလုပ်ဌာနများမှ ပျက်ကွက်ကြေးကင်းလွတ်ခွင့်ပြုရန် ထပ်မံတင်ပြလာခြင်းအပေါ် လူမှုဖူလုံရေးအဖွဲ့မှ ပျက်ကွက်ကြေးအား ဘဏ္ဍာရေးနှစ် တစ်နှစ်လျှင်တစ်ကြိမ်၊ တစ်ကြိမ်လျှင် တစ်လစာကင်းလွတ်ခွင့်ပြုခဲ့ရာ ဌာနပေါင်း ၉၅၉ ဌာနတို့အတွက် ပျက်ကွက်ကြေးငွေကျပ် ၁၆၅ ဒသမ ၄၉၈ သန်းကို ကင်းလွတ်ခွင့်ပြုပေးခဲ့ပါသည်။

### ကျန်းမာရေးစောင့်ရှောက်မှုပေးသည့် အခြေအနေ

လူမှုဖူလုံရေးအဖွဲ့အနေဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်နိုင်ရေးအတွက် အလုပ်သမားဆေးရုံကြီးများတွင် အထူးကုဆရာဝန်များ ပါဝင်သည့် Local Clinical Management Committee ဖွဲ့စည်းတာဝန်ပေးအပ်၍ လူမှုဖူလုံရေးအဖွဲ့ပိုင်ဆေးရုံ၊ ဆေးခန်းများ၏ ဆေးလိုအပ်ချက်များကို တွက်ချက်ပြီး ဆေးဝါးများ အသင့်ဖြစ်စေရေး စိစစ်ဆောင်ရွက်လျက်ရှိပါသည်။ လူမှုဖူလုံရေးအဖွဲ့ပိုင် ရန်ကုန်အလုပ်သမားဆေးရုံကြီးတွင် ယခုအချိန်အထိ ကိုဗစ်-၁၉ အတည်ပြုလူနာနှင့် သံသယလူနာ ၄၂၈ ဦး၊ မန္တလေးအလုပ်သမားဆေးရုံကြီးတွင် ကိုဗစ်-၁၉ အတည်ပြုလူနာနှင့် သံသယလူနာ ၉၇၃ ဦးနှင့် ရန်ကုန်မြို့ ထန်းတပင်အလုပ်သမားဆေးရုံကြီးတွင် ကိုဗစ်-၁၉ အတည်ပြုလူနာနှင့် သံသယလူနာ ၇၅၄ ဦးကို ကုသပေးနိုင်ခဲ့ပါသည်။ ထန်းတပင်အလုပ်သမားဆေးရုံကြီးတွင် ကိုဗစ်-၁၉ အတည်ပြုအာမခံအလုပ်သမားလူနာများကို လက်ခံထားရှိကုသနိုင်ရေး ထပ်မံတိုးချဲ့ ပြင်ဆင်ဆောင်ရွက်လျက်ရှိသည့်အပြင် ကိုဗစ်ကာလအတွင်း ရန်ကုန်တိုင်းဒေသကြီးရှိ အလုပ်သမားဆေးရုံကြီးများ၌ အောက်ဆီဂျင်ပြတ်လပ်မှု မရှိစေရေးကိုလည်း ဆောင်ရွက်လျက်ရှိပါသည်။



ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် လူမှုဖူလုံရေးအဖွဲ့နှင့် အကျုံးဝင်မှတ်ပုံတင်ထားသည့် စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်းဌာနများရှိ အာမခံအလုပ်သမားများအား ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံပေးစဉ်။

လူမှုဖူလုံရေးအဖွဲ့ပိုင် ဆေးရုံ၊ ဆေးခန်းများနှင့် စာချုပ်ဆေးခန်းများတွင် အတွင်းလူနာ ၄၀၆၉ ဦးနှင့် ပြင်ပလူနာ ၁၀၂၀၁၀၂ ဦး စုစုပေါင်း ၁၁၂၄၁၇၁ ဦးတို့အား ကုသမှုပေးနိုင်ခဲ့ပါသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ စီစဉ်ဆောင်ရွက်ပေးမှုအရ ကိုဗစ်-၁၉ ကာကွယ်ဆေးများကိုလည်း ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့ရှိ စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများမှ အာမခံအလုပ်သမားများအား ထိုးနှံပေးလျက်ရှိရာ ၆-၉-၂၀၂၂ ရက်နေ့အထိ အလုပ်ဌာန ၃၅၆၂ ဌာနမှ အာမခံအလုပ်သမား ၂၈၄၆၆၈ ဦး ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

### အသိပညာပေးခြင်းနှင့် ငွေကြေးအကျိုးခံစားခွင့်များပေးအပ်

အသိပညာပေးလုပ်ငန်းများအနေဖြင့် လူမှုဖူလုံရေးအဖွဲ့ပိုင် ဆေးခန်းများတွင် ကိုဗစ်-၁၉ ကာကွယ်ရေးနှင့် စပ်လျဉ်းသည့် လက်ကမ်းစာစောင်များ၊ ပိုစတာများ၊ ကာကွယ်ရေးသုံးပစ္စည်းများကို အချိန်နှင့်တစ်ပြေးညီ ဖြန့်ဖြူးဆောင်ရွက်နိုင်ခဲ့သလို ငွေကြေးထောက်ပံ့မှုနှင့် စပ်လျဉ်း၍လည်း ကိုဗစ်-၁၉ ကာလအတွင်း ကျန်းမာရေးဝန်ကြီးဌာန၏

စာမျက်နှာ ၁၇ သို့

**ကိုဗစ်-၁၉ ရောဂါကြောင့် ပိတ်သိမ်းသွားသည့် အလုပ်ဌာနများမှ အလုပ်လက်မဲ့ဖြစ်သွားသော အာမခံအလုပ်သမားများအား ထည့်ဝင်ကြေးကာလကို သက်ဆိုင်ရာလကုန်ဆုံးပြီး လဆန်း ၁၅ ရက်အတွင်း ပေးသွင်းရန် သတ်မှတ်ချက်အား သုံးလအထိ နောက်ဆုတ်၍ပေးသွင်းခွင့်ပြုခဲ့ပြီး ယခုအခါတွင် ခြောက်လအထိ နောက်ဆုတ်၍ ပေးသွင်းခွင့်ပြုခြင်း၊ အလုပ်လက်မဲ့ကာလအတွင်း ဆေးကုသမှုကို တစ်နှစ်အထိ တိုးမြှင့်ခံစားခွင့်ပြုခြင်း၊ အလုပ်လက်မဲ့ဖြစ်သည့်နေ့မှစ၍ ဆေးဖိုးနှင့် ခရီးစရိတ်များကို တစ်နှစ်အထိ တိုးမြှင့်ခံစားခွင့်ပြုခြင်းတို့ကို ဖြေလျှော့ဆောင်ရွက်**

## ဟသ်ာတမြို့နယ်၌ ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်

**ဟသ်ာတ စက်တင်ဘာ ၂၂**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ်၌ ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများနှင့် အိမ်ထောင်စုလူဦးရေစာရင်းများကို ဟသ်ာတမြို့နယ်အတွင်းရှိ ရပ်ကွက်/ ကျေးရွာအုပ်စုများတွင် ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။



ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးစည်းကမ်းချက်များနှင့်အညီ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဟသ်ာတမြို့နယ်ဦးစီးမှူး ဦးစိုးမြင့်အောင် ဦးဆောင်၍ လဝကမှူးများနှင့် တိုက်နယ်တာဝန်ခံဝန်ထမ်းများက ရပ်ကွက်/ ကျေးရွာအုပ်စုများအတွင်းရှိ အသက် ၁၆ နှစ်အထက် နိုင်ငံသားအရည်အချင်း ပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ် ပြုလုပ်ပေးခြင်း၊ ကတ်အသစ်လဲလှယ်ပေးခြင်း၊ အိမ်ထောင်စုစာရင်းမသွင်းရသေးသူများအား စာရင်းသွင်းပေးခြင်း၊ အိမ်ထောင်စုစာရင်းမရှိသော မိသားစုများကို အိမ်ထောင်စုစာရင်းပြုလုပ်ပေးခြင်းတို့ ဆောင်ရွက်ပေးခဲ့ရာ စက်တင်ဘာ ၂၀ ရက်အထိ နိုင်ငံသားစိစစ်ရေးကတ်ပြား ကျား ၅၈၇ ဦးနှင့် မ ၆၉၇ ဦး စုစုပေါင်း လူဦးရေ ၁၂၈၄ ဦးနှင့် အိမ်ထောင်စုလူဦးရေစာရင်း ၁၃၇၂ စုတို့ကို ဆောင်ရွက်ပေးနိုင်ခဲ့သည်။ ကျန်ရပ်ကွက်/ ကျေးရွာအုပ်စုများရှိ ပြည်သူများထံသို့လည်း ပန်းခင်းစီမံချက်ဖြင့် ဆက်လက် ကွင်းဆင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူးရုံးမှ သိရသည်။

ကိုဇော်(ပြန်/ဆက်)

## လှိုင်သာယာမြို့နယ်၌ ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေး

**ရန်ကုန် စက်တင်ဘာ ၂၂**

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာအရှေ့ပိုင်းမြို့နယ်၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးခင်မောင်ထွန်းနှင့် ဝန်ထမ်းများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များပူးပေါင်း၍ လှိုင်သာယာအရှေ့ပိုင်းမြို့နယ်အတွင်းရှိအမှတ် (၁)၊ (၂)၊ (၃)၊ (၄)၊ (၅)၊ (၆)၊ (၇)၊ (၈)၊ (၁၅) ရပ်ကွက်များနှင့် ရေဥက္ကံ၊ ညောင်၊ ရွှေလင်ဗန်း၊ ရှမ်းချောင်း၊ ကစင်ကျေးရွာအုပ်စုများရှိ ပြည်သူများအား ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးနိုင်ရေးအတွက် ယမန်နေ့နံနက် ၁၀ နာရီတွင် လှိုင်သာယာအရှေ့ပိုင်းမြို့နယ် နဝဒေးဥယျာဉ်အိမ်ရာ၌ ကိုဗစ်-၁၉ စည်းကမ်းချက်များနှင့်အညီ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဉာဏ်ဟိန်း



## ပေါင်မြို့နယ်၌ အစိမ်းရောင်ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ခေါင်းဆောင်မှုသင်တန်း ဖွင့်လှစ်

**ပေါင် စက်တင်ဘာ ၂၂**

မွန်ပြည်နယ် ပေါင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးမှူး၍ အစိမ်းရောင်ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ခေါင်းဆောင်မှုသင်တန်းကို ယမန်နေ့နံနက်ပိုင်းက အဆိုပါဦးစီးဌာန ရုံး၌ ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေးညွှန်ကြားချက်များနှင့်အညီ ဖွင့်လှစ်ပို့ချခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပေါင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်လတ်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များ၊ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်နိုင်ရေးနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

### ဆွေးနွေးပို့ချ

ထို့နောက် ပေါင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်လတ်နှင့် သင်တန်းနည်းပြများက ကျေးရွာသူ ကျေးရွာသားများအား အစိမ်းရောင်ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ခေါင်းဆောင်မှုဆိုင်ရာသင်ခန်းစာများကို ဆွေးနွေးပို့ချသည်။

အဆိုပါ အစိမ်းရောင်ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ခေါင်းဆောင်မှုသင်တန်းကို ပေါင်မြို့နယ်အတွင်းရှိ သပြေကုန်း၊ ကျောက်ရေတွင်း၊ ကျောက်စရစ်၊ ဒေးကင်း၊ ကော့ကလိန်ကျွန်း ကျေးရွာများမှ ကျေးရွာသူ ကျေးရွာသား ၁၀ ဦးတို့အား ဖွင့်လှစ်သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

ကိုပြည့်

## ရှင်မာလဲ (သမိုင်းကြောင်းအစနှင့် ယဉ်ကျေးမှုသုတေသန)စာအုပ် ဖြန့်ဝေ



**နေပြည်တော် စက်တင်ဘာ ၂၂**

Bagan Princess စာအုပ်တိုက်မှ မြန်စာမြေသိန်းလွင် ရေးသားပြုစုသော ရှင်မာလဲ (သမိုင်းကြောင်းအစနှင့် ယဉ်ကျေးမှုသုတေသန) စာအုပ်ကို ၂၀၂၁ ခုနှစ် ဩဂုတ်လတွင် တစ်အုပ်လျှင် ကျပ် ၇၀၀၀ ဖြင့် စတင်ဖြန့်ဝေသည်။

အဆိုပါစာအုပ်တွင် ရှင်မာလဲရဟန္တာ၏ ဝတ္ထုစတင်ဖြစ်ပေါ်လာပုံ သမိုင်းကြောင်းအစနှင့် ရှင်မာလဲရဟန္တာနှင့်ပတ်သက်သော ယဉ်ကျေးမှုအထောက်အထားများကို သုတေသနပြု တင်ပြထားသည်။

ရှင်မာလဲဝတ္ထုသည် သီရိလင်္ကာနိုင်ငံမှ ပေါ်ထွက်လာသော မဓုရရသဝါဟိနီကျမ်းမှ ဝတ္ထုတစ်ပုဒ်ကိုအခြေခံ၍ မြန်မာနိုင်ငံ ပုဂံခေတ်ကာလကပင် ရှင်မာလဲဝတ္ထုဟူ၍ ရေးသားပေါ်ပေါက်ခဲ့ကြောင်း၊ သီရိလင်္ကာနိုင်ငံနှင့် အရှေ့တောင်အာရှနိုင်ငံများ၏ ဆက်ဆံရေးအရ ထေရဝါဒဗုဒ္ဓဘာသာ ထွန်းကားပြန့်ပွားလာကြောင်းတို့နှင့်ပတ်သက်၍ ရှေးဟောင်းကျောက်စာများ၊ သမိုင်းကျမ်းများ၏ အထောက်အထားများဖြင့် ရှင်မာလဲဝတ္ထု စတင်ဖြစ်ပေါ်လာပုံကို ဖော်ပြထားသည်။

ထိုရှင်မာလဲဝတ္ထုသည် မြန်မာနိုင်ငံတွင်သာမက အရှေ့တောင်အာရှရှိ ထိုင်း၊ လာအို၊ ကမ္ဘောဒီးယား နိုင်ငံများသို့ ပျံ့နှံ့ရောက်ရှိသွားပြီး ထေရဝါဒဗုဒ္ဓဘာသာပါဠိစာပေတွင် ထင်ရှားသောကျမ်းစာတစ်ခုအဖြစ် တည်ရှိနေပေသည်။

ထိုရှင်မာလဲဝတ္ထုကိုအကြောင်းပြု၍ မြန်မာနိုင်ငံနှင့် အရှေ့တောင်အာရှနိုင်ငံများတွင် ရှင်မာလဲပွဲတော်၊ ဝေဿန္တရာပွဲတော် စသည်ဖြင့် ပွဲတော်များ ရှေးခေတ်မှစ၍ ယနေ့တိုင် ကျင်းပနေမှု၊ ရှင်မာလဲဆိုင်ရာ ပန်းချီအနုပညာနှင့် စာပေများ ခေတ်အဆက်ဆက် ဖွံ့ဖြိုးတိုးတက်လာမှုတို့ကို သုတေသနပြုတင်ပြထားသည်။

ထို့ပြင် မြန်မာနိုင်ငံတွင် ရှင်မာလဲဝတ္ထုကို အကြောင်းပြု၍ မြန်မာစာပေတွင် ပျို့၊ ကဗျာတို့ ပေါ်ထွန်းလာခြင်း၊ ညောင်ရမ်းခေတ် နံရံဆေးရေးပန်းချီများတွင် ရေးဆွဲသရုပ်ဖော်ခြင်း၊ ရှင်မာလဲစေတီဘုရားများ တည်ထားကိုးကွယ်ခြင်း၊ ရှင်မာလဲပွဲ၊ ဝေဿန္တရာ ဇာတ်တော်ကြီးရွတ်ဆိုပွဲတို့ ကျင်းပခြင်းများကို မြန်မာနိုင်ငံအနှံ့တွင် ဒြပ်မဲ့ယဉ်ကျေးမှုများအဖြစ် ကျင်းပလျက်ရှိသည်ကို ရှာဖွေဖော်ထုတ် သုတေသနပြု ရေးသားထားသည်။

**သတင်းစဉ်**

❂ **စာမျက်နှာ ၁၆ မှ**

ညွှန်ကြားချက်နှင့်အညီ ကိုဗစ်-၁၉ ရောဂါပြန့်ပွားမှုကို ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် ယာယီပိတ်ထားသည့် စက်ရုံ၊ အလုပ်ရုံများရှိ အာမခံအလုပ်သမားများအား ၎င်းတို့ပေးသွင်းထားသည့် လုပ်ခလစာ၏ ၄၀ ရာခိုင်နှုန်းကို လူမှုဖူလုံရေးထောက်ပံ့ငွေအဖြစ်လည်းကောင်း၊ အရေးပေါ်ကာလအတွင်း စက်ရုံ၊ အလုပ်ရုံများအား မသမာသူများ၏ မီးရှို့မှုကြောင့် ယာယီပိတ်သိမ်းထားသည့် လူမှုဖူလုံရေးအကျုံးဝင် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများမှ အလုပ်လက်မဲ့ဖြစ်သွားသော အာမခံအလုပ်သမားများအား ၎င်းတို့ပေးသွင်းထားသည့် လုပ်ခလစာ၏ ၄၀ ရာခိုင်နှုန်းကို လူမှုဖူလုံရေးထောက်ပံ့ငွေအဖြစ်လည်းကောင်း ခွင့်ပြုထုတ်ပေးခြင်း၊ လူမှုဖူလုံရေးအကျုံးဝင်အာမခံအလုပ်သမား ကိုယ်ဝန်ဆောင်မိခင်များအား လုပ်ငန်းခွင်သို့မလာရောက်ရသည့် နေ့ရက်များအတွက် ဆေးခွင့်သတ်မှတ်၍ ရှစ်ပတ်မှ ၂၆ ပတ်အထိ ခွင့်ပြုပြီး မကျန်းမာမှုအကျိုးခံစားခွင့်အဖြစ် လုပ်ခလစာ၏ ၆၀ ရာခိုင်နှုန်းကို ခွင့်ပြုခြင်းအပြင် Quarantine ဝင်ရောက်ရသည့် အာမခံအလုပ်သမားများအား ဆေးခွင့်သတ်မှတ်၍ ငွေကြေးအကျိုးခံစားခွင့်အား လုပ်ခလစာ၏ ၆၀ ရာခိုင်နှုန်းခွင့်ပြုခြင်းများကို ဆောင်ရွက်ပေးခဲ့ပါသည်။ ကိုဗစ်-၁၉ ကာလအတွင်း လူမှုဖူလုံရေးရန်ပုံငွေမှ လူမှုဖူလုံရေးထောက်ပံ့ငွေ စုစုပေါင်း ငွေကျပ် ၇၀၈၈၃ ဒသမ ၄၄၄ သန်းကို ကူညီထောက်ပံ့ပေးနိုင်ခဲ့ပြီး မကျန်းမာမှုငွေကြေး အကျိုးခံစားခွင့် ၆၀ ရာခိုင်နှုန်းအဖြစ် ငွေကျပ် ၇၉၃ ဒသမ ၃၁၄ သန်းအား ခွင့်ပြုထုတ်ပေးနိုင်ခဲ့ပါသည်။

### နိုင်ငံတော်၏ လုပ်ငန်းများကို အားဖြည့်ဆောင်ရွက်

လူမှုဖူလုံရေးအဖွဲ့အနေဖြင့် နိုင်ငံတော်အစိုးရနှင့် အလုပ်သမားဝန်ကြီးဌာနတို့၏ လမ်းညွှန်ချက်များ၊ သုံးပွင့်ဆိုင်ဖွဲ့စည်းထားသည့် အမျိုးသားအဆင့် လူမှုဖူလုံရေးအဖွဲ့၏ ညှိနှိုင်းဆွေးနွေးချက်များ၊ နိုင်ငံတကာစံနှုန်းများနှင့်အညီ လူမှုဖူလုံရေးစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ကိုဗစ်-၁၉ ကာလအတွင်း အကျုံးဝင်အလုပ်သမားများ၏ လူမှုစီးပွားလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခြင်းဖြင့် နိုင်ငံတော်မှ ဆောင်ရွက်လျက်ရှိသည့် လူမှုကာကွယ်စောင့်ရှောက်ပေးရေးလုပ်ငန်းများကို အားဖြည့်ဆောင်ရွက်လျက်ရှိပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

■



## ဒေသတွင်းစိုက်ပျိုးမွေးမြူရေး ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်နိုင်ရေး ဖြည့်ဆည်းဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၂၂**

တိုင်းစစ်ဌာနချုပ်နယ်မြေအသီးသီးရှိ အစိုးရ၊ တပ်မတော်နှင့် ပုဂ္ဂလိကပိုင် ဒေသတွင်းစိုက်ပျိုးမွေးမြူရေးနှင့် အခြားလူသုံးကုန်လုပ်ငန်းများ ကုန်ထုတ်လုပ်မှု ရာနှုန်းပြည့်ထုတ်လုပ်နိုင်ရေး ဆောင်ရွက်လျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက အဆိုပါနေရာများသို့ သွားရောက်ကြည့်ရှုကြပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မျိုးမင်းထွန်းနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်မြေခံတပ်ရင်းများရှိ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကိုလည်းကောင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦးနှင့် တာဝန်ရှိသူများသည် ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့ရှိ နယ်မြေခံတပ်ရင်း၌ မွေးမြူရေးလုပ်ငန်းများကို လည်းကောင်း သွားရောက်ကြည့်ရှု၍ တာဝန်ရှိသူများနှင့်တွေ့ဆုံကာ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်နိုင်ရေးနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ကိုဗစ်- ၁၉ ရောဂါအား ကာကွယ်၊ ထိန်းချုပ်၊ ကုသရာတွင် အသုံးများသည့် ဆေးဝါးများ၏ ပေါက်ဈေးများ

(၂၂-၉-၂၀၂၁) ညနေ ၆ နာရီအချိန်ထိ ဈေးနှုန်း

| No | Product Name | Pack Size | Price in Kyats (Retail) | Company Name |
|---|---|---|---|---|
| Anti-inflammatory | | | | |
| 1 | P.O Dexamethasone | Box of 10x10's | 1450 | JDS |
| 2 | P.O Prednisolone | Box of 10x10 | 2000 | Aorta |
| 3 | Injection - Dexamethasone | Vial | 160 | Aorta |
| Antiviral | | | | |
| 4 | P.O Favipiravir 400 mg | 2X10 Tablet | 50000 | AA Medical |
| 5 | Injection - Remdesivir | Vial | 70000 | GHI |
| Anti thrombosis | | | | |
| 6 | Injection Enoxaprim 40 mg | 1 Pre-Filled Syringe | 7000 | Nyi Lay Naing |
| 7 | Injection Enoxaprim 60 mg | 1 Pre-Filled Syringe | 9000 | Nyi Lay Naing |
| Symptomatic | | | | |
| 8 | P.O Paracetamol 500 mg | 10X10's tablets/ Box | 1500 | AA Medical |
| 9 | P.O Dextromethophan | 10X10's | 1450 | AA Medical |
| 10 | P.O Bromhexine | 10X10's tablets/ Box | 1000 | Medi Myanmar |

အခြားဆေးဝါးများ၏ ဈေးနှုန်းများကို Website (www.mccpmd.org)နှင့် Facebook Page https://www.facebook.com/ 32330252139 2189/posts/ 1720802588308835/ ?d=n တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ဆရာကြီး ကာတွန်းမောင်စိန်၏ ကာတွန်းလက်ရာများကို မူရင်းအတိုင်း ဖော်ပြပါသည်။

**စာတည်း**



## ဝသာန်မိုးရာသီ တေးသီချင်းများဖျော်ဖြေပွဲကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၌ ပြသမည်

**နေပြည်တော် စက်တင်ဘာ ၂၂**

ဝသာန်မိုးရာသီ တေးသီချင်းများ ဖျော်ဖြေပွဲ၏ ပွဲစဉ်(၁၇)ကို စက်တင်ဘာ ၂၄ ရက် သောကြာနေ့ ည ၈ နာရီ သတင်းအပြီးတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ ထုတ်လွှင့်ပြသမည်ဖြစ်သည်။

ယင်းအစီအစဉ်ကို TRIPLE "S" Music BAND တေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ တေးသံရှင်များဖြစ်ကြသည့် ဇေယျာလင်း၊ ရတု၊ ခိုင်သဇ္ဇါစိမ့်၊ ရွှန်းလဲ့ရည်အောင်၊ မြင့်မြတ်သူ၊ အိဝေဖူးချိုနှင့် သွန်းအိန္ဒြေတို့က ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်သည်။




ထိုသို့ တင်ဆက်မှုကို စက်တင်ဘာ ၂၆ ရက် နံနက် ၁၀ နာရီခွဲတွင် ဒုတိယ အကြိမ် ထပ်မံထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## သုတဝေဖြာသီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာပေးအစီအစဉ် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသမည်




**နေပြည်တော် စက်တင်ဘာ ၂၂**

သုတဝေဖြာသီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာပေး အစီအစဉ် (Family Quiz) ပွဲစဉ် (၃၃)ကို စက်တင်ဘာ ၂၄ ရက် ညနေတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဆက်လက်ထုတ်လွှင့်မည်ဖြစ်သည်။ အဆိုပါ ပွဲစဉ်(၃၃)၏ ကိုဗစ်-၁၉ ဆိုင်ရာ အသိပညာပေးအစီအစဉ်ကို အစီအစဉ်တင်ဆက်သူ ထူးပြည့်အောင်နှင့် ယဉ်လတ်တို့က တင်ဆက်ကြမည်ဖြစ်ပြီး မိသားစု လေးစုဖြင့် သုံးပွဲယှဉ်ပြိုင်ကြမည်ဖြစ်ရာ ယင်းပြိုင်ပွဲများကို စက်တင်ဘာ (၂၄၊၂၅၊၂၆)ရက်များတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ ညနေ ၆ နာရီ သတင်းအပြီး၌ ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

နှလုံးသားကို ဖြူစင်အောင်ထားပါ

# သိကြားမင်းက ကိုယ်ယောင်ပြပြီး "သင်အောင်မြင်ချင်ရင် အောင်မြင်လို့ရပြီ၊ ခွင့်ပြုပြီ"လို့ ဘယ်တော့မှ ပြောမှာတော့မဟုတ်ပါဘူး

ကျော်ကျော်လှိုင်

**(၉-၉-၂၀၂၁ ရက်နေ့မှအဆက်)**

ကိုဖားက "ကောင်းပြီ။ ကျွန်တော့်ကျောပေါ်တက်၊ ကျွန်တော်ပို့ပေးမယ်" ဆိုပြီး တစ်ဖက်ကမ်းကို ကူးပါတယ်။ လမ်းတစ်ဝက်ရောက်တော့ ကင်းမလက်မည်းက ဖားကို ကိုက်လိုက်ပါတယ်။ ဖားက နာကျင်စွာနဲ့ "ကိုကင်းမလက်မည်း ဘာလို့လုပ်ရတာလဲ။ ကျွန်တော်တို့နှစ်ယောက်လုံးရေနစ်သေရတော့မယ်" လို့ပြောပါတယ်။

ကင်းမလက်မည်းက "ငါ ကင်းမလက်မည်းပဲ၊ ကင်းမလက်မည်းက ဖားကို ကိုက်ရတယ်၊ ဒါကြောင့် ငါကိုက်တယ်" လို့ပြောပါတယ်။

လောကကြီးမှာ ကင်းမလက်မည်းတွေ အများကြီးရှိပါတယ်။ သတိထားပါ။ ကင်းမလက်မည်းလိုပဲ သူတို့ ရေနစ်မှာမကြောက်ဘဲ ကိုယ့်ကိုဒုက္ခပေးမယ့်သူတွေပါ။

အချို့လူတွေကို ရှောင်ဖို့လိုပါတယ်။ တချို့လူတွေကိုတော့ ရင်ဆိုင်ပြီး ပြန်တိုက်ခိုက်ဖို့ လိုပါတယ်။ "ဘယ်လိုအခြေအနေမျိုးမှာ ပြန်တိုက်ခိုက်ရမှာလဲ။ မိမိကိုယ်မိမိပြန်မေးပါ။ ပြန်တိုက်ခိုက်ဖို့လိုရင်၊ တရားတယ်လို့ထင်ရင် ပြန်တိုက်ခိုက်ပါ။ အခြားသူတွေက သဘောမကောင်းဘူးလို့ထင်မှာ၊ တခြားသူတွေက မကြိုက်မှာကို စိုးရိမ်မနေနဲ့။

လူတိုင်းက သဘောကျအောင်၊ ကြိုက်အောင် ကြိုးစားရင်တော့ မိမိပဲ ပေးဆပ်လိုက်ရတာတွေများပြီး နောက်ဆုံးကျတော့လည်း မိမိကိုယ်မိမိ ဘာကောင်မှန်းမသိ ဖြစ်သွားနိုင်တဲ့အပြင် လူတော်တော်များများရဲ့ ကဲ့ရဲ့ရှုတ်ချမှုကိုလည်း ခံရပါလိမ့်မယ်။

အကောင်းဆုံးကတော့ မိမိရဲ့အတွင်းစိတ်က အဆုံးအဖြတ်ကို ယူပါ။ တစ်နည်းအားဖြင့် မိမိနှလုံးသားရဲ့ဆန္ဒအတိုင်း လုပ်ဆောင်ပါ။ **အသစ်အဆန်းတွေရှာဖွေပါ။ လုပ်နေကျအလုပ်ပဲ လုပ်နေရင်တော့ ရနေကျအကျိုးကျေးဇူးပဲရပါလိမ့်မယ်။**

အလုပ်ကထွက်ပြီး ကိုယ်ပိုင်စီးပွားရေး စလုပ်တဲ့သူတွေ၊ နိုင်ငံရပ်ခြားမှာ အလုပ်သွားလုပ်တဲ့သူတွေ၊ အလုပ်ကထွက်ပြီး ကျောင်းပြန်တက်တဲ့သူတွေ ဘယ်လိုသတ္တိတွေမွေးပြီးလုပ်တာလဲ လို့မေးကြည့်ရင် အဖြေကတော့ အတူတူပဲဖြစ်ပါတယ်။

"အဆိုးဆုံးနဲ့ ရင်ဆိုင်ရနိုင်တယ်၊ ရင်ဆိုင်နိုင်ရဲ့လား" ဆိုတဲ့ မေးခွန်းရဲ့အဖြေက "ရင်ဆိုင်နိုင်တယ်" ဆိုတာနဲ့ စလုပ်ကြတာပါပဲ။ စွန့်စားရတော့မယ်ဆိုရင် ကြီးတာပဲဖြစ်စေ၊ သေးတာပဲဖြစ်စေ လျှို့ဝှက်ချက်ကတော့ အတူတူပါပဲ။

ဥပမာ - ကိုမောင်မောင်က လက်ရှိအလုပ်အကိုင်ကထွက်ပြီး ကိုယ်ပိုင် စီးပွားရေးလုပ်ငန်းထောင်ဖို့စဉ်းစားတယ်။ ကိုမောင်မောင်က "ဘာတွေအဆိုးဆုံးဖြစ်နိုင်လဲ"လို့ မိမိကိုယ်မိမိ မေးတယ်။

အဖြေက - "စုထားတဲ့ငွေတွေ ကုန်သွားပြီ၊ စီးပွားရေးကလည်း မအောင်မြင်ဘူး"၊ "ဘာဖြစ်လဲ၊ စုထားတဲ့ငွေတွေ ကုန်သွားရင် လခစား ပြန်လုပ်မယ်" ဆိုပြီး ကိုမောင်မောင် စီးပွားရေးလုပ်ငန်းစလုပ်ပါတယ်။

ဥပမာ - စွဲလန်းက နိုင်ငံခြားမှာသွားအလုပ်လုပ်ဖို့ စဉ်းစားတယ်။ စွဲလန်းက "ဘာတွေအဆိုးဆုံးဖြစ်နိုင်လဲ" လို့ မိမိကိုယ်မိမိမေးတယ်။

အဖြေက "နိုင်ငံခြားမှာ လိုချင်တဲ့အလုပ်မရဘူး၊ စုထားတဲ့ငွေတွေလည်း ကုန်ပြီ"၊ "ဘာဖြစ်လဲ။ ရန်ကုန်ပြန်ပြီး အလုပ်ပြန်လုပ်မယ်" ဆိုပြီး စွဲလန်း နိုင်ငံခြားကို သွားပါတယ်။ အလုပ်ရှာတယ်။ လိုချင်တဲ့အလုပ်၊ လိုချင်တဲ့လခရပါတယ်။

## စွမ်းအား၏လျှို့ဝှက်ချက်

"လေးသမားက ဘာကိုမှမချိန်ဘဲပစ်တိုင်း
အစွမ်းအစ အပြည့်ရှိပါတယ်
ချိန်မှတ်ကို ချိန်ပြီးပစ်တိုင်း စိတ်လှုပ်ရှားရပါတယ်။
ဆုကို လိုချင်စိတ်များလို့ ဂရုစိုက်လွန်းလို့ပါ
လေးပစ်ဖို့ထက် ဆုရဖို့ကို
ပိုစဉ်းစားနေလို့ပါ။
ဆုရဖို့ကို ကြိုးစားတိုင်း
စွမ်းအားတွေ ကုန်စေပါတယ်။ "

**Chuang Tzu**

ဘောလုံးကန်ဖူးရင်၊ ကြက်တောင်ရိုက်ဖူးရင်၊ ဂေါက်သီးကစားဖူးရင် အားကစားဆိုတာ ပြိုင်ပွဲမှာ ဆုရတာထက်ပိုပါတယ်ဆိုတာ စာဖတ်သူတို့ သိမှာပါ။ ဒါကြောင့်လည်း စာရင်းကိုင်တွေ၊ ဆရာဝန်ကြီးတွေ၊ အရာရှိကြီးတွေ ရုံးပိတ်ရက် နေပူကျဲကျဲမှာ ဂေါက်သီးရိုက်နေတာတွေ့ရမှာပါ။ တချို့လည်း တစ်ကိုယ်လုံးချွေးရွှဲအောင် ကြက်တောင်ရိုက်တာတွေ့ဖူးမှာပါ။ ဂေါက်ကွင်းမှာ၊ ကြက်တောင်ကွင်းမှာ၊ ပင်ပေါင်ခုံပေါ်မှာ လောကရဲ့နိယာမတရားတွေကို ရှာဖွေနိုင်ပါတယ်။ အားကစားလုပ်ရတာ ပျော်စရာကောင်းပြီး မိတ်ဆွေတိုးတဲ့အပြင် ကိုယ်ပိုင်စွမ်းအားတွေအကြောင်းလည်း ပိုနားလည်လာပါတယ်။ အားကစားကရတဲ့ နိယာမတွေကတော့ အမှတ်ရဖို့စဉ်းစားတိုင်း စွမ်းဆောင်မှု လျော့လေဆိုတာပါပဲ။

ရတဲ့အမှတ်ကို မစဉ်းစားဘဲ ကြက်တောင်ရိုက်တဲ့အခါ၊ ဂေါက်သီးကိုရိုက်တဲ့အခါ အကောင်းဆုံးရိုက်နိုင်တာကို တွေ့ရပါတယ်။ နိုင်ချင်လွန်းတဲ့စိတ်နည်းလေ၊ တခြားလူတွေက ပြောမှာ၊ စဉ်းစားမှာကို မတွေးလေ အကောင်းဆုံးစွမ်းဆောင်နိုင်လေဖြစ်ပါတယ်။ အားထည့်တိုင်းကောင်းမယ်မထင်ပါနဲ့၊ အကြောအခြင်တွေရော၊ စိတ်ရောလျှော့တဲ့အခါမှ တကယ့်စွမ်းအားကို ရပါတယ်။ ဂေါက်သီးရိုက်တဲ့အခါ အားထည့်ရိုက်လေ ပျက်လေပါပဲ။ အဝေးဆုံးပြေးအောင် ရိုက်နိုင်ကြောင်း၊ အားကောင်းကြောင်း သက်သေပြဖို့ မကြိုးစားတိုင်း ဂေါက်သီးက အဝေးဆုံးပြေးပါတယ်။ ရိုက်တဲ့အခါ အားထည့်ရိုက်လေ ပျက်လေပါပဲ။ စွမ်းအားအကြီးဆုံးကို ရနိုင်ပါတယ်။ လူတွေနဲ့ဆက်ဆံတဲ့အခါမှာလည်း ဒီလောကနိယာမက မှန်ပါတယ်။

## စိတ်အေးအေးထားပါ

အားကစားလုပ်တဲ့အခါ စိတ်ဆိုးလို့မရပါဘူး။ စိတ်ဆိုးရင် ရှုံးတာပါပဲ။ စိတ်အေးအေးထားပြီး အကောင်းဆုံးယှဉ်ပြိုင်ရင် နိုင်ဖို့များပါတယ်။

> **ရည်မှန်းချက်တစ်ခုကို အောင်မြင်အောင် လုပ်မယ်လို့ ခိုင်ခိုင်မာမာ သန္နိဋ္ဌာန်ချပြီး စလုပ်လိုက်တာနဲ့တစ်ပြိုင်တည်း မိမိရည်မှန်းချက်ကို အောင်မြင်အောင် ကူညီမယ့်သူတွေက အလိုလိုပေါ်လာကြ အဓိကကတော့ ခိုင်မာတဲ့သန္နိဋ္ဌာန်ပါပဲ။ သန္နိဋ္ဌာန်ဆိုတာ ဆုတောင်းတာ မဟုတ်ပါဘူး။ ဘယ်လိုအခက်အခဲနဲ့တွေ့တွေ့ ငါ့ဇွဲရှိရှိနဲ့ကျော်ဖြတ်မယ်။ ဖြစ်အောင်လုပ်မယ်ဆိုတဲ့ စိတ်ဓာတ်ဖြစ်ပါတယ်**

ဒီလောကနိယာမက စီးပွားရေးတွေ ပြိုင်တဲ့အခါမှာလည်း အသုံးဝင်ပါတယ်။

## ပြိုင်ဘက်ကို မမုန်းပါနဲ့၊ သုညမှာထားပါ

ပြိုင်ဘက်ကို မုန်းတာနဲ့ မိမိရဲ့စွမ်းအားတွေ ကုန်ပါလိမ့်မယ်။ လူတစ်ယောက်ကို ချစ်ရင်ပဲဖြစ်ဖြစ်၊ မုန်းရင်ပဲဖြစ်ဖြစ် စွမ်းအားတွေ ကုန်ပါတယ်။ စာဖတ်သူတို့ သုည (၀) မှာရှိနေတဲ့ မီတာဒိုင်ခွက်တွေ တွေ့ဖူးမှာပါ။ ဘယ်ဘက်ကိုသွားရင် မိုင်းနက်စ် (-) ဖြစ်ပြီး ညာဘက်ကိုသွားရင် ပလပ်စ် (+) ဖြစ်ပါတယ်။ မီတာတံလေးက သုည (၀) မှာနေသလို ပြိုင်ဘက်ကို စိတ်ထဲက သုည(၀) မှာ ထားနိုင်အောင် ကြိုးစားပါ။ သုည (၀) မှာမထားနိုင်ဘဲ ပြိုင်ဘက်ကိုမုန်းရင် ကိုယ်လုပ်ရမယ့်အလုပ်ကို အာရုံမစိုက်နိုင်ဘဲ ဖြစ်သွားပါလိမ့်မယ်။

## အကြောင်းရှာပြီး အပြစ်မတင်ပါနဲ့

ကိုယ်မကောင်းတာ၊ ကိုယ်မစွမ်းဆောင်နိုင်တာတွေကို တခြားသူကို အပြစ်မတင်ပါနဲ့။ အားလုံးက ဝိုင်းပြီးဒုက္ခပေးနေတယ်လို့ထင်ရင် ဥပမာ- ဒိုင်ကြောင့်၊ လေတိုက်လို့၊ မိုးရွာလို့၊ အသံဆူလို့ ကောင်းအောင် မစွမ်းဆောင်နိုင်တာပါလို့ အကြောင်းမရှာပါနဲ့။ အောင်မြင်တဲ့အားကစားသမားတစ်ယောက်ဟာ ထူးချွန်ထက်မြက်အောင်မြင်တဲ့ လူတစ်ယောက်လိုပါပဲ။ ဖြစ်သမျှကို တာဝန်ယူရဲပါတယ်။ အကြောင်းရှာပြီး အပြစ်တင်လေ့မရှိပါဘူး။

## ထူးခြားတဲ့သန္နိဋ္ဌာန်က ထူးခြားတဲ့စွမ်းဆောင်မှုကို ပေးပါတယ်

သာမန်ကြည့်ရင်တော့ ဂေါက်သီးအကျော်အမော် တိုက်ဂါးဝုဒ်၊ တင်းနစ်ချန်ပီယံ ရှာရာပိုဗာတို့ဟာ မွေးကတည်းက ပါရမီရှိပြီးသားလို့ ထင်ပါလိမ့်မယ်။ ပါရမီထက် သန္နိဋ္ဌာန်က ပိုအရေးကြီးပါတယ်။ အောင်မြင်တဲ့အားကစားသမားအကျော်အမော်တွေဟာ အောင်မြင်အောင်လုပ်မယ်။ မဖြစ်မနေလုပ်မယ်ဆိုတဲ့ သန္နိဋ္ဌာန်ကို ခိုင်ခိုင်မာမာ ချထားသူတွေများပါတယ်။

## အားကစားနှင့်ဘဝမှာ ကိုယ်လိုချင်တာကိုပဲ အာရုံစူးစိုက်ပါ

လူတော်တော်များများက ကိုယ်မဖြစ်ချင်တာကို ဖြစ်မှာစိုးတယ်ဆိုပြီး တွေးပူနေကြပါတယ်။ ဂေါက်သီးဘောလုံး ညာဘက်ပါသွားပြီး ရေထဲကျသွားတာ၊ တင်းနစ်ဘောလုံး ပိုက်ကိုဝင်တိုးမိတာ၊ ကြက်တောင်က စည်းကိုကျော်ပြီးကျတာတွေကို ဖြစ်မှာစိုးရိမ်လေ ဖြစ်လေပါပဲ။ ဒါလောကရဲ့ ဆွဲဆောင်မှုနိယာမပါပဲ။ ကိုယ်အာရုံစူးစိုက်တာတွေကဖြစ်ပါတယ်။ စိုးရိမ်စိတ်၊ ပူပန်စိတ်တွေကို ဖျောက်ပါ။ ကိုယ်လိုချင်တာ၊ ကိုယ်ဖြစ်ချင်တာကိုပဲတွေးပါ။ ဂေါက်သီးဘောလုံးက တိုင်နားမှာကျပြီး ဘာဒီထိုးခွင့်ရတာ။ ရိုက်လိုက်တဲ့တင်းနစ်ဘောလုံးက ပိုက်တိုက်ပြီး တစ်ဖက်စည်းကိုကျသွားလို့ အမှတ်ရတာတွေပဲ စဉ်းစားပါ။ ကိုယ်လိုချင်တာကိုပဲ အာရုံစူးစိုက်ပါ။

> **"ကျွန်တော်ငယ်စဉ်တုန်းက ခေါင်းဆောင်နေရာကို ယူထားတဲ့ တရားဟောဆရာတွေ၊ ဗိုလ်ချုပ်တွေ၊ နိုင်ငံရေးခေါင်းဆောင်တွေ၊ စီးပွားရေးခေါင်းဆောင်တွေဟာ အောက်ခြေမှာ ဘာဖြစ်နေတယ်ဆိုတာ သိတယ်လို့ထင်ခဲ့ပါတယ်။ ကျွန်တော်ခေါင်းဆောင်နေရာကို ရောက်တော့မှ သူတို့မသိဘူးဆိုတာ သိရပါတယ်။"**
>
> **David Mahoney**

စာရေးသူငယ်စဉ်တုန်းက အဖေခေါ်သွားလို့ အဖေ့မိတ်ဆွေ သူဌေးတစ်ယောက်အိမ်ကို ရောက်ဖူးပါတယ်။ စာရေးသူ ကိုကာကိုလာကို အဲဒီအိမ်ကျမှ စသောက်ဖူးတာပါ။ စာရေးသူတို့ ကြီးပြင်းလာတဲ့ ဆိုရှယ်လစ်ခေတ်မှာ အစစအရာရာ ရှားပါးပါတယ်။ စာရေးသူက စာရေးသူအမေကို ကိုကာကိုလာ နေ့စဉ်သောက်ချင်ကြောင်း ပူဆာတော့ အမေက "သူဌေးမှ နေ့တိုင်း ကိုကာကိုလာ သောက်နိုင်မယ်" လို့ပြောပါတယ်။ စာရေးသူလည်း နေ့တိုင်း ကိုကာကိုလာသောက်နိုင်ရင် ဟုတ်ပြီလို့ တွေးမိပါတယ်။ ကိုကာကိုလာကို နေ့တိုင်းသောက်နိုင်တဲ့အခြေအနေကို ရောက်လာတော့လည်း ကိုကာကိုလာကြောင့် ဘာမှဖြစ်မလာဘူးဆိုတာသိလာပါတယ်။

ငယ်စဉ်က အနောက်တိုင်းဝတ်စုံကို လည်စည်းနဲ့ ကျကျနနဝတ်တဲ့သူတွေကိုတွေ့ရင် အားကျမိပါတယ်။ အဖေတောင်မှ တစ်နှစ်မှာ နှစ်ခါလောက်ပဲ ဝတ်တာတွေ့ဖူးပါတယ်။ အသက်ရလာတော့လည်း အနောက်တိုင်းဝတ်စုံကို လည်စည်းနဲ့ ကျကျနနဝတ်တိုင်းလည်း အရည်အချင်းရှိတဲ့သူ ဖြစ်မလာဘူးဆိုတာ သိလာပါတယ်။

စာရေးသူ စာမရေးခင်ကလည်း စာရေးဆရာတွေဟာ အလုံးစုံသိသူတွေလို့ ထင်ခဲ့ပါတယ်။ စာဖတ်သူလည်း တွေးမိမယ်ထင်ပါတယ်။ မေးသမျှမေးခွန်းကို ဖြေနိုင်တဲ့ပညာရှိတော့ရှိရမယ်လို့ မရှိပါဘူး။ အောင်မြင်တဲ့သူတွေဟာ ရုပ်ရှင်ထဲက စူပါမင်းတွေ မဟုတ်ပါဘူး။ အောင်မြင်တဲ့သူတွေဟာ သာမန်လူတွေလိုပဲ ဦးနှောက်တစ်လုံး၊ လက်နှစ်ဖက်၊ ခြေနှစ်ချောင်းနဲ့ တစ်နေ့ကို ၂၄ နာရီပဲ ပိုင်ဆိုင်ပါတယ်။ ကျွမ်းကျင်မှုကို ထူးချွန်လာအောင် လေ့ကျင့်ပျိုးထောင်ပြီး ခိုင်မာတဲ့ သံမဏိစည်းကမ်းတွေကြောင့် အောင်မြင်သူဖြစ်လာတာပါ။ စာဖတ်သူလည်း မိမိရဲ့ကျွမ်းကျင်မှုကို ထူးချွန်လာအောင် လေ့ကျင့်ပျိုးထောင်ပြီး သံမဏိစည်းကမ်းနဲ့ ကျင့်ကြံနေထိုင်ရင် အောင်မြင်သူဖြစ်လာမှာပါပဲ။

## ကျောင်းသားက အဆင်သင့်ဖြစ်ရင် ဆရာရောက်လာပါလိမ့်မယ်

ရည်မှန်းချက်တစ်ခုကို အောင်မြင်အောင်လုပ်မယ်လို့ ခိုင်ခိုင်မာမာ သန္နိဋ္ဌာန်ချပြီး စလုပ်လိုက်တာနဲ့တစ်ပြိုင်တည်း မိမိရည်မှန်းချက်ကို အောင်မြင်အောင် ကူညီမယ့်သူတွေက အလိုလိုပေါ်လာကြပါတယ်။ စာအုပ်ငှားမယ့် သူငယ်ချင်းတွေ၊ ကူညီမယ့်မိတ်ဆွေတွေ၊ သတင်းစာထဲက ကြော်ငြာကအစ အားလုံးက အချိန်ကိုက်ဖြစ်လာတာကို တွေ့ရပါတယ်။

မေးစရာရှိတာကတော့ အခွင့်အရေးတွေကို သတိထားမိလာတာလား (သို့) အခွင့်အရေးတွေကို မိမိရဲ့ခိုင်မာတဲ့ရည်မှန်းချက်က ဆွဲဆောင်တာလား။ အဖြေကတော့ နှစ်ခုစလုံးပါပဲ။

အဓိကကတော့ ခိုင်မာတဲ့သန္နိဋ္ဌာန်ပါပဲ။ သန္နိဋ္ဌာန်ဆိုတာ ဆုတောင်း တာ မဟုတ်ပါဘူး။ ဘယ်လိုအခက်အခဲနဲ့တွေ့တွေ့ ငါ့ဇွဲရှိရှိနဲ့ ကျော်ဖြတ်မယ်။ ဖြစ်အောင်လုပ်မယ်ဆိုတဲ့ စိတ်ဓာတ်ဖြစ်ပါတယ်။ ဒီစိတ်ဓာတ်က အလွန်စွမ်းအားကြီးပြီး မိမိရဲ့ရည်မှန်းချက်ကိုအောင်မြင်ဖို့အတွက် လိုအပ်တဲ့အကူအညီတွေကို ဆွဲဆောင်ပါ လိမ့်မယ်။ ။

(ဆရာကျော်ကျော်လှိုင်၏ "နှလုံးသားကို ဖြူစင်အောင်ထားပါ" စာအုပ်မှ သိကြားမင်းက ကိုယ်ယောင်ပြပြီး "သင်အောင်မြင်ချင်ရင် အောင်မြင်လို့ရပြီ၊ ခွင့်ပြုပြီ"လို့ ဘယ်တော့မှ ပြောမှာတော့မဟုတ်ပါဘူး ဆောင်းပါးကို စာရေးသူ၏ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ စာတည်း)

# ကိုဗစ်-၁၉ ရောဂါ ကုသရေးဆိုင်ရာပစ္စည်းများအား လေကြောင်း၊ ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ တင်သွင်း



**နေပြည်တော် စက်တင်ဘာ ၂၂**
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို လေကြောင်း၊ ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ အဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ယနေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ ဆိပ်ကမ်းများနှင့် မြဝတီနှင့် ချင်းရွှေဟော် နယ်စပ်ကုန်သွယ်ရေးစခန်းနှစ်ခုတို့မှ တင်သွင်းရာတွင် ကုမ္ပဏီခုနစ်ခုမှ ယာဉ်စီးရေ ၁၆ စီးဖြင့် အောက်ဆီဂျင်အရည် Bowser ယာဉ်နှစ်စီးဖြင့် ၄၃ တန်၊ အောက်ဆီဂျင်အိုးခွံ ၁၅၇၉ ခု၊ အောက်ဆီဂျင်စက် ရှစ်ခု၊ အိမ်သုံးအောက်ဆီဂျင်စက် ၆၈ ခု၊ လက်အိတ် ၁၄ တန်နှင့် နှာခေါင်းစည်း ၅၉ တန် တင်သွင်းခဲ့သည်။ အောက်ဆီဂျင်အရည် Bowser ယာဉ်နှစ်စီးမှာ ရန်ကုန်မြို့သို့ဖြစ်ပြီး အောက်ဆီဂျင်စက်ရှစ်ခုမှာ ဆိပ်ကမ်းမှ ရန်ကုန်မြို့သို့ခုနစ်ခုနှင့် ချင်းရွှေဟော်မှ ရခိုင်ပြည်နယ် ကျောက်ဖြူမြို့သို့ တစ်ခုဖြစ်ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို ပြည်ပမှတင်သွင်းရာတွင် နှောင့်နှေးကြန့်ကြာမှု မရှိစေရေးအတွက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိသည်။ ဆေးဝါးနှင့်ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့် သက်ဆိုင်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာန ဝက်ဘ်ဆိုက်ဖြစ်သည့် www.commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**သတင်းစဉ်**

# အင်းစိန်မြို့နယ်ရှိ စက်ရုံ၊ အလုပ်ရုံများမှ အလုပ်သမားများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေး

**ရန်ကုန် စက်တင်ဘာ ၂၂**
ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် အင်းစိန်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများသည် အင်းစိန်မြို့နယ်စက်မှုဇုန်များရှိ စက်ရုံအလုပ်ရုံများသို့ စက်တင်ဘာ ၂၁ ရက်က စတင်ကွင်းဆင်းကြပြီး စက်ရုံ၊ အလုပ်ရုံ၊ အလုပ်သမားများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ စက်တင်ဘာ ၂၅ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၄ နာရီအတွင်း ထိုးနှံပေးသွားမည်ဖြစ်ကြောင်း မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

ကာကွယ်ဆေးများ ထိုးနှံပေးရာသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ ရဲတပ်ဖွဲ့နှင့် တာဝန်ရှိသူများ၏ ဝိုင်းဝန်းကူညီပံ့ပိုးပေးမှုနှင့် ဒုတိယမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမိုးမိုးမြင့်၏ အနီးကပ်ကြီးကြပ်မှုဖြင့် ကျန်းမာရေးဝန်ထမ်းများက ပထမအကြိမ် ကာကွယ်ဆေးထိုးနှံပြီးသူ အလုပ်သမား ၃၆၁၀ တို့ကို ဒုတိယအကြိမ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးမည်ဖြစ်ပြီး ကာကွယ်ဆေး မထိုးနှံရသေးသူ အလုပ်သမား ၈၆၀၁ ဦးအား ပထမအကြိမ် ကာကွယ်ဆေးထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဉာဏ်ဟိန်း**



# ကိုဗစ် – ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆေးနှင့်ဆေးပစ္စည်းများ နေ့စဉ်စစ်ဆေး ထုတ်ပေးလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂၂**
အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ် – ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးပစ္စည်းများအား ရေကြောင်း၊ လေကြောင်း၊ ဆိပ်ကမ်း၊ နယ်စပ်ဂိတ်အသီးသီးမှ နေ့စဉ်လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကုမ္ပဏီငါးခုမှ Cilnidipine ၁၀၊ Amitriptyline Hydrochloride ၃၄ ခု၊ Vecuronium Bromide ၅၀၊ Acuclav (Amoxicillin + Clavulanic Acid) ၄၁၅၀၊ Azicure (Azithromycin) ၈၁၆၃ ခု၊ Cefolac ၃၈၀၊ Doxoril ၉၂၈ ခု၊ Takevit ၅၀၀၀၊ Endozinc ၃၀၀၀၊ Pantocard ၂၉၈၁ ခု၊ Endex-4 ၁၉၉၇ ခု၊ Orgamol ၁၀၂၈ ခု၊ Rebosoft ၃၀၀၀၊ Brainact Injection ၃၇၂၄ ခု၊ Carcan ၃၀၀၊ Merofen Injection ၅၀၀၊ Paxus Injection ၁၀၉၅ ခု၊ ရန်ကုန်ဆိပ်ကမ်းများမှ အောက်ဆီဂျင်အိုး ၁၄၇၄ ခု၊ Oxygen Regulator ၇၀၀၊ အိမ်သုံးအောက်ဆီဂျင်စက် ၆၈ ခု၊ OXygen Generator ခုနစ်ခု၊ Inhaler ၂၅၅၀၀၊ လက်အိတ် ၃၅၀၀၀၊ နှာခေါင်းစည်း ၄၉၀၀၀၊ Disposable Dental Needle ၂၆၀၀နှင့် ဆေးဝါးမျိုးစုံ ၆၁ မျိုး (၂၉၂၅၄၆ ဒသမ ၈၆ ကီလိုဂရမ်)၊ နယ်စပ် (မြဝတီ၊ ချင်းရွှေဟော်)တွင် ကုမ္ပဏီရှစ်ခုတို့မှ အောက်ဆီဂျင်အိုး ၁၀၅ ခု၊ နှာခေါင်းစည်း ၁၉၅၀၀၊ အောက်ဆီဂျင်အရည် ၁၅၄၆၂ ကုဗမီတာ၊ Sodium Chloride Injection ၅၃၉၀၀ ကီလိုဂရမ်၊ Glucose Injection ၂၆၉၅၀ ကီလိုဂရမ်၊ Gentamycin Sulphate Injection ၄၂၈၅၆ ကီလိုဂရမ်တို့အား ထုတ်ပေးခဲ့ကြောင်း သိရသည်။



**သတင်းစဉ်**

# မတ္တရာမြို့နယ်၌ ရောဝတီမြစ်နှင့် တံငါချောင်းအတွင်း ငါးမျိုးကောင်ရေတစ်သိန်း စိုက်ထည့်

**မတ္တရာ စက်တင်ဘာ ၂၂**
မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနရှိ ဂရန်အင်းများအတွင်း ငါးသယံဇာတများ ရေရှည်တည်တံ့စေရေးနှင့် အင်းများအတွင်း အင်းငါးထုတ်လုပ်မှုမြင့်မားစေပြီး ရေလုပ်သားများ အလုပ်အကိုင်အခွင့်အလမ်းပိုမိုရရှိစေရေးအတွက် ရောဝတီမြစ်နှင့် ဆက်စပ်လျက်ရှိသော တံငါချောင်းအတွင်း အင်းသားကြီးများစုပေါင်း၍ ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ယနေ့နံနက် ၉ နာရီက ပြုလုပ်သည်။

အဆိုပါအခမ်းအနားသို့ ပြင်ဦးလွင်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးဇော်သန်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်သူရသိန်း၊ အဖွဲ့ဝင်(၁) ဗိုလ်မှူးစန်းယုနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မတ္တရာမြို့နယ်ငါးလုပ်ငန်းဦးစီးဌာန မြို့နယ်တာဝန်ခံ ဦးမင်းသန့်နှင့် ဝန်ထမ်းများ၊ စဉ့်ကူးမြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးနေလင်းနှင့် အင်းသားကြီးများတက်ရောက်၍ သုံးလက်မအရွယ် ငါးမြစ်ချင်းငါးသားပေါက်ကောင်ရေ တစ်သိန်း မျိုးစိုက်ထည့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကသာမြို့နယ်၌ ရောဝတီမြစ်နှင့်ဂရန်အင်းများအတွင်း ငါးမျိုးစိုက်ထည့်

**ကသာ စက်တင်ဘာ ၂၂**
စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့အလယ်ပိုင်းရပ်ကွက် မြစေတီဘုရားအနီးတွင် ရောဝတီမြစ်နှင့် ဂရန်အင်းများအတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီက ပြုလုပ်ခဲ့ကြောင်း သိရသည်။

**ငါးမျိုးစိုက်ထည့်**


ငါးမျိုးစိုက်ထည့်ရာသို့ ကသာခရိုင် စီမံခန့်ခွဲရေးအဖွဲ့ ဥက္ကဋ္ဌ ဦးထွန်းအောင်ကျော်၊ ကသာမြို့နယ် စီမံခန့်ခွဲရေးအဖွဲ့ ဥက္ကဋ္ဌ ဦးထက်ဝင်း၊ ကသာခရိုင် ငါးလုပ်ငန်းဦးစီးမှူး ဦးထွန်းလှအောင်နှင့် ဌာနဆိုင်ရာဝန်ထမ်းများ တက်ရောက်ခဲ့သည်။ ငါးလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်စေပြီး ငါးရိက္ခာဖူလုံစေရန်၊ ငါးလုပ်ငန်းကိုအခြေခံ၍ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ မြင့်မားလာစေရန်ရည်ရွယ်၍ ငါးမျိုးများ စိုက်ထည့်ရခြင်းဖြစ်ကာ နှစ်လက်မအရွယ် ငါးမြစ်ချင်းကောင်ရေ ၅၀၀၀၀ နှင့် ထိုင်းငါးခုံးမကြီးကောင်ရေ ၅၀၀၀၀ စုစုပေါင်း ငါးမျိုးကောင်ရေ ၁၀၀၀၀၀ ကို ဧရာဝတီမြစ်အတွင်း ငါးမျိုးစိုက်ထည့်ခဲ့သည်။

အင်းသားကြီးများအနေဖြင့် မိမိတို့အင်းများထဲသို့ ငါးမျိုးစိုက်ထည့်ရန်အတွက် ကသာခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ ပေးအပ်သော ငါးသားပေါက်များကို စက်လှေများ၊ ကားများဖြင့် သယ်ယူခဲ့ကြကြောင်း သိရသည်။

**အေးမြသက်ထား**



ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်သိန်းဆိုင်၏ ရေနံ့သာခင်ခင်ကြီး အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ ဖော်ပြပေးသွားမည် ဖြစ်ပါသည်။




**ယမန်နေ့မှအဆက်**

"ဩော်၊ ညီမမှာ တခြားချစ်ရမယ့်သူ မတွေ့သေးခင်တော့ ဒီလိုပဲပြောမှာပေါ့။ အခြားချစ်ရမယ့်သူပေါ်လာရင် အချစ်ဆိုတာ နှစ်မျိုးနှစ်စားရှိတယ်ဆိုတာ ညီမနားလည်လာမှာပါ"

"ဟင့်အင်း၊ ညီမဘဝမှာ တခြားချစ်ရမယ့်သူ ပေါ်လာလိမ့်မယ်လို့လည်း မထင်ဘူး။ တခြားသူကိုလည်း မချစ်ချင်ပါဘူး။ ဘွားဘွားရယ်၊ မေမေ၊ ကိုကိုရယ် အဲဒီသုံးယောက်ကိုပဲ ထာဝစဉ်ချစ်ချင်တယ် ကိုကို"

"ဒီလိုဆိုရင်တော့ သာဓုပါပဲ ညီမ၊ သာဓု။ သာဓု။ နှစ်ခွန်းပဲ ခေါ်ထားလိုက်ဦးမယ် တစ်ခွန်းတော့ ချန်ထားလိုက်ဦးမယ်"

"ဘာဖြစ်လို့လဲ"

"အတော်ကြာ ညီမအနေနဲ့ ချစ်သူဆိုတာကို တွေ့ မလာလို့ မပြောနိုင်လို့ဘဲ"

"တော်ပါ ကိုကိုရာ။ ဒါ အစ်ကိုလုပ်တဲ့လူက ညီမကို ပြောတဲ့စကားလား။ ကဲပြော ကိုကို။ ခင်ကြီးကို ပိုချစ်တယ်လို့ပြော"

"အမိကို ပိုချစ်ပါသတဲ့ဗျာ။ ပိုချစ်ပါသတဲ့။ ကဲ၊ ကျေနပ်ပြီလားကျောင်းအမ"

နှစ်ယောက်သား ရယ်မောမိကြသည်။

"အဝင်းနဲ့ပတ်သက်လို့ ညီမကို တစ်ခုမှာရဦးမယ်"

"တစ်ခုတည်းပဲနော်"

"အကောင်းပြောမလို့၊ ဒီလိုရှိတယ် ညီမ။ အဝင်းတို့ သားအမိတစ်တွေရဲ့ အခြေအနေဟာ အတော်ဆိုးနေတယ်။ သူ့အဖေနဲ့အစ်ကိုက အခု ချောက်မှာ။ သပိတ်မှောက်တဲ့အထဲမှာ ပါနေတယ်"

"ဟုတ်လား"

"ဟုတ်တယ်။ သပိတ်မှောက်ခဲ့ကြတာ ရက်ကြာလှပြီ။ မှတ်မှတ်ရရ၊ ဒီနှစ်။ နှစ်စလောက်ကတည်းကပဲ။ ဇန်နဝါရီလဆန်းလောက်ကတည်းက မှောက်တာ။ အခု စက်တင်ဘာလကုန်ကာခါနီးဆိုတော့ ကိုးလကျော်လာခဲ့ပြီ"

"အခြေအနေ ဆိုးတယ်ဆိုတာက ဘာကိုဆိုလိုတာလဲကိုကို"

"အစစအရာရာပဲ ညီမ။ စာရေးသောက်ရေးကအစပေါ့။ သပိတ်မှောက်တဲ့ရက်က ကြာလှပြီဆိုတော့ အလုပ်သမားတွေဟာ ဝင်ငွေမရှိကြဘူး။ သူတို့ရဲ့မိသားစုတွေမှာ အကျပ်တွေ့ကြရတယ်။ အချို့ဆိုရင် စားရမဲ့မဲ့ သောက်ရမဲ့မဲ့ ဖြစ်နေကြရရှာတယ်။ ငှက်ပျောသီးစားပြီး ရေသောက် ဗိုက်မှောက်နေကြရတဲ့လူတွေတောင်ရှိတယ်"

"ဒါနဲ့များ ဘာလို့သပိတ်မှောက်ကြရတာလဲ ကိုကိုရယ်"

ခင်ခင်ကြီး၏စကားကြောင့် ကိုကိုသည် အံ့အားသင့်သွားပုံရသည်။

"သပိတ်အကြောင်းကို ညီမ မသိဘူးလား။ သူများတွေပြောသံ မကြားဘူးလား"

"သပိတ်မှောက်နေကြတယ်ဆိုတာတော့ ကြားပါတယ်။ ဒါပေမဲ့ သိပ်ပြည့်ပြည့်စုံစုံတော့မဟုတ်ဘူး ကိုကို။ အိမ်မှာ ဖေဖေတို့ တစ်ခွန်းစ နှစ်ခွန်းစ၊ ပြောကြဆိုကြတာ နားစွန်နားဖျားလောက်ကြားရတာပါ။ စိတ်ဝင်စားလို့ နားထောင်ချင်ပေမဲ့ မရဘူးကိုကိုရဲ့။ ဖေဖေက သူတို့စကားဝိုင်းနားကို အကပ်မခံဘူး။ အော်ငေါက်ပစ်တတ်တယ်။ မေမေတို့တောင် အနားကပ်ခွင့်မရှိဘူး။ ဒါ နိုင်ငံရေးတဲ့။ မိန်းမတွေ၊ ကလေးတွေနဲ့ မသက်ဆိုင်ဘူးတဲ့"

"အဲဒါ ဖေဖေမှားတာပဲ။ ဒီကိစ္စမျိုးဟာ လူအားလုံးနဲ့ သက်ဆိုင်တယ် ညီမ။ လူတကာနဲ့သက်ဆိုင်တယ်။ ခက်ပါတယ်လေ။ ကိုကိုတို့လူမျိုးဟာ မိန်းမဆိုရင် တန်းမတူဘူးလို့ သဘောထားတတ်ကြတယ်။ အဟိတ်တိရစ္ဆာန်ဖြစ်တဲ့ ခွေးလောက်တောင် မမြတ်ဘူးလို့ ဆိုချင်ကြတယ်။ စင်စစ်မှာတော့ လူရယ်လို့ဖြစ်လာရင် ယောကျ်ားပဲဖြစ်ဖြစ်၊ မိန်းမပဲဖြစ်ဖြစ် အသိဉာဏ်နုံနဲ့တဲ့ အဟိတ်တိရစ္ဆာန်ထက်တော့ မြတ်ကြတာချည်းပါပဲကွယ်။ နိုင်ငံရေးမှာ ယောကျ်ားရော မိန်းမပါ တန်းတူရည်တူဆောင်ရွက်နေကြတာ ဖေဖေတို့ မသိဘူးထင်တယ်။ အခု သပိတ်ကိစ္စမှာ ဒေါ်ဆယ်တို့၊ ဒေါ်အေးတို့ဆိုတာတွေပါတယ်။ သခင်မတွေပေါ့။ အာဇာနည်တွေပေါ့။ သူတို့ဟာ ယောကျ်ားတွေနဲ့ တန်းတူရည်တူ တိုက်ပွဲဝင်နေကြတယ်"

ကိုကို၏စကား မဆုံးသတ်သေးမီ ခင်ခင်ကြီး ဖြတ်ပြောလိုက်သည်။

"အဲဒီလို တစ်ဝက်တစ်ပျက်ကတော့ ဖြတ်မပြောနဲ့ ကိုကိုရယ်။ ပြောမယ်ဆိုရင်လည်း အစကပြောပြ။ ခင်ကြီးအဲဒီအကြောင်းတွေ သိချင်နေတာကြာလှပြီ"

"ဒီလိုရှိတယ် ညီမ။ အခု ကိုကိုတို့တိုင်းပြည်ကို အုပ်ချုပ်နေတာ ဗြိတိသျှတွေ၊ သူတို့ဟာ ကိုကိုတို့ရဲ့ ဘုရင်ကို ကြက်ကလေး၊ ငှက်ကလေးများလို ဖမ်းသွားပြီး ကိုကိုတို့လူမျိုးတွေကို ကျွန်ပြုခဲ့တယ်ဆိုတာ ညီမသိတယ်နော်"

ကိုကို့အမေးကို ခင်ခင်ကြီး ခေါင်းညိတ်အဖြေပေးသည်။

"ကိုကိုတို့လူမျိုးဟာ အမှန်တော့ မနိမ့်ကျခဲ့ပါဘူး။ ကိုယ့်ထီး ကိုယ့်နန်း ကိုယ့်ကြငှန်းနဲ့ နေခဲ့ကြတဲ့ အမျိုးအနွယ်ပါ။ ဗြိတိသျှတွေဟာ လူတွေကို ကျွန်ပြုရုံမကဘူး။ တိုင်းပြည်ကထွက်သမျှ ဆန်နဲ့ သယံဇာတတွေကိုလည်း လက်ဝါးကြီးအုပ်ပြီး ဝါးမျိုဖို့ ခနရှင်အရင်းရှင်ကုမ္ပဏီတွေကို တည်ထောင်စေတယ်။ တည်ထောင်ပြီးတဲ့အခါကျတော့ အားပေးတယ်။ ကူညီတယ်။ အကာအကွယ်ပေးတယ်။ ဘီအိုစီကုမ္ပဏီဟာ ဗြိတိသျှခနရှင်တွေပိုင်တဲ့ ကုမ္ပဏီ။ သူတို့က အဖိုးအတန်ဆုံး သယံဇာတဖြစ်တဲ့ ရေနံကို ထုတ်ယူနေကြတယ်။ ရေနံနဲ့ ရေနံထွက်ပစ္စည်းတွေအပေါ်က တစ်နှစ်တစ်နှစ် ကျပ်ငွေ သိန်း ၉၀ က ၁၀၀ အထိ အမြတ်အစွန်းရှိကြတယ်။ ဝင်ငွေဟာလည်း နှစ်စဉ် အိန္ဒိယက သိန်း ၉၉၀ နဲ့ တခြားနိုင်ငံတွေက သိန်း ၁၉၈ သိန်း နိုင်ငံခြားဝင်ငွေရတယ်။

**ဘီအိုစီကုမ္ပဏီဟာ ဗြိတိသျှခနရှင်တွေပိုင်တဲ့ ကုမ္ပဏီ။ သူတို့က အဖိုးအတန်ဆုံးသယံဇာတဖြစ်တဲ့ ရေနံကို ထုတ်ယူနေကြတယ်။ ရေနံနဲ့ ရေနံထွက်ပစ္စည်းတွေအပေါ်က တစ်နှစ်တစ်နှစ် ကျပ်ငွေ သိန်း ၉၀ က ၁၀၀ အထိ အမြတ်အစွန်းရှိကြတယ်။ ဝင်ငွေဟာလည်း နှစ်စဉ် အိန္ဒိယက သိန်း ၉၉၀ နဲ့ တခြားနိုင်ငံတွေက သိန်း ၁၉၈ သိန်း နိုင်ငံခြားဝင်ငွေရတယ်။**

"အဲဒီလို အမြတ်အစွန်းတွေရလို့ ဗြိတိသျှအရင်းရှင်ကို့ဟာ နေအိမ်၊ မော်တော်ကားဒရိုင်ဘာတို့ အခမဲ့ရကြတယ်။ လစာငွေကလည်း ငါးထောင်ကနေ ရှစ်ထောင်အထိရကြတယ်။ ရိပ်သာတွေ၊ ရေကူးကန်တွေ၊ ဂေါက်ကွင်းတွေနဲ့ ကျကျနနအပန်းဖြေဖို့လည်း အရန်သင့်ရှိကြတယ်။ သူတို့အဲဒီလိုနေနိုင်ချိန်မှာ တခြားလူမျိုး အလုပ်သမားတွေကျတော့ အောက်ခြေအလုပ်သမားတွေဟာ လခ ဆယ့်ငါးကျပ်ပဲရကြတယ်။ သူတို့ ဥရောပမျက်နှာဖြူတွေကျတော့ သုံးနှစ်တစ်ကြိမ်၊ ခြောက်လ လစာအပြည့်နဲ့ ပထမတန်း ခရီးစရိတ်အပါအဝင် ခွင့်ယူနိုင်ကြတယ်။ အလုပ်သမားတွေကျတော့ တစ်နှစ်မှာ ဆယ်ရက်တောင် ခွင့်မှန်မှန်မရကြဘူး။ နေရတဲ့အိမ်တွေကျတော့လည်း ရှစ်ပေနဲ့ ဆယ်ပေသာ အကျယ်အဝန်းရှိတယ်။ မောင်နှမ သားအမိတွေ ရောနှောပြီး နေကြရတယ်။ လေဝင်ပေါက် တစ်ပေါက်သာရှိတယ်။ ဒီတော့ လူတွေရဲ့ အကျင့်စာရိတ္တနဲ့ ကျန်းမာရေးကို ထိခိုက်စေနိုင်တယ်။

"ဒါပေမဲ့ အလုပ်လုပ်ရတဲ့အခါကျတော့ ကြည့်ဦး။ ပေတစ်ရာကျော်မြင့်တဲ့ စက်ရုံတွေမှာ စက်အားနဲ့ပြိုင်ပြီး ချွေးသွေးမြေအကျခံ လုပ်ကြရတယ်။ မတော်တဆကိစ္စတွေ ဖြစ်လာတဲ့အခါမှာဆိုရင် သေသူသေ၊ ကျိုးသူကျိုး၊ ခြေပြတ်လက်ပြတ်ဖြစ်တဲ့သူဖြစ်နဲ့ပေါ့။ ရှုရှိုက်ရတဲ့လေကလည်း ကန့်ဓာတ်ပါတယ်။ အဆိပ်အခိုးအငွေ့ပါတယ်။ အောက်ကပူ၊ အထက်ပူနဲ့ အလုပ်ချိန်ဖြစ်တဲ့ တစ်နေ့လုံး အရိပ်ခိုစရာတောင်မရရှာကြဘူး။ အလုပ်သမားတွေဟာ ကြာတော့ ရှုနာရှိုက်ကုန်းတွေဖြစ်ပြီး လူစဉ်မမီဘဲ အသက်တိုကုန်ကြရတယ်။ အဲဒီလို လုပ်ပေးခဲ့ရပေမဲ့ ထိုက်တန်တဲ့ အခွင့်အရေးကို မရရှာကြဘူး။ အခွင့်အရေးမရကြတဲ့အပြင် မျက်နှာဖြူတွေဟာ ဗမာ အလုပ်သမားတွေအပေါ် စော်ကားမော်ကား လုပ်ကြတယ်။ တန်းတူဆက်ဆံဖို့ နေနေသာသာ တိရစ္ဆာန်တွေလို သဘောထားကြတယ်။ အဲဒီကိစ္စတွေအပေါ်မှာ မကျေမနပ်ဖြစ်နေကြတာက အကြောင်းတစ်ကြောင်းပေါ့။ မနှစ်က ဒီအချိန်လောက်မှာ ဘီအိုစီက နှစ်တိုင်းပေးနေကျဖြစ်တဲ့ ဘာသာရေးအလုပ်ပိတ်ရက် ဆယ်ရက်အစား၊ ခုနစ်ရက်ကို လျှော့ချလိုက်တယ်။ အလုပ်သမားတွေက သူတို့လိုအပ်ချက်ဆယ့်နှစ်ချက်ကို တင်ပြထားခဲ့တယ်။ အဲဒါကို ပယ်ချလိုက်တယ်။ ချောက်ဘီအိုစီ မော်တော်ယာဉ်ဌာနက စက်ပြင်ဆရာသခင်ခင်ကို မတရား အလုပ်ထုတ်ပစ်ခဲ့တယ်။ ဒီလိုနဲ့ သပိတ်စမှောက်ခဲ့တယ်။

"အလုပ်သမားတွေအတွက် ဘာသာရေးပိတ်ရက် ခုနစ်ရက်၊ လုပ်ခမပျက်ခွင့်ရက် ဆယ်ရက်သာ သတ်မှတ်ပေမဲ့ အဲဒီအချိန်မှာ ဘီအိုစီစာရေးတွေက တစ်နှစ်မှာ ဘာသာရေးပိတ်ရက် ဆယ်ရက်၊ လစာမပျက်ခွင့် ရက်နှစ်ဆယ် ရနေကြတယ်။ ဘာသာရေးပိတ်ရက် လျှော့ချလိုက်တဲ့သဘောဟာ ဘာသာရေးအရ ဖိနှိပ်တာလို့ယူဆပြီး အစည်းအဝေးလုပ်ကန့်ကွက်ခဲ့တယ်။ အဲဒီအတွင်းမှာပဲ ရေနံမြေလုပ်သားထုက တန်းလျားနေအိမ်ဆောက်လုပ်ပေးဖို့ကအစ ဆေးကုသနိုင်ခွင့် အစည်းအရုံးဝင် အလုပ်သမားတွေကို မဖိနှိပ်ဖို့အထိ ခွင့်ပြုဖို့ အချက်ဆယ့်နှစ်ချက်ကို တင်ပြတောင်းဆိုတယ်။ မပေးရင် သပိတ်မှောက်မယ်ဆိုပြီး စတိ သပိတ်သုံးရက်မှောက်ကြတယ်။ အဲဒီအတွင်းမှာပဲ ရန်ကုန်တို့ဗမာအစည်းအရုံးက နာယက ဆရာကြီးသခင်ကိုယ်တော်မှိုင်း၊ သခင်လေး မောင်နဲ့ အလုပ်သမားအမတ် လွှယ်အိတ်ကြီးဦးဘလှိုင်တို့ အလုပ်သမားပြဿနာတွေ ဆွေးနွေးလေ့လာဖို့ ရေနံချောင်းကို ရောက်လာကြတယ်။ အဲဒီပုဂ္ဂိုလ်ကြီးတွေကိုကြိုဆိုဖို့နဲ့ အလုပ်သမားပြဿနာတွေဆွေးနွေးဖို့ဗဟိုတို့ဗမာအစည်းအရုံးက သခင်ခင်ကို တာဝန်ပေးစေလွှတ်တယ်။ သခင်ခင်က အဲဒီအတွက် ခွင့်နှစ်ရက် ယူတယ်။ မန်နေဂျာမစ္စတာဘီရှော့က တမင်ညစ်ပတ်ပြီး ခွင့်တစ်ရက်တည်းပေးတယ်။ သခင်ခင် ရေနံချောင်းကအပြန် အလုပ်ပြန်ဆင်းတော့ အလုပ်က ထုတ်ပစ်လိုက်တယ်။ ဒီအကြောင်းကို အလုပ်သမားတွေသိတော့ ဆန္ဒပြကြတယ်။ ဘီအိုစီအာဏာပိုင်တွေက သခင်ခင်ကို အလုပ်ပြန်ခန့်ဖို့ သဘောတူလိုက်ရတယ်။ ဒါပေမဲ့ ဘီအိုစီ သပိတ်ကို ဦးဆောင်တဲ့ ခေါင်းဆောင်တွေကို ဖမ်းဆီးဖို့ ကြိုးစားကြတယ်။ ဒီမှာတင် ဖိနှိပ်ချုပ်ချယ်မှုတွေကို ကန့်ကွက်ရင်းကနေ သပိတ်မှောက်ရတော့တာပဲ"

**ဆက်လက်ဖော်ပြပါမည်။**

ဆရာမောင်သိန်းဆိုင်၏ "ရေနံ့သာခင်ခင်ကြီး" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ **စာတည်း**

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၈၁၈ ဦး တွေ့ရှိ၊ ယနေ့အထိ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း ၄၅၁၆၆၃ ဦးရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၂၂-၉-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် ပြည်သူလူထုအနေဖြင့် -

- တတ်နိုင်သမျှ အိမ်တွင်း၌သာနေထိုင်ခြင်း၊
- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း(Mask)ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊
- လက်ကို မကြာခဏဆေးကြောခြင်း၊
- တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်း၊
- မိမိတို့နေအိမ်တွင် အသက် (၆၅)နှစ်နှင့်အထက် အသက်အရွယ်ကြီးရင့်သူ၊ ဆီးချို၊ သွေးတိုး၊ နှလုံး စသည့် နာတာရှည်ရောဂါတစ်ခုခုခံစားနေရသူရှိပါက ထိုသူအား ပါးစပ်နှင့် နှာခေါင်းစည်းကို တပ်ဆင်ထားစေခြင်း၊
- ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာ ကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိရာ (၂၁-၉-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၂၂-၉-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း(၂၀,၁၇၈)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁,၈၁၈)ဦး တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း(၄,၁၆၈,၄၂၇)ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၄၅၁,၆၆၃)ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၂,၁၅၉) ဦးဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၄၀၄,၄၇၉)ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၆၄) ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၇,၂၆၆) ဦးရှိပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၂၁-၉-၂၀၂၁)ရက်နေ့အထိ လူဦးရေစုစုပေါင်း (၆,၁၅၉,၀၃၆)ဦးအား ထိုးနှံပေးပြီးဖြစ်၍ ကာကွယ်ဆေးနှစ်ကြိမ်အပြည့် ထိုးနှံပြီးစီးသူ (၃,၅၈၃,၅၄၉)ဦးနှင့် ပထမအကြိမ်ထိုးနှံပြီးစီးသူ (၂,၅၇၅,၄၈၇) ဦးရှိပြီဖြစ်ပါသည်။

သို့ဖြစ်ပါ၍ (၂၁-၉-၂၀၂၁) ရက်နေ့အထိ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအကြိမ်ရေ စုစုပေါင်း(၉,၇၄၂,၅၈၅)ကြိမ် ထိုးနှံပြီးဖြစ်ပါသည်။

- ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။

### ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ

(၂၂-၉-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၁,၅၅၂)ခု | (၃၀၂)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၅၃)ခု | (၁၁)ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၃၈၅)ခု | (၄)ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁၇၄)ခု | (၁၁)ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၈၂၈)ခု | (၁၁)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၈၀၁)ခု | (၁၃၆)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၆,၃၈၅)ခု | (၁,၃၄၃)ဦး |
| စုစုပေါင်း | (၂၀,၁၇၈)ခု | (၁,၈၁၈)ဦး |

### ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံနိုင်မှုအခြေအနေ

(၂၁-၉-၂၀၂၁) ရက်နေ့

| ကာကွယ်ဆေးထိုးနှံမှု | အရေအတွက် |
|---|---|
| ပထမအကြိမ်ထိုးနှံပြီး လူဦးရေ | (၂,၅၇၅,၄၈၇) ဦး |
| ကာကွယ်ဆေး (၂)ကြိမ်အပြည့် ထိုးနှံပြီး လူဦးရေ | (၃,၅၈၃,၅၄၉) ဦး |
| ပထမအကြိမ်ထိုးနှံပြီး လူဦးရေနှင့် (၂)ကြိမ်အပြည့် ထိုးနှံပြီး လူဦးရေစုစုပေါင်း | (၆,၁၅၉,၀၃၆) ဦး |
| စုစုပေါင်း ထိုးနှံပြီးသော ကာကွယ်ဆေး အကြိမ်ပေါင်း (Vaccine Doses) | (၉,၇၄၂,၅၈၅) ကြိမ် |

- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင် အင်တာနက်စာမျက်နှာ www.mohs.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၄၃၂၄၆၇၉၁ | ၃၂၈၃၀၀၅၆ | ၆၉၆၉၁၈ |
| ၂။ | အိန္ဒိယ | ၃၃၅၃၁၄၉၈ | ၃၂၇၈၃၇၄၁ | ၄၄၅၈၀၁ |
| ၃။ | ဘရာဇီး | ၂၁၂၄၇၀၉၄ | ၂၀၂၅၀၁၉၈ | ၅၉၁၅၁၈ |
| ၄။ | ဗြိတိန် | ၇၄၉၆၅၄၃ | ၆၀၄၃၅၅၇ | ၁၃၅၄၅၅ |
| ၅။ | ရုရှား | ၇၃၃၃၅၅၇ | ၆၅၄၂၂၁၃ | ၂၀၀၆၂၅ |
| ၆။ | ပြင်သစ် | ၆၉၆၄၆၉၉ | ၆၆၈၂၉၈၉ | ၁၁၆၂၅၁ |
| ၇။ | တူရကီ | ၆၉၀၄၂၈၅ | ၆၃၈၈၃၈၀ | ၆၂၀၆၅ |
| ၈။ | အီရန် | ၅၄၇၇၂၂၉ | ၄၈၄၆၇၇၁ | ၁၁၈၁၉၁ |
| ၉။ | အာဂျင်တီးနား | ၅၂၄၃၂၃၁ | ၅၁၀၁၁၄၆ | ၁၁၄၅၇၉ |
| ၁၀။ | ကိုလံဘီယာ | ၄၉၄၃၆၂၂ | ၄၇၈၃၃၃၄ | ၁၂၅၉၆၂ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၄၁၉၈၆၇၈ | ၄၀၀၈၀၆၂ | ၁၄၀၉၅၄ |
| ၂။ | ဖိလစ်ပိုင် | ၂၄၁၇၄၁၉ | ၂၂၁၇၆၁၁ | ၃၇၂၂၈ |
| ၃။ | မလေးရှား | ၂၁၂၇၉၃၄ | ၁၈၉၇၃၈၃ | ၂၄၀၇၈ |
| ၄။ | ထိုင်း | ၁၅၁၁၃၅၇ | ၁၃၆၆၅၃၃ | ၁၅၇၅၃ |
| ၅။ | ဗီယက်နမ် | ၇၁၈၉၆၃ | ၄၈၇၂၆၂ | ၁၇၇၈၁ |
| ၆။ | မြန်မာ | ၄၅၁၆၆၃ | ၄၀၄၄၇၉ | ၁၇၂၆၆ |
| ၇။ | ကမ္ဘောဒီးယား | ၁၀၅၉၈၁ | ၉၈၆၅၅ | ၂၁၅၄ |
| ၈။ | စင်ကာပူ | ၇၉၈၉၉ | ၇၁၆၂၈ | ၆၅ |
| ၉။ | လာအို | ၁၉၉၅၂ | ၁၅၁၆၈ | ၁၆ |
| ၁၀။ | ဘရူနိုင်း | ၅၅၈၆ | ၃၇၇၀ | ၃၁ |

❍ ဆူဇူကီးဖလားပြိုင်ပွဲမှ

ဖိလစ်ပိုင်၊ စင်ကာပူ၊ ခြေစစ်ပွဲအောင်အသင်း (တီမော/ဘရူနိုင်း)၊ အုပ်စု (B) တွင် ဗီယက်နမ်၊ မလေးရှား၊ အင်ဒိုနီးရှား၊ ကမ္ဘောဒီးယားနှင့် လာအို အသင်းတို့ ပါဝင်နေသည်။ ပွဲစဉ်ရေးဆွဲထားမှုအရ မြန်မာအသင်းသည် ဒီဇင်ဘာ ၅ ရက်တွင် စင်ကာပူအသင်း၊ ဒီဇင်ဘာ ၈ ရက်တွင် ခြေစစ်ပွဲအောင်အသင်း၊ ဒီဇင်ဘာ ၁၁ ရက်တွင် ထိုင်းအသင်း၊ ဒီဇင်ဘာ ၁၈ ရက်တွင် ဖိလစ်ပိုင်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ အုပ်စု (A) ပွဲစဉ်များကို ဒီဇင်ဘာ ၅ ရက်မှ ၁၈ ရက်၊ အုပ်စု (B) ပွဲစဉ်များကို ဒီဇင်ဘာ ၆ ရက်မှ ၁၉ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။ ဆီမီးဖိုင်နယ် ပထမအကျော့ကို ဒီဇင်ဘာ ၂၂၊ ၂၃ ရက်၊ ဒုတိယအကျော့ကို ဒီဇင်ဘာ ၂၅၊ ၂၆ ရက်၊ ဗိုလ်လုပွဲပထမအကျော့ကို ဒီဇင်ဘာ ၂၉ ရက်၊ ဒုတိယအကျော့ကို ဇန်နဝါရီ ၁ ရက်တွင် ကျင်းပမည်ဖြစ်သည်။ မြန်မာအသင်းသည် အုပ်စုတွင်းပြိုင်ဘက်များအနက် စင်ကာပူ၊ ထိုင်းအသင်းတို့နှင့် ၂၀၁၄ ပြိုင်ပွဲ၊ ဖိလစ်ပိုင်အသင်းနှင့် ၂၀၁၂ ပြိုင်ပွဲတို့တွင် အုပ်စုအဆင့်၌ နောက်ဆုံးတွေ့ဆုံခဲ့သည်။ ခြေစစ်ပွဲကစားမည့်အသင်းများအနက် တီမောအသင်းနှင့် ၂၀၀၄ ပြိုင်ပွဲတစ်ခုသာ အုပ်စုအဆင့်တွင် တွေ့ဆုံဖူးပြီး ဘရူနိုင်းအသင်းနှင့် တွေ့ဆုံဖူးခြင်းမရှိကြောင်း သိရသည်။

ပွဲစဉ်ရေးဆွဲထားမှုအရ မြန်မာအသင်းသည် စင်ကာပူ၊ ခြေစစ်ပွဲအောင်အသင်း၊ ထိုင်းအသင်းတို့နှင့် ပွဲများကို နှစ်ရက်ခြား သုံးပွဲဆက်ကစားရမည်ဖြစ်သော်လည်း နောက်ဆုံးပွဲဖြစ်သည့် ဖိလစ်ပိုင်နှင့် ပွဲမတိုင်မီ နားရက် ခြောက်ရက်ရရှိမည်ဖြစ်သည်။ အုပ်စုအနေအထားအရ မြန်မာအသင်းသည် ဆီမီးဖိုင်နယ်တက်ရောက်ရန် စင်ကာပူ၊ ထိုင်း၊ ဖိလစ်ပိုင်တို့နှင့် ပွဲများမှာ အရေးပါလျက်ရှိသည်။

**ကိုညီလေး**

❖ ဘိုင်ယန်မြူးနစ်မှ

ကျင်းပလျက်ရှိတဲ့ ပြည်တွင်းလိဂ်ပြိုင်ပွဲအားလုံးမှာ ဂိုးသွင်းအများဆုံးကစားသမားကို ပေးအပ်ချီးမြှင့်တဲ့ဆုလည်း ဖြစ်ပါတယ်။ အသက် ၃၃ နှစ်အရွယ်ရှိ ပိုလန်တိုက်စစ်မှူး လီဝန်ဒိုစကီးဟာ ဂျာမနီအခြေစိုက်အသင်းတွေထဲက ဥရောပရွှေဖိနပ်ဆုကို ရရှိခဲ့တဲ့ ဒုတိယမြောက်ကစားသမားဖြစ်ပါတယ်။

**ပထမဆုံးအကြိမ် ရယူဆွတ်ခူး**

၁၉၇၁-၁၉၇၂ ဘောလုံးရာသီက ဝါရင့်တိုက်စစ်မှူး ဂတ်မူလာဟာ ဘိုင်ယန်မြူးနစ်အသင်းနဲ့အတူ ဂိုးအများဆုံး သွင်းယူနိုင်ခဲ့တာကြောင့် ဘွန်ဒက်လီဂါကစားသမားတွေထဲမှာ ဥရောပရွှေဖိနပ်ဆုကို ပထမဆုံးအကြိမ် ရယူဆွတ်ခူးနိုင်ခဲ့တာဖြစ်ပါတယ်။

ပိုလန်တိုက်စစ်မှူး လီဝန်ဒိုစကီးရဲ့ ပြီးခဲ့တဲ့ဘောလုံးရာသီက သွင်းယူခဲ့တဲ့ သွင်းဂိုးစုစုပေါင်း ၄၁ ဂိုးဟာ ၂၀၁၅ ခုနှစ်အတွင်း တိုက်စစ်မှူး စီရိုနယ်လ်ဒို ဥရောပရွှေဖိနပ်ဆုရရှိခဲ့ပြီးနောက်ပိုင်း သွင်းဂိုးအများဆုံးဖြစ်ပြီး တိုက်စစ်မှူး စီရိုနယ်လ်ဒိုဟာ ၂၀၁၅ ခုနှစ်က ဥရောပရွှေဖိနပ်ဆုရရှိခဲ့ချိန်မှာ ရီးယဲလ်မက်ဒရစ်အသင်းနဲ့အတူ သွင်းဂိုးစုစုပေါင်း ၄၈ ဂိုး အထိသွင်းယူနိုင်ခဲ့တာဖြစ်ပါတယ်။

**ငွေကြယ်**

**ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း**

ဥတ္တရသီရိမြို့၊ ဇဝနသိဒ္ဓိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်၊ ၁/ဥတ္တရသီရိမြောက်ရပ်၊ မြေဧရိယာ(၀.၂၂၉ )ဧက၊ မြေကွက်အမှတ်(ဥ-၅၉၁၁) ဒေါ်ခင်လှဲ့နွယ်၊ (ဘ)ဦးအေးမောင်၊ အမည်ပေါက်၊ နှစ်(၃၀)မြေငှားစာချုပ်မြေကွက်ကို ဦးဇေယျာမင်းမင်း ၁၄/ဝခမ(နိုင်)၁၄၂၉၉၁၊ (ဘ)ဦးတင့်ဆွေမှ ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်-၅၈၀/၂၀၂၁(၁၄ ၁.၂၀၂၁)တင်ပြ၍ ဒေါ်အိအိသူ ၇/နတလ(နိုင်)၀၉၄၁၁၇၊ (ဘ)ဦးအေးရွှေအမည်ဖြင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

**ပုလဲမြို့သစ် မြေကွက်ရောင်းမည်**

09-43021002

**အသိပေးကြေညာချက်**

ကိုရီးယားနိုင်ငံ၊ ဂျပန်နိုင်ငံနှင့် စင်ကာပူနိုင်ငံတို့မှ မော်တော်ယာဉ်များ တင်ဆောင်လာသည့် M.V VIKING DRIVE V.3 သင်္ဘောသည် ၂၄-၉-၂၀၂၁ ရက်ခန့်တွင် ရန်ကုန်ဆိပ်ကမ်းသို့ ဆိုက်ကပ်၍ ကုန်ချလုပ်ငန်းဆောင်ရွက်မည်ဖြစ်ပါသည်။

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILL OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ တယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

**အများသိစေရန်ကြေညာခြင်း**

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၂-W၂၊ မြေကွက်အမှတ်-၁၄၂၊ ဧရိယာ ပေ(၂၅x၅၀)ရှိ နှစ်(၆၀)ဂရန်မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၁)ရပ်ကွက်၊ (၄)လမ်း၊ အမှတ်-၃၀၊ (၆)ထပ်တိုက်၊ အကျယ်အဝန်း ပေ(၁၂x၅၀)မြေညီထပ်၊ (ခြေရင်းခန်း)တိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် (၁၉-၉-၂၀၁၂)ရက်စွဲပါ "နှစ်ဦးသဘောတူတိုက်ခန်း အရောင်းအဝယ်ကတိစာချုပ်"အရ ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဦးနိုင်လင်းထွန်း[၁၂/လမတ(နိုင်)၀၃၁၃၇၄]မှ အရှုပ်အရှင်းကင်းရှင်းစွာ လက်ဝယ်ရှိ ပိုင်ဆိုင်ကြောင်း ဝန်ခံလျက်ရောင်းချရန်အတွက် ကျွန်ုပ်မိတ်ဆွေများထံမှ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေအနက် တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် လက်ခံထားပြီးဖြစ်ပါသောကြောင့် အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ဆိုင်မှု စာချုပ်စာတမ်း၊ အထောက်အထားမူရင်းများနှင့်အတူ ကြေညာပါသည့်နေ့ရက်မှ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သင်းသင်းမော်**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၂၆)**
**အမှတ်(၄၅)၊ မြေညီထပ်၊ (၄၃)လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၅၀၀၃၁၂၉၂**

**"သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း"**

ဧရာဝတီတိုင်းဒေသကြီး၊ ကြံခင်းမြို့၊ မြို့မရပ်ကွက်၊ ထန်းတောရပ်နေ (အဖ) ဦးစိုးဝင်း-(အမိ)ဒေါ်သန်းနွဲ့တို့၏သားဖြစ်သူ မောင်မင်းစိုးဝင်း[၁၄/ကခန(နိုင်)၀၀၈၃၃၉]သည် မိဘနှစ်ပါး၏ဆိုဆုံးမမှုကို လုံးဝမနာခံဘဲ မိမိသဘောအလျောက်ပြုမူနေပါသဖြင့် ကြေညာသည့်နေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်၍ တာဝန်မယူကြောင်း အသိပေးကြေညာအပ်ပါသည်။ စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

**(ဖခင်) ဦးစိုးဝင်း [၁၂/မဘန(နိုင်)၀၀၄၂၈၂]**
**(မိခင်) ဒေါ်သန်းနွဲ့ [၁၂/မဘန(နိုင်)၀၀၅၉၇၃]**

## အနုပညာ


## Voice ရဲ့ အကဲဖြတ်ဒိုင်တစ်ဦးဖြစ်လာတဲ့ အရီရန်နာဂရန်းဒ်

ကျော်ကြားတဲ့ အမေရိကန်ပေါ့ပ်ကြယ်ပွင့်တစ်ဦးဖြစ်သူ အရီရန်နာဂရန်းဒ်ဟာ တေးသီချင်းပြိုင်ပွဲ အစီအစဉ်တစ်ခုဖြစ်တဲ့ Voice ရဲ့ ရာသီသစ်မှာ အကဲဖြတ်ဒိုင်တစ်ဦးအဖြစ် ပါဝင်ထားတာ တွေ့ရပါတယ်။

စက်တင်ဘာ ၂၀ ရက်မှာ Voice ရဲ့ ရာသီသစ်ပြိုင်ပွဲအစီအစဉ်တွေကို စတင်ထုတ်လွှင့်ခဲ့ပြီး ယခုနှစ် အကဲဖြတ်ဒိုင်တွေထဲမှာ အရီရန်နာဂရန်းဒ် ပါဝင်လာတာကို တွေ့ရပါတယ်။ ဒီလို ပါဝင်ဖြစ်တာနဲ့ ပတ်သက်ပြီး အရီရန်နာဂရန်းဒ်က သူဟာ Voice ပြိုင်ပွဲတွေကို ကြည့်ရှုခဲ့ကြောင်း၊ အဆိုပါ အစီအစဉ်မှာ အကဲဖြတ်ဒိုင်တစ်ဦးအဖြစ် ပါဝင်ခွင့်ရဖို့က သူ့ရဲ့ အိပ်မက်တစ်ခုဖြစ်ကြောင်း ထည့်သွင်းပြောကြားခဲ့ပါတယ်။

အဆိုပါအစီအစဉ်မှာ အရီရန်နာဂရန်းဒ်နဲ့အတူ အခြားသော နာမည်ကျော်တေးသံရှင်တွေဖြစ်ကြတဲ့ ကယ်လီကလာ့ခ်ဆန်၊ ဘလိတ်ခ်ရှယ်လ်တန်နဲ့ ဂျွန်လဲဂျန့်တို့က အကဲဖြတ်ဒိုင်တွေအဖြစ် ပါဝင်ဆောင်ရွက်လျက်ရှိကြောင်းလည်း သိရပါတယ်။






## လက်ထပ်တော့မယ့်အကြောင်း ပြောကြားလာတဲ့ ဘယ်လာသရုန်း

အမေရိကန်လူမျိုးသရုပ်ဆောင်၊ မော်ဒယ်လ်နဲ့ တေးသံရှင်တစ်ဦးဖြစ်သူ ဘယ်လာသရုန်းဟာ လက်ထပ်တော့မှာဖြစ်ကြောင်း လတ်တလောမှာ ထုတ်ဖော်ပြောကြားလာခဲ့ပါတယ်။ ဘယ်လာသရုန်းက သူ့ရဲ့ မင်္ဂလာပွဲအစီအစဉ်တွေနဲ့ ပတ်သက်ပြီး အီးတီအွန်လိုင်းဒေါ့ကွန်းက ဆက်သွယ်မေးမြန်းချက်များကို ဖြေကြားခဲ့ကြောင်း သိရပါတယ်။

ဘယ်လာသရုန်းဟာ သူနဲ့အချိန်အတော်ကြာ လက်တွဲလာခဲ့တဲ့ချစ်သူ ဘန်ဂျမင်မက်စကိုလိုနဲ့ မင်္ဂလာပွဲအတွက် လက်ရှိမှာပြင်ဆင်နေပါတယ်။ သူ့ရဲ့မင်္ဂလာပွဲကို Shake It Up တေးသီချင်းမှာ တွဲဖက်ပါဝင်ထားတဲ့ သူငယ်ချင်းတွေလည်း တက်ရောက်နိုင်ဖွယ်ရှိတယ်လို့ ဆိုပါတယ်။

သူ့ရဲ့ မင်္ဂလာအခမ်းအနားနဲ့ပတ်သက်ပြီး အီတလီလူမျိုးသရုပ်ဆောင်တစ်ဦးဖြစ်သူ ဘန်ဂျမင်မက်စကိုလိုက လာမယ့်နွေရာသီမှာ ပြုလုပ်သွားဖွယ်ရှိကြောင်း၊ လာမယ့် ဇွန်၊ ဇူလိုင်၊ ဩဂုတ်လတွေအတွင်း အခမ်းအနား ပြုလုပ်သွားဖို့ရာ မျှော်လင့်ကြောင်း၊ သူတို့မှာ အလုပ်တွေကြောင့် အချိန်မရှိဖြစ်နေပြီး မင်္ဂလာအခမ်းအနားအတွက် အချိန်ပေးဆောင်ရွက်လိုကြောင်း၊ အလျင်စလိုဆောင်ရွက်ရတာမျိုးကို မလိုလားကြောင်း ထည့်သွင်းဖြေကြားခဲ့တယ်လို့ သိရပါတယ်။

ဘယ်လာသရုန်းနဲ့ ဘန်ဂျမင်မက်စကိုလိုတို့ဟာ Time is Up လို့ အမည်ပေးထားတဲ့ ရုပ်ရှင်သစ်မှာ အတူတွဲဖက်သရုပ်ဆောင်ထားကြပါတယ်။ သူတို့နှစ်ဦးရဲ့ မင်္ဂလာအခမ်းအနားကို လော့စ်အိန်ဂျလိစ်နဲ့ မက်စကိုလိုရဲ့ ဇာတိဖြစ်တဲ့ အီတလီမှာ နှစ်နေရာ ကျင်းပနိုင်ဖွယ်ရှိတယ်လို့လည်း သိရပါတယ်။

## ပိုလီယိုရောဂါသည်များအတွက် လှူဒါန်းခဲ့တဲ့ ဂျီမင်း




တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသား တေးဂီတအဖွဲ့ BTS ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဂျီမင်းဟာ ပိုလီယိုရောဂါသည်တွေ အတွက် ဝမ်သန်း ၁၀၀ လှူဒါန်းခဲ့ကြောင်း စွန်ပီဒေါ့ကွန်းရဲ့ ရေးသား ဖော်ပြချက်တွေအရ သိရပါတယ်။

ဂျီမင်းအနေနဲ့ Rotary ဖောင်ဒေးရှင်းသို့ ပြီးခဲ့တဲ့ ဇူလိုင်လအတွင်း အလှူငွေ ဝမ်သန်း ၁၀၀ လှူဒါန်းခဲ့ကြောင်း အဆိုပါ ဖောင်ဒေးရှင်းဘက်က လတ်တလောမှာ ထုတ်ပြန်ခဲ့ပါတယ်။ ဂျီမင်းက လှူဒါန်းမှုတွေကို သူ့ဖခင်အမည်နဲ့ လှူဒါန်းခဲ့တာဖြစ်ပြီး Rotary ဖောင်ဒေးရှင်းက အလှူငွေကောက်ခံရရှိမှုများကို လာမယ့် အောက်တိုဘာ ၂၄ ရက်မှာ ကျရောက်မယ့် ကမ္ဘာ့ပိုလီယိုနေ့မှာ ထုတ်ပြန်မှာဖြစ်တယ်လို့ သိရပါတယ်။

**အေးပြည့်- စုစည်းသည်**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် ဟနိုင်ဟယ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်မှုတော်မြင်းကုသိုလ်ဝန်များတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ကြောင်းကြော်ငြာ





## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး“မူ”ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# လှိုင်မြို့နယ် လျှပ်စစ်ဓာတ်အားခွဲရုံအား ဖောက်ခွဲဖျက်ဆီးမှုနှင့် မြေနီကုန်း ရပ်ကွက်အုပ်ချုပ်ရေးမှူးကို သတ်ဖြတ်ရန်ကြံစည်သူ အကြမ်းဖက်သမား ၁၂ ဦးအား ဖောက်ခွဲရေးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

## အကြမ်းဖက်သူများ ခိုအောင်းနေထိုင်လှုပ်ရှားမှုမရှိစေရေး လုံခြုံရေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂၂**

ဩဂုတ် ၁၀ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ် အမှတ်(၆)ရပ်ကွက် (၄၄)လမ်း တိုက်အမှတ်(၁၆) သုံးလွှာ၌ ဖောက်ခွဲဖျက်ဆီးရေးပစ္စည်းများ သိုဝှက်ထားကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဝင်ရောက်ရှာဖွေရာ တိုက်ခန်းအတွင်းမှ ဝေဖြိုးအောင်၊ သီဟကောင်းဆက်နှင့် ပိုးကျော့ကျော့ခန့်တို့ကို လက်လုပ်ဗုံးမျိုးစုံ ၁၆ လုံး၊ ယမ်းပျော့ နှစ်ချောင်း၊ ဖြောက်အိုးထုပ်များ၊ ဖောက်ခွဲရေးဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့မှုဖြစ်စဉ်အား သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

**ဖမ်းဆီးရမိ**

အဆိုပါဖြစ်စဉ်တွင် ပါဝင်ခဲ့သော တရားခံများ၏ထွက်ဆိုချက်နှင့် တာဝန်သိပြည်သူများ၏ သတင်းပေးပို့ချက်များအရ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် စက်တင်ဘာ ၁၅ ရက်တွင် လသာမြို့နယ် (၆)ရပ်ကွက် (၂၂)လမ်း တိုက်အမှတ် (၃၆)ခြောက်လွှာအား ဝင်ရောက်ရှာဖွေခဲ့ရာ **သော်ဇင်စိုး၊ ကျော်နိုင်အောင်(ခ) အဓဲနှင့် မင်းဖြိုးသော်**တို့ သုံးဦးကို လက်လုပ်သေနတ် နှစ်လက်၊ ၉ မမ ကျည် နှစ်တောင့်၊ ရှေ့ထွက်မိုင်း တစ်လုံး၊ လက်လုပ်ဗုံးမျိုးစုံ ၁၂ လုံး၊ ကြိုးဆွဲလက်ပစ်ဗုံး တစ်လုံး၊ အသံဗုံးမျိုးစုံ ၁၆ လုံးနှင့် ဆက်စပ်ပစ္စည်း ၂၃ မျိုးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

**စာမျက်နှာ ၁၅ ကော်လံ ၁ သို့** ■



စက်တင်ဘာ ၁၅ ရက်နှင့် ၁၆ ရက်တွင် ရန်ကုန်မြို့အတွင်း ဖောက်ခွဲဖျက်ဆီးရေးလုပ်ဆောင်နေသည့် တရားခံများနှင့် ဖောက်ခွဲရေးပစ္စည်းများကို တွေ့ရစဉ်။

## ဘိုင်ယန်မြူးနစ် တိုက်စစ်မှူး လီဝန်ဒိုစကီး ဥရောပရွှေဖိနပ်ဆု ဆွတ်ခူး



ဂျာမန်ဘွန်ဒက်လီဂါကလပ် ဘိုင်ယန်မြူးနစ်အသင်းရဲ့ အားထားရတဲ့ တိုက်စစ်မှူးတစ်ဦးဖြစ်တဲ့ လီဝန်ဒိုစကီးဟာ ပြီးခဲ့တဲ့ဘောလုံးရာသီက ဘိုင်ယန်မြူးနစ်အသင်းနဲ့အတူ ဘွန်ဒက်လီဂါသွင်းဂိုး စုစုပေါင်း ၄၁ ဂိုးအထိ သွင်းယူနိုင်ခဲ့တာကြောင့် ၂၀၂၀-၂၀၂၁ ဘောလုံးရာသီရဲ့ ဥရောပရွှေဖိနပ်ဆုကို ရယူဆွတ်ခူးနိုင်ခဲ့ပြီဖြစ်ပါတယ်။

အခုပေးအပ်ချီးမြှင့်တဲ့ ဥရောပရွှေဖိနပ်ဆုဟာ ဥရောပတစ်ဝန်းမှာ

**စာမျက်နှာ ၂၃ ကော်လံ ၅ သို့** ❖

## ဆူဇူကီးဖလားပြိုင်ပွဲတွင် မြန်မာနှင့် စင်ကာပူအသင်းတို့ စတင်ကစားရမည်

**ရန်ကုန် စက်တင်ဘာ ၂၂**

အာဆီယံဘောလုံးအဖွဲ့ချုပ်သည် ၂၀၂၀ အာဆီယံဆူဇူကီးဖလားပြိုင်ပွဲ အုပ်စုပွဲစဉ်များ ထုတ်ပြန်လိုက်ပြီဖြစ်ရာ မြန်မာအသင်းသည် စင်ကာပူအသင်းနှင့် စတင်ကစားရမည်ဖြစ်သည်။

ယင်းပြိုင်ပွဲအတွက် အုပ်စုမဲခွဲပွဲကို စက်တင်ဘာ ၂၁ ရက်က ပြုလုပ်ခဲ့ပြီးနောက် အာဆီယံဘောလုံးအဖွဲ့ချုပ်က ပွဲစဉ်များ အတည်ပြုထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ အုပ်စုမဲခွဲမှုအရ အုပ်စု (A) တွင် ထိုင်း၊ မြန်မာ၊

**စာမျက်နှာ ၂၃ ကော်လံ ၁ သို့** ❍


**တစ်ဖက်သတ်အမြင်၊ တစ်ဖက်သတ်အတွေးဖြင့် အမှန်တရားနှင့်ဝေးသူတွေ** ဆောင်းပါး စာမျက်နှာ ၈

**ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကျန်းမာရေးစည်းကမ်းများ လိုက်နာမှု ရှိ၊ မရှိ စက်ရုပ်များဖြင့် စစ်ဆေးရန် စင်ကာပူ စမ်းသပ်ဆောင်ရွက်** စာမျက်နှာ ၁၂

**ကိုဗစ်-၁၉ ရောဂါကာလအတွင်း နိုင်ငံတော်၏ လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများတွင် အားဖြည့်ဆောင်ရွက်ပေးလျက်ရှိသည့် လူမှုဖူလုံရေးလုပ်ငန်းများအကြောင်း တစေ့တစောင်း** ဆောင်းပါး စာမျက်နှာ ၁၆

**ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၈၁၈ ဦး တွေ့ရှိ၊ ယနေ့အထိ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း ၄၅၁၆၆၃ ဦးရှိ** စာမျက်နှာ ၂၂